# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပေါင်းလဆန်း (၅) ရက် ၊ စနေနေ့ ၊ (25-2-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၀၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေး လုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၂၆၁၁)နှစ်မြောက် ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်ကြီး ဖွင့်ပွဲအခမ်းအနားနှင့် နှစ်ကျိပ်ရှစ်ဆူ ဘုရား လှည့်လည်ပူဇော်ပွဲကျင်းပ**

စာမျက်နှာ - ၁၉

**ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်းနှင့် OWIC လျှောက်ထားခြင်းများနှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေးကြေညာ**

စာမျက်နှာ - ၂၂

**မကွေးမြို့နယ် သမန်းတောကျေးရွာအတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်**

စာမျက်နှာ - ၁၉

# ဧရာဝတီတိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများတည်ရှိရာနှင့် ဆင်စခန်းနေရာများကို ခရီးစဉ်နေရာသစ်များအဖြစ် ဖော်ထုတ်သွားရန် စီစဉ်ဆောင်ရွက်သွားမည်



**ပုသိမ် ဖေဖော်ဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများတည်ရှိရာနှင့် ဆင်စခန်းနေရာများကို ခရီးစဉ်နေရာသစ်များအဖြစ် ဖော်ထုတ်သွားရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း ငွေဆောင်ဇုန်မှ ဗဟိုအလုပ်အမှုဆောင် ဦးအောင်မိုးကျော်က ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ကမ်းခြေများသို့ အပန်းဖြေရန် ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လေ့ရှိသည့်အပြင် ငါးမွေးမြူရေးလုပ်ငန်းများနှင့် ဆင်စခန်းများသို့လည်း လေ့လာလည်ပတ်သူများရှိလာသည့်အတွက် အဆိုပါနေရာများကို ခရီးသွားများ ပိုမိုလာရောက်လည်ပတ်နိုင်ရေးခရီးစဉ်နေရာသစ်များအဖြစ် ဖော်ထုတ်သွားရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် တိုင်းဒေသကြီးမြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ 

စာမျက်နှာ ၁၆ ကော်လံ ၁ သို့




ရတနာပုံ
၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်
အယ်ဒီတာ့အာဘော်

## လူငယ်များ၏စိတ်ဓာတ်နှင့် အတွေးအခေါ်များကို မြှင့်တင်

မျိုးဆက်သစ်လူငယ်များသည် နိုင်ငံ၏အင်အား၊ နိုင်ငံ၏စွမ်းအား၊ နိုင်ငံ၏အရင်းအမြစ်များပင်ဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များ၏စွမ်းအား၊ လူငယ်များ၏အခန်းကဏ္ဍ၊ လူငယ်များ၏စိတ်ဓာတ်နှင့် မှန်ကန်သည့်အတွေးအခေါ်များကို မြှင့်တင်ပေးကြရမည်ဖြစ်သည်။ နိုင်ငံတော်၏အနာဂတ်သည် ယနေ့မျိုးဆက်သစ်လူငယ်များအပေါ်တွင် တည်မှီနေပေသည်။

မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတော်အတွက် ကြီးမားလှသည့်စွမ်းအားအရင်းအမြစ်များဖြစ်သည်သာမက နိုင်ငံတော်ကြီးကို လက်ဆင့်ကမ်းလွှဲပြောင်းရယူကာ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် ကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုများအတွက် အဆင်သင့်ဖြစ်နေစေရန် လိုအပ်ပေသည်။

ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးစာကြည့်တိုက်များကို ပြည်သူများ အမှန်တကယ်ရင်းနှီးကျွမ်းဝင်ပြီး ဝင်ထွက်သွားလာနိုင်သည့်နေရာများအဖြစ်လည်းကောင်း၊ ပြည်သူများ အသိပညာဆည်းပူးရာနေရာ၊ သတင်းအချက်အလက်ရယူရာနေရာများအဖြစ်လည်းကောင်း ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် လူထုအခြေပြုဗဟိုဌာနများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

လူထုအခြေပြုဗဟိုဌာနများတွင် အသိပညာပေးလုပ်ငန်းများဖြစ်သည့် စာဖတ်ဝိုင်းများ၊ ဟောပြောပွဲများ၊ ပြိုင်ပွဲများ၊ ပြပွဲများ၊ သင်တန်းများ၊ ဆွေးနွေးပွဲများ၊ နံရံကပ်စာစောင်ပြပွဲများ စသည်တို့ကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးနေခြင်းသည် အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် အခြေခံအခွင့်လမ်းကောင်းများ၊ လူငယ်များ၏အိပ်မက်များကို အကောင်အထည်ဖော် ရင်ဆိုင်ကျော်လွှားနိုင်မည့်လမ်းစများ ဖွင့်လှစ်ပေးနေခြင်းပင်ဖြစ်ပေသည်။

ကမ္ဘာ့နိုင်ငံအသီးသီးကိုကြည့်မည်ဆိုပါကလည်း အနာဂတ်လူ့အဖွဲ့အစည်းဖွံ့ဖြိုးသာယာလှပစေရေးအတွက် အနာဂတ်၏မျိုးဆက်သစ်များကို Social Capital ဟုခေါ်သည့် လူမှုအရင်းအမြစ်များနှင့် Intellectual Capital ဟုခေါ်သည့် ဉာဏအရင်းအမြစ်များ အပြိုင်အဆိုင်ပြုစုပျိုးထောင်နေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်အနေဖြင့် မျိုးဆက်သစ်လူငယ်များကို နိုင်ငံ၏ကဏ္ဍပေါင်းစုံတွင် ပါဝင်နိုင်စေရန် လက်တွဲခေါ်၍ ပျိုးထောင်ပေးလျက်ရှိသည်ကို တွေ့ရသည်။ အထူးသဖြင့် လူငယ်များအတွက် ကြီးမားသည့်အနာဂတ်ကောင်းများ ရရှိလာအောင် ဖော်ဆောင်ပေးနေခြင်းဖြစ်သည်။ ထို့ကြောင့် လူငယ်များသည် ပြည်သူများ၏အကျိုးအတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်အသီးသီးတို့တွင် တက်ကြွစွာ ပါဝင်ကြိုးပမ်းဆောင်ရွက်လာကြသည်ကို တွေ့ရပေသည်။

သို့ဖြစ်ရာ ယနေ့လူငယ် နောင်ဝယ်လူကြီး ဆိုသည့်စကားအတိုင်း ယနေ့မျိုးဆက်သစ်လူငယ်များသည် အနာဂတ်နိုင်ငံတော်ကြီးကို လွှဲပြောင်းရယူ၍ ဆက်လက်တည်ဆောက်ကြရမည့်သူများဖြစ်သည်။ ထို့ကြောင့် လူငယ်များ၏စွမ်းအား၊ စိတ်ဓာတ်နှင့် မှန်ကန်သည့်အတွေးအခေါ်များကို မြှင့်တင်ပေးကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ရှားပါးလာသည့် ငါးပတ်မျိုးစိတ်ကို မျိုးစိုက်ထည့်နိုင်ရေးအတွက် သုတေသနပြုစမ်းသပ်သားဖောက်ထားမှု အောင်မြင်ဟုဆို



**မန္တလေး ဖေဖော်ဝါရီ ၂၄**

မြန်မာနိုင်ငံတွင် ရှားပါးလာသည့် တိုင်းရင်းငါးတစ်မျိုးဖြစ်သော ငါးပတ်မျိုးစိတ်ကို မျိုးစိုက်ထည့်နိုင်ရေးအတွက် သုတေသနပြုစမ်းသပ် သားဖောက်ထားမှု အောင်မြင်ကြောင်း မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်းမှ တာဝန်ခံဦးစီးအရာရှိ ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ ရှားပါးလာသည့် တိုင်းရင်းငါးတစ်မျိုးဖြစ်သော ငါးပတ်ကို သားဖောက်ရန်အတွက် ၂၀၁၈ ခုနှစ်မှစပြီး ငါးပတ်သားပေါက်များကို စုဆောင်းခဲ့ကြောင်း၊ ထိုသို့စုဆောင်းခဲ့ရာ ၂၀၂၂ ခုနှစ်အတွင်း ငါးသားဖောက်ရန် သက်တမ်းပြည့်ပြီဖြစ်သည့်အတွက် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတို့က ငါးပတ်ငါးမျိုးအကောင်ရေ ၂၀၀၀၀ ကို စမ်းသပ်သားဖောက်ခဲ့ရာ လက်ရှိအချိန်တွင် သားဖောက်မှု အောင်မြင်နေပြီဖြစ်ကြောင်း၊ အောင်မြင်နေသည့် ငါးမျိုးများကို စုဆောင်း၍ ဆက်လက်သားဖောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"သရက်ကုန်းငါးလုပ်ငန်းစခန်းမှာ ရှားပါးလာတဲ့ တိုင်းရင်းငါးတစ်မျိုးဖြစ်တဲ့ ငါးပတ်ကို သုတေသနပြုပြီး စမ်းသပ်သားဖောက်ခဲ့တာ အခုဆိုအောင်မြင်နေပါပြီ။ ဒီငါးပတ်မျိုးကိုတော့ မြန်မာနိုင်ငံမှာ သရက်ကုန်းငါးလုပ်ငန်းစခန်းက စတင်ပြီးတော့ သားဖောက်တာပါ။ ငါးပတ်က ပြည်သူတွေကြိုက်တဲ့ငါးမျိုးထဲမှာ ပါတယ်။ ဌာနအနေနဲ့ ငါးတွေကို သားဖောက်ပြီး မျိုးစိုက်ထည့်နေတဲ့အပြင် သဘာဝရေပြင် မြစ်၊ ချောင်း၊ အင်း၊ အိုင် ထဲမှာရှိတဲ့ သဘာဝတိုင်းရင်းငါးမျိုးတွေကိုလဲ စမ်းသပ်သားဖောက်ပြီး ထုတ်လုပ်သွားနိုင်ဖို့အတွက် ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်နေတာပါ။ သက်တမ်းသုံးနှစ်ပြည့်ရင် စမ်းသပ်သားဖောက်ပါတယ်။ အရင်နှစ် ဇွန်လပိုင်းက သားဖောက်ခဲ့တာပါ။ အခုဆိုရင် ၃၀ ကျပ်သားလောက် ရှိနေပါပြီ။ ရရှိလာတဲ့ ငါးပတ်မျိုးတွေကို မျိုးငါးအဖြစ်မွေးမြူသွားပြီး ဆက်လက်သားဖောက်သွားမှာပါ။ များလာရင် မျိုးစိုက်ထည့်ပေးသွားမှာပါ"ဟု ဦးထွန်းနောင်ဝင်းက ပြောပြသည်။

သရက်ကုန်းငါးလုပ်ငန်းစခန်းအနေဖြင့် ငါးမျိုးစိတ် ၁၀ မျိုးကို သားဖောက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၎င်းငါးမျိုးစိတ် ၁၀ မျိုးမှာ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ မြက်စားငါးကြင်း၊ ငွေရောင်ငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ ငါးသိုင်းခေါင်းပွ၊ ရေချိုငါးမုန့်၊ ငါးကြင်းဖြူ၊ တီလားပီးယားငါးမျိုးများဖြစ်ကြောင်း၊ တိုင်းရင်းငါးမျိုးဖြစ်သည့် ငါးပတ်မျိုးကိုလည်း ၂၀၂၂ ခုနှစ်မှစ၍ စမ်းသပ်သားဖောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (၁၈၅)

## မန္တလေးမြို့တွင်း ပြေးဆွဲနေသည့် လိုင်းကားများဖြင့် ခရီးသည်လိုက်ပါစီးနင်းမှု တစ်ရက်လျှင် ဦးရေ ၆၀၀ ကျော်ထိရှိ

**မန္တလေး ဖေဖော်ဝါရီ ၂၄**

မန္တလေးမြို့တွင်း လမ်းကြောင်းများသို့ ပြေးဆွဲနေသည့် လိုင်းကားများဖြင့် ခရီးသည် လိုက်ပါစီးနင်းမှု တစ်ရက်လျှင်ဦးရေ ၆၀၀ ကျော်ထိ ရှိလာကြောင်း အမှတ် (၁၊ ၂၊ ၃) ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမြငွေက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင်း ခရီးသွားများ အဆင်ပြေစေရန်အတွက် လိုင်းကားများဖြင့် ပုံမှန်အတိုင်း ပြေးဆွဲပေးလျက်ရှိကြောင်း၊ ယခုအခါ မန္တလေးမြို့တွင်းလမ်းကြောင်းများသို့ အမှတ်(၁၊ ၂၊ ၃)လိုင်းကားများဖြင့် ခရီးသည်လိုက်ပါစီးနင်းမှုများပြားလျက်ရှိကြောင်း သိရသည်။

"အခုလတ်တလော မန္တလေးမြို့မှာက လိုင်းကားတွေပေါ်မှာ လိုက်ပါစီးနင်းမှုအများဆုံးကတော့ အခြေခံလူတန်းစားတွေ အများဆုံးပါ။ နယ်ကနေလာပြီး ဘုရားဖူးမဲ့ ခရီးသည်တွေ အခုလတ်တလော တော်တော်လေးများလာပါတယ်" ဟု ဦးမြငွေက ပြောပြသည်။

မန္တလေးမြို့တွင်း မဟာမုနိရုပ်ရှင်တော်၊ ဈေးချိုတော်၊ ကုသိုလ်တော်ဘုရား၊ ရွှေကျောင်းကြီး၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ မန္တလေးဆိပ်ကမ်း စသည့် လမ်းကြောင်းများသို့ အမှတ် (၁၊ ၂၊ ၃) လိုင်းကားများဖြင့် လိုက်ပါစီးနင်းသည့် ခရီးသည်မှာ ဖေဖော်ဝါရီလ ပထမပတ်က တစ်ရက်လျှင် ဦးရေ ၄၀၀ ကျော်သာ ရှိခဲ့သော်လည်း ဖေဖော်ဝါရီလ ဒုတိယပတ်မှစ၍ လိုက်ပါစီးနင်းသည့် ခရီးသည်မှာ တစ်ရက်လျှင် ဦးရေ ၆၀၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

"အခုလတ်တလော မန္တလေးမြို့တွင်း လိုက်ပါစီးနင်းမှုအများဆုံး လမ်းကြောင်းကတော့ မန္တလေး ဈေးချို၊ကုသိုလ်တော်ဘုရားဘက်ကို ပြေးဆွဲနေတဲ့ လိုင်းကားတွေမှာ ခရီးသည်လိုက်ပါစီးနင်းမှု တော်တော်လေးများတယ်။ တချို့ကျတော့လဲ ဈေးရောင်းတဲ့ခရီးသည်တွေအပြင် အခြားနယ်ဝေးဒေသက လာတဲ့ခရီးသည်တွေလဲ လိုက်ပါစီးနင်းမှုတွေရှိပါတယ်"ဟု အမှတ် (၁၊ ၂၊ ၃)ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမြငွေက ပြောပြ၍ သိရသည်။ (၁၈၄)

## တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဖေဖော်ဝါရီ ၂၄**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း တန်ဖိုးနည်း အကွက်ရိုက်မြေကွက်များ အရစ်ကျစနစ်ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ငှားရမ်းနေထိုင်လိုမှုများလည်း မြင့်တက်နေကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

အကွက်ရိုက်မြေကွက်များသည် မြေတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းပေးချေပြီး ကျန်ငွေကို အရစ်ကျစနစ်ဖြင့် ရောင်းဝယ်နေခြင်းဖြစ်ကြောင်း၊ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"အခုက တန်ဖိုးနည်း အကွက်ရိုက်မြေကွက်တွေ အရောင်းအဝယ်ဖြစ်နေတာပါ။ တော်တော်များများကတော့ အကွက်ရိုက်မြေကွက်တွေကို လာဝယ်ပြီး ချက်ချင်းဆောက်နေကြတာ။ စရန်ချ အိမ်ဆောက်နေ ကျန်တာအရစ်ကျဆိုတော့ အဆင်ပြေကြတယ်လေ။ အိမ်ငှားတွေလဲ သွက်လာပါတယ်"ဟု ပုသိမ်ကြီးမြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးညိုဝင်းက ပြောပြသည်။

ငှားရမ်းမှုများတွင် ယခင်က ဈေးနှုန်းအသင့်အတင့်သာရှိခဲ့ရာမှ အပြိုင်အဆိုင် ငှားရမ်းလာခြင်းကြောင့် ဈေးနှုန်းများမြင့်တက်လာပြီး တစ်လလျှင် ငွေကျပ် ငါးသောင်းမှ တစ်သိန်းခန့် ဈေးတန်းရှိ အိမ်ခန်းများ၊ လုံးချင်းနေအိမ်များကို ငှားရမ်းမှု အများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ အောင်ပင်လယ်နှင့် ထန်းကိုးပင်အနီး အကွက်များမှာ ငွေကျပ်သိန်း ၁၂၀၀ မှ သိန်း ၃၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက် ဈေးရှိကြောင်း အိမ်ခြံမြေ အရောင်းအဝယ်လုပ်ကိုင်သူများထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အမ်းမြို့နယ် ကမ်းဒိတ်ကျေးရွာ၌ ရေစုကန်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**အမ်း ဖေဖော်ဝါရီ ၂၄**

ရခိုင်ပြည်နယ် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သောက်သုံးရေဖူလုံစွာ ရရှိစေရန်ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၄ သန်းဖြင့် ကမ်းဒိတ်ကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ကမ်းဒိတ်ကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းနှင့် ရေပိုက်လဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများကိုမှာကြားသည်။

အမ်းမြို့နယ် ကမ်းဒိတ်ကျေးရွာ၌ အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ခြောက်ပေရှိ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းနှင့် ပေ ၅၂၈၀ ရေပိုက်လဲလှယ်ခြင်း လုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၄ သန်းအသုံးပြု၍ အမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ကမ်းဒိတ်ကျေးရွာရှိ အိမ်ခြေ ၈၂ အိမ်၊ လူ ၃၇၇ ဦးတို့ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိနေပြီဖြစ်ကြောင်း အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက ပြော၍ သိရသည်။

**ကိုသန်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မဝိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ မြို့သစ်နေ ဒေါ်စင်ငွေး၊ ဒေါ်ရီရီမြတ်မိသားစုက နှစ်ဖက်မိဘများနှင့် အစ်ကိုကြီး၊ အစ်မကြီးတို့အားရည်စူး၍ ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ယာယီ ဆေးရုံအုပ် ဒေါက်တာ ဒေါ်ရီရီမြင့်က လက်ခံရယူစဉ်။

# လက်ပံတန်းမြို့နယ် ဦးရွှေနှစ်စုကျေးရွာ၌ ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လက်ပံတန်း ဖေဖော်ဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဦးရွှေနှစ်စုကျေးရွာ၌ ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးနှင့် ဝန်ထမ်းများက ကော်မတီဝင်များနှင့်အတူ ဦးရွှေနှစ်စုကျေးရွာ၌ ဂဝံမြေနီလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားသည်။

ဦးရွှေနှစ်စုကျေးရွာ၌ လမ်းအရှည်ပေ ၂၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေနီလမ်းခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၇ ဒသမ ၅ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ဦးရွှေနှစ်စုကျေးရွာရှိ အိမ်ခြေ ၁၈၇ အိမ်၊ လူ ၇၇၈ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး လယ်ယာမြေကေများမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးက ပြောပြ၍ သိရသည်။

**သန္တာ**

# ကချင်ပြည်နယ်မှ တစ်သျှူးငှက်ပျောများကို ကံပိုင်တည်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့သည့် ကုန်တင်ကားအစီးရေ ပြန်လည်များပြားလာ



**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၄**

ကချင်ပြည်နယ်အတွင်းမှထွက်ရှိသည့် တစ်သျှူးငှက်ပျောများကို ကံပိုင်တည်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့သည့် ကုန်တင်ကားအစီးရေ ပြန်လည်များပြားလာကြောင်း ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တူးက ပြောပြ၍ သိရသည်။

ကချင်ပြည်နယ်အတွင်း၌အဓိကထားစိုက်ပျိုးသည့် တစ်သျှူးငှက်ပျောများကို ယခုလက်ရှိတွင် တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့မှုများပြားလာကြောင်း၊ ဖေဖော်ဝါရီလ ပထမပတ်က တစ်သျှူးငှက်ပျောတင်ပို့သည့် ကုန်တင်ကားအစီးရေ အနည်းငယ်သာ ရှိခဲ့သော်လည်း ယခုလက်ရှိတွင် တစ်သျှူးငှက်ပျောတင်ပို့သည့် ကုန်တင်ကားအစီးရေ များပြားလာကြောင်း သိရသည်။

"အခု ကချင်ပြည်နယ်ကထွက်တဲ့ တစ်သျှူးငှက်ပျောတွေကိုတော့ ၁၂ ဘီးကားနဲ့ ကံပိုင်တည်နယ်စပ်ဂိတ်ကနေ တရုတ်နိုင်ငံကိုတင်ပို့တာနည်းတယ်။ ၂၂ ဘီးကားတွေနဲ့ပဲ တစ်သျှူးငှက်ပျောတွေကို အဓိကထားတင်ပို့နေကြတယ်"ဟု ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တူးက ပြောပြသည်။

ကချင်ပြည်နယ်အတွင်းမှထွက်ရှိသည့် တစ်သျှူးငှက်ပျောများကို ကံပိုင်တည်နယ်စပ်ဂိတ်မှတစ်ဆင့် တင်ပို့သည့် ကုန်တင်ကားအစီးရေ ဖေဖော်ဝါရီလ ပထမပတ်က အစီးရေ ၁၂၀ ကျော်သာ ရှိခဲ့သော်လည်း ဖေဖော်ဝါရီလ တတိယပတ်မှစ၍ တစ်သျှူးငှက်ပျောတင်ပို့သည့် ကုန်တင်ကားအစီးရေ ၂၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

တစ်သျှူးငှက်ပျောများကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့၏ တစ်ဖက်ကမ်း ဝိုင်းမော်၊ မိုးမောက်နှင့် ဗန်းမော်မြို့နယ်တို့တွင် ၂၀၀၆ ခုနှစ်ကတည်းကစ၍ စိုက်ပျိုးလာခဲ့ကြကြောင်း သိရသည်။

(၁၈၄)

# သပိတ်ကျင်းမြို့နယ် ဝါးရုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေး

**သပိတ်ကျင်း ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာစေရန်ရည်ရွယ်၍ ဝါးရုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၉၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ဝါးရုံကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၄၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၂၆၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၉၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**



# ဆေးဖက်ဝင်အပင်များနှင့် အဓိကပျောက်ကင်းနိုင်သောရောဂါများ(၄၃)

**ကြည်လွင်မြင့်(မုံရွာ)**



**ပဒိုင်း**

အင်္ဂလိပ်အမည် - Devil's apple, Thorn apple, Stramonium

မျိုးရင်း - Solanaceae(ခရမ်းမျိုးရင်း)

ရုက္ခဗေဒအမည် - Daturastramonium Linn.

**အဓိကဆေးဖက်ဝင်ပုံ**

ပဒိုင်းသည် ရင်ကျပ်ရောဂါ၊ ခွေးရူးပြန်ရောဂါ၊ ညောင်းကျရောဂါ၊ သားမြတ်အကျိတ်ရောဂါ၊ အမျိုးသမီးဓမ္မတာလာစဉ်ကိုက်ခဲရောဂါ၊ ပန်းနာရောဂါ၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါ၊ သွားနာသွားကိုက်ရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။ အစေ့နှင့် အမြစ်ကို ကာမအားတိုးဆေးအဖြစ် အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံတစ်ဝန်းတွင် သဘာဝအလျောက် ပေါက်ရောက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အရွက်၊ အစေ့၊ အမြစ်

**အပင်ပုံသဏ္ဌာန်**

အပင်။ ။ အပင်သည် နှစ်ရှည်ခံအပင်ငယ်မျိုးဖြစ်သည်။ သုံးပေထိမြင့်သည်။ အကိုင်း၊ ပင်စည်နှင့် ရိုးတံများ ခရမ်းညိုရောင်ရှိသည်။ အကိုင်းဖြာထွက်သည်။

❖ ပဒိုင်းသည် ရင်ကျပ်ရောဂါ၊ ခွေးရူးပြန်ရောဂါ၊ ညောင်းကျရောဂါ၊ သားမြတ်အကျိတ်ရောဂါ၊ အမျိုးသမီးဓမ္မတာလာစဉ်ကိုက်ခဲရောဂါ၊ ပန်းနာရောဂါ၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါ၊ သွားနာသွားကိုက်ရောဂါများ အတွက် ဆေးဖက်ဝင်အသုံးပြုသည်။ ❖

အရွက်။ ။ အရွက်သည် ရွက်လွှဲထွက်သည်။ အရင်းပိုင်းကျယ်ပြီး အဖျားပိုင်းရှူး၍ ချွန်သွယ်သွားသည်။ ရွက်ရင်းမညီညာ။ တစ်ဖက်တိုတစ်ဖက်ရှည်ဖြစ်နေ၏။ ရွက်ညာရှည်သည်။ ခရမ်းနုရောင်ရှိသည်။ ရွက်ကြောထင်ရှားသည်။ ရွက်နားတွန့်၏။

အပွင့်။ ။ အပွင့်သည် ခေါင်းလောင်းပုံသဏ္ဌာန်ရှိသည်။ အပွင့်ကြီးသည်။ အတွင်းသားဖြူ၍ အဖျားခရမ်းညိုရောင်ရှိသည်။ တစ်ပွင့်ချင်းပွင့်သည်။ အချို့မျိုးကွဲများတွင် အပွင့်များ သုံးထပ်ထိ တွေ့ရှိရသည်။ ကဆုန်၊ နယုန်လတွင်ပွင့်သည်။

အသီး။ ။ အသီးသည် တစ်လုံးချင်းသီးသည်။ အချင်း တစ်လက်မမှ နှစ်လက်မထိရှိသည်။ အသီးပေါ်တွင် ဆူးနုကလေးများရှိသည်။ အစေ့မှာ အနက်ရောင်ရှိသည်။

**ဆေးကျမ်းများအဆို**

ပဒိုင်းကို ဆေးမင်းရာဇာဟုလည်း ခေါ်သည်။ ထိုင်းမှိုင်းမူးဝေပြီး စိတ်ကိုပြောင်းလဲစေသော သတ္တိရှိ၍ ပန်းထိုင်း၊ ပတိုင်း၊ ပဒိုင်းဟု အဆင့်ဆင့်ပြောင်းလဲခေါ်ဝေါ်ကြသည်။ ပါဠိအမည်မှာ ဥမ္မတ္တက၊ မာတုလဟု တွေ့ရသည်။

**ပဒိုင်း၏ဂုဏ်နှင့်စွမ်းရည်**

ပဒိုင်း၏ ဂုဏ်နှင့်စွမ်းရည်မှာ ခါး၏။ သက်၏။ စူးရှ၏။ ပူ၏။ အားကိုတိုးစေ၏။ မူးယစ်စေတတ်၏။ အဖျားရောဂါကို ပယ်၏။ နူနာ၊ ပိုးနာတို့ကိုနိုင်၏။ သန်ကို ကျစေတတ်၏။ ကိုယ်ရေပြားရောဂါ၊ မြင်းသရိုက်နာ၊ အဆုတ်ပွရောင်နာတို့ကို ပျောက်ကင်းစေ၏။ လေကိုအထူးနိုင်၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ ပန်းနာရင်ကျပ်ရောဂါဖြစ်လျှင် ပဒိုင်းရွက်ခြောက်ကို ဆေးပေါ့လိပ်တွင်ထည့်ပြီး သောက်ပေးခြင်း၊ အငွေ့ရှူပေးခြင်းဖြင့် သက်သာစေနိုင်သည်။

၂။ အမျိုးသမီးများ သားမြတ်တွင် အကျိတ်အဖုဖြစ်လျှင် ပဒိုင်းရွက်ကို နနွင်းနှင့်ကြိတ်ပြီး အုံပေးပါက အကျိတ်အဖုများ နုလျှင်ကြေ၊ ရင့်လျှင်ပေါက်နိုင်သည်။

၃။ အဆစ်ရောင်ရောဂါနှင့် အဆစ်အမျက်ကိုက်ခဲပါက ပဒိုင်းရွက်ကို မီးကင်ပြီး ကပ်ပေးပါ။

၄။ သွားနာခြင်း၊ သွားကိုက်ခြင်းဖြစ်ပါက အဆိပ်သုတ်သင်ပြီးသော ပဒိုင်းစေ့ကိုကြိတ်ပြီး သွားတွင်သိပ်ပေးပါက သွားနာ၊ သွားကိုက်သက်သာစေနိုင်သည်။

၅။ ခေါင်းကိုက်၊ မျက်ရိုးကိုက်၊ ခါးကိုက်ဝေဒနာများဖြစ်လျှင် အဆိပ်သုတ်သင်ပြီးသော ပဒိုင်းစေ့ကို အမှုန့်ပြုလုပ်၍ နှမ်းဆီနှင့်ချက်ပြီး လိမ်းပေးပါက သက်သာစေနိုင်သည်။

၆။ အမျိုးသမီးများ ဓမ္မတာလစဉ် ကိုက်ခဲခြင်းဝေဒနာဖြစ်ပါက ပဒိုင်းရွက်ကို မီးကင်ပြီး ဆီးခုံပေါ်တွင် ကပ်ပေးခြင်း၊ နှမ်းဆီနှင့် ချက်ထားသော ပဒိုင်းစေ့အဆီကို ဆီးခုံပေါ်တွင် လိမ်းပေးခြင်းဖြင့်သက်သာစေနိုင်သည်။

၇။ ချောင်းဆိုးရင်ကျပ်ရောဂါဖြစ်လျှင် ပဒိုင်းသီးကို ပြာချပြီး ဆားပုပ်နှင့်ဆတူရောစပ်ကာ အမှုန့် နှစ်ရွေးသားခန့်ကို သံပရာရည်၊ ရှောက်ရည်ဖြင့် ရောစပ်သောက်သုံးခြင်းဖြင့် သက်သာစေနိုင်သည်။

၈။ ခွေးရူးပြန်ရောဂါကုဆေးအဖြစ် ဆေးကျမ်းများတွင် ဖော်ပြထားရာ ခွေးရူးဆိပ်ဖြေဆေးအဖြစ် ပဒိုင်းမြစ်ကို ဆန်ဆေးရည်နှင့် သွေးတိုက်ပြီး အမဲခြောက်ဖုတ်ကျွေး၍ ကုသသည်ကို တွေ့ရှိရသည်။

၉။ အရူးရောဂါကုထုံးတွင် ပဒိုင်းပင်ကိုပေါင်းချွေးခံပြီးရရှိသော ပေါင်းချွေးရည်ကို တစ်စက်၊ နှစ်စက် မျက်စဉ်းခတ်ပေးခြင်း၊ သည်းခြေဆေးနှင့်ရော၍ တိုက်ကျွေးခြင်းဖြင့် ကုသသည်ကို တွေ့ရသည်။ သမားကိုင်ဆေးများဖြစ်၍ အရပ်သုံးဆေးနည်းတိုအဖြစ် ပဒိုင်းကို မသုံးစွဲသင့်ပါ။

**ပတဲကောကြီး**

အင်္ဂလိပ်အမည် - Greater Galangal

မျိုးရင်း - Zingiberaceae(ချင်းမျိုးရင်း)

ရုက္ခဗေဒအမည် - Alpinia Galanga Wild, A. Conchigera Griff.

**အဓိကဆေးဖက်ဝင်ပုံ**

ပတဲကောသည် အစာမကြေရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ပန်းနာရောဂါ၊ ဆီးချုပ်ရောဂါ၊ ချောင်းဆိုးရောဂါ၊ ရင်ဘတ်နာရောဂါ၊ နှလုံးရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံ အနှံ့အပြားတွင် သဘာဝအလျောက် ပေါက်ရောက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အမြစ်ဥ၊ ဥတက်

**အပင်ပုံသဏ္ဌာန်**

အပင် ။ ။ အပင်သည် အမြစိမ်းအပင်ငယ်မျိုးဖြစ်သည်။ အမြင့် ငါးပေမှ ရှစ်ပေထိမြင့်သည်။ ရွက်ယောင်ပင်စည်ဖြစ်ပြီး ထောင်မတ်၍ ပေါက်သည်။ ပင်စည်လုံးမာ၍ ချောမွေ့သည်။

အရွက် ။ ။ အရွက်သည် ပင်စည်လုံးကို ပတ်၍ ရွက်လွှဲထွက်သည်။ အလျား တစ်ပေမှ နှစ်ပေထိရှိသည်။ ရွက်ပြားကျဉ်း၍ ရွက်ရင်းဝိုင်းသည်။ သို့မဟုတ် သွယ်ပြီး ရွက်ထိပ်သို့ချွန်သွားသည်။ ဂုံမင်းရွက်နှင့်တူသည်။ ရွက်ညာတိုသည်။ ရွက်လယ်ကြော ထင်ရှား၍ မြောင်းပါသည်။ အရွက်မျက်နှာပြင် နှစ်ဖက်လုံး ချောမွေ့ပြီး ရွက်နားညီသည်။

❖ ပတဲကောသည် အစာမကြေရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ပန်းနာရောဂါ၊ ဆီးချုပ်ရောဂါ၊ ချောင်းဆိုးရောဂါ၊ ရင်ဘတ်နာရောဂါ၊ နှလုံးရောဂါများ အတွက် ဆေးဖက်ဝင်အသုံးပြုသည်။ ❖

အပွင့်။ ။ အပွင့်သည် သေးငယ်ပြီး အဖြူရောင်တွင် နီညိုအစင်းကလေးများရှိသည်။

အမြစ်ဥ။ ။ ဥသဏ္ဌာန်ဖြစ်ပြီး နနွင်းတက်နှင့်တူသည်။ အမြေးဖတ်များဖြင့် ဖုံးအုပ်ထားသည်။ မြစ်မွှေးနည်းသည်။

**ပတဲကောကြီး၏ဂုဏ်နှင့်စွမ်းရည်**

ပတဲကောကြီး၏ ဂုဏ်နှင့်စွမ်းရည်မှာ ပူ၊ ခါး၊ စပ်အရသာရှိသည်။ ပူ၍ထက်မြက်သော ဂုဏ်သတ္တိရှိသည်။ သွေးသလိပ်ကိုကြေစေ၍ အဆိပ်ကိုလည်းကောင်း၊ ရောင်ရမ်းသောအနာကိုလည်းကောင်း နိုင်သောသတ္တိရှိသည်။ ဝမ်းမီးကို တောက်စေသည်။ နှလုံးကို အကျိုးပြုသည်။ နှုတ်ကို မြိန်စေသည်။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ အဖျားရောဂါဖြစ်လျှင် အဖျားကိုနိုင်သော အဖျားပြတ်ဆေး၊ ငန်းဆေး စသည်တို့ တိုက်ကျွေးရာတွင် ပတဲကောကြီးပြုတ်ရည်နှင့် တိုက်ပါက လျင်မြန်စွာ ဆေးအာနိသင် ထိရောက်ပျောက်ကင်းပါလိမ့်မည်။

၂။ ချောင်းဆိုးရောဂါဖြစ်လျှင် ပတဲကောကြီး အမြစ်ကို အခြောက်လှန်း အမှုန့်ပြုပြီး ချင်းစိမ်းသတ္တုရည်၊ ပျားရည်တို့နှင့်ရော၍ လျက်ပေးပါက ချောင်းဆိုးရောဂါပျောက်ကင်းစေနိုင်သည်။

၃။ အစာမကြေ၊ ဝမ်းမီးနံ့ရောဂါဖြစ်လျှင် ပတဲကောကြီး၊ ချင်းခြောက်၊ သိန္ဓောဆားတို့ကို ဆတူစပ်၍ အမှုန့်ပြုပြီးသောက်ခဲ့သော် ဝမ်းမီးနံ့၍ဖြစ်တတ်သော အစာမကြေရောဂါများကို ပျောက်ကင်းစေနိုင်သည်။

၄။ ရင်ဘတ်နာရောဂါဖြစ်လျှင် ပတဲကောကြီးနှင့်စမုန်ဖြူ၊ ဆားမီးဖုတ်တို့ကို အမှုန့်ပြုလုပ်၍ မကြာခဏလျက်ပေးခဲ့သော် ရင်နာ၊ ဝမ်းနာရောဂါများ ပျောက်ကင်းစေနိုင်သည်။

၅။ ဆီးအိမ်တွင် ဆီးရှိလျက် ဆီးမသွားနိုင်ဘဲ ဆီးချုပ်၊ ဆီးအောင့်ဖြစ်နေလျှင် ပတဲကောကြီးအမြစ်ကိုသွေး၍သောက်ခဲ့သော် ပျောက်ကင်းစေနိုင်သည်။

၆။ အသံဝင်ရောဂါဖြစ်လျှင် ပတဲကောကြီးအမှုန့်ကို နွယ်ချိုကဲ လျက်ဆားနှင့်ရောစပ်၍ လျက်ပေးခြင်းဖြင့် အသံပြန်ထွက်စေနိုင်သည်။

၇။ အသံကောင်းစေလိုလျှင် အသံကောင်းဆေးအဖြစ် 'သိန္ဓော၊ နွယ်ချို၊ စရို၊ ပတဲကော၊ ရှောက်၊ သံပရာလိုရာနှော အသံရွှေဥသြ" ဟူသော ဆေးနည်းအတိုင်း ဖော်စပ်သုံးစွဲခြင်းဖြင့် အသံကောင်းစေနိုင်သည်။

၈။ အကြောရောဂါများအတွက် ပတဲကောကြီးအမြစ်ကိုဖြစ်စေ၊ ပတဲကောငယ်အပင်ကိုဖြစ်စေ နှမ်းဆီ၊ မုန်ညင်းဆီနှင့်ချက်ပြီး လိမ်းပေးခြင်းဖြင့် အကြောတင်းအကြောတက်ရောဂါများ သက်သာစေနိုင်သည်။

၉။ ကလေးငယ်များ စကားပြောချိန်တန်လျက် စကားမပြောခြင်း၊ မပီသခြင်းတို့ဖြစ်လျှင် ပတဲကောကြီးအမှုန့် သို့မဟုတ် ပတဲကောငယ်အမြစ်ကိုသွေး၍ လျှာပွတ်ပေးခြင်းဖြင့် စကားပြောလာစေနိုင်သည်။ စကားပီသလာစေနိုင်သည်။

၁၀။ နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးပတ်သွေးကြောပိတ်ရောဂါများဖြစ်လျှင် ပတဲကောကြီးအမြစ်မှုန့်ဖြစ်စေ၊ ပြုတ်ရည်ကိုဖြစ်စေ နေ့စဉ်သင့်တော်ရုံသောက်သုံးပေးခြင်းဖြင့် သက်သာစေနိုင်သည်။ ပတဲကောအမြစ်မှုန့်ကို ကော်ဖီဇွန်းသေး တစ်ဇွန်းစာ ရေနွေးမတ်ခွက်တစ်ဝက်တွင် ထည့်ပြီး အစာစားပြီးတိုင်း သောက်သုံးပေးခြင်း၊ ညအိပ်ရာဝင်ချိန်တွင် ပတဲကောအမှုန့်ကို ပျားရည်နှင့်ရောစပ်ပြီး ဟင်းစားဇွန်း တစ်ဇွန်းစာ သောက်သုံးပေးခြင်းဖြင့် သက်သာစေနိုင်သည်။

၁၁။ ပတဲကောအမှုန့်ကို အသားဟင်းလျာများ ချက်ပြုတ်ရာတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အသားကို လျင်မြန်စွာနူးစေပြီး အသားအတွင်းမှ နှလုံးသွေးကြောပိတ်စေသောအရာ



များကို ထိုက်သင့်သလောက်ပျက်ပြယ်သွားစေနိုင်သဖြင့် နှလုံးသွေးကြောရောဂါရှိသူများအတွက် အစားအသောက်များ ချက်ပြုတ်ပေးရာတွင် ထည့်သွင်းအသုံးပြုနိုင်သည်။

၁၂။ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်တတ်သူများ၊ အစားမှားဝမ်းလျှောတတ်သူများသည် အစာစားပြီးတိုင်း ပတဲကောအမှုန့်ကို အနည်းငယ်မှုလျက်ပေးခြင်းဖြင့် ကာကွယ်ကုသနိုင်သည်။

# ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

(ခ) ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ပိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ကန်ဒေါ်လာ ၅၁၆ သန်းတန်ဖိုးရှိ ပဲတီစိမ်းတန်ချိန် ၆၀၀၀၀၀ တင်ပို့ရောင်းချသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ အမေရိကန်ဒေါ်လာ ၅၁၆ သန်းတန်ဖိုးရှိ ပဲတီစိမ်း တန်ချိန် ၆၀၀၀၀၀ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ပဲတီစိမ်းသည် ပြည်ပဈေးကွက် ကျယ်ပြန့်စွာရှိသည့် လယ်ယာထွက်ကုန်ပစ္စည်းဖြစ်ပြီး ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံ ၆၀ ကျော်ထိ တင်ပို့ရောင်းချပေးလျက်ရှိသည်။ ယခုဘဏ္ဍာနှစ်အတွင်း ဧပြီ ၁ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်ထိ ပဲတီစိမ်းကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂၇၄ ဒသမ ၄၅၁ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၇၈ ဒသမ ၇၀၄ သန်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၃၅၃ ဒသမ ၁၅၅ သန်းဖိုးတင်ပို့ရောင်းချပေးခဲ့ရကြောင်း သိရသည်။

လာမည့်၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်လည်း ပြည်ပသို့ အမေရိကန်ဒေါ်လာ ၅၁၆ သန်းတန်ဖိုးရှိ ပဲတီစိမ်း တန်ချိန် ၆၀၀၀၀၀ ထိ တင်ပို့ရောင်းချပေးသွားမည်ဖြစ်သည်။ ထိုသို့တင်ပို့ရောင်းချပေးရာတွင် ဘဏ္ဍာနှစ်၏ပထမသုံးလ၌ ပဲတီစိမ်းတန်ချိန် ၁၅၀၀၀၀၊ ဘဏ္ဍာနှစ်၏ ဒုတိယသုံးလ၌ ပဲတီစိမ်း တန်ချိန် ၁၅၀၀၀၀၊ ဘဏ္ဍာနှစ်၏ တတိယသုံးလ၌ ပဲတီစိမ်းတန်ချိန် ၁၅၀၀၀၀ နှင့် ဘဏ္ဍာနှစ်၏နောက်ဆုံးသုံးလ၌ ပဲတီစိမ်းတန်ချိန် ၁၅၀၀၀၀ စုစုပေါင်း ပဲတီစိမ်း တန်ချိန် ၆၀၀၀၀၀ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့တင်ပို့ရောင်းချရာတွင် ပဲတီစိမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၆၀ ရရှိရန် ခန့်မှန်းထားကြောင်း၊ ပဲတီစိမ်းကို ဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးရာတွင် ပဲတီစိမ်းလုံးနှင့် ပဲတီစိမ်းလုံးခြမ်းဟူ၍ နှစ်မျိုး တင်ပို့ရောင်းချ ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

SKL



## ဖောင်းပြင်မြို့နယ် ထောမ+ကယာစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖောင်းပြင် ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထောမ+ကယာစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်၊ မိသားစုဝင်ငွေတိုး လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှုအဆင့်အတန်း ကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ပေးခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများ အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံတို့က ကျေးရွာမြစိမ်းရောင်ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ထောမ+ကယာစုကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦး စုစုပေါင်း အသင်းသား ၁၁၃ ဦးအတွက် ချေးငွေကျပ် သိန်း ၃၈၀ ကို နေ့ချင်းပြီး ထုတ်ချေးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချစ်ဦးကို**

## မြန်မာ့နွေ မြန်မာ့သမိုင်း

- ရွက်ဝါကြွေ တသောသော
  ဥဩက လွမ်းသံခြွေ၊
  နွေဂိမှာန် ခါတပေါင်းရဲ့
  ကောက်ကြောင်းကိုစေ၊
  ခြောက်ဆယ့်လေး ဂါထာဖွဲ့
  သာပါလေ တင့်ပုံများ၊
  ခါရတု နွေပန်းချီကို
  ကာဠုဒါယီ မထေရ်နှုတ်ဟ
  ဗုဒ္ဓထံပါး။

- သာပုံတွေ စုပေါင်း
  ခညောင်းတဲ့ လရာသီ
  လတပေါင်းမည်၊
  မြတ်ဗုဒ္ဓ စိတ်ရွယ်ရည်
  သဲစေတီ တည်ကြ၊
  မြတ်နိုးဖွယ် ဘာသာအနှစ်ကို
  ပုဂံခေတ် ရှေးအခါမှာ
  သရေဖြာ နေဝန်းသစ်
  စဖြစ်ခဲ့ပါ့။

- ကိုတောင်သူ လယ်သမားတို့
  လယ်ယာများ သိမ်းပြီးပါ၊
  ငွေကြေးရှင် သဒ္ဓါကဲ
  လှူပွဲဝေဆာ၊
  ရှင်ပြုနဲ့ ပဥ္စင်းခံမှာ
  ဖြောသံသာ နားချမ်းမြေ့၊
  မြတ်ဗုဒ္ဓါ သာသနာတွင်း
  သွတ်သွင်းခလေ့။

- အတိတ်ချိန် သာတပေါင်း
  ကြာညောင်းလည်း မမေ့နိုင်၊
  ဖက်ဆစ်ရန် တွန်းလှန်ခွဲ
  အောင်ပွဲပိုင်ပိုင်၊
  မျိုးချစ်စိတ် မယိမ်းယိုင်
  ထိန်းကိုင်ကာ သွေးစည်းဖွဲ့၊
  မြန်မာ့မြေ မြန်မာ့နွေက
  အလှစေ အလှဝေလို့
  တွဲလက်တွေ ညီသမိုင်း
  မရိုင်းစေခဲ့။ ။

**ညွန့်ဝင်း(နတ်တလင်း)**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## ခရုစ်ဒုံးကျည်လေးစင်း မြောက်ကိုရီးယားပစ်လွှတ်

**ပြုံယမ်း ဖေဖော်ဝါရီ ၂၄**

တန်ပြန် ချူကလီးယားတိုက်ခိုက်မှုပြုလုပ်နိုင်စွမ်းကို စမ်းသပ်ရန် ရည်ရွယ်ပြုလုပ်ခဲ့သော စစ်ရေးလေ့ကျင့်မှုတစ်ခုတွင် မြောက်ကိုရီးယားနိုင်ငံသည် မဟာဗျူဟာ ခရုစ်ဒုံးကျည်လေးစင်းကို ပစ်လွှတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဖေဖော်ဝါရီ ၂၃ ရက်တွင် ပြုလုပ်ခဲ့သော စစ်ရေးလေ့ကျင့်မှုအတွင်း မြောက်ကိုရီးယားစစ်ဘက်က ဟွာဆဲလ်-၂အမျိုးအစား ခရုစ်ဒုံးကျည်လေးစင်းကို ကိုရီးယားကျွန်းဆွယ်အရှေ့ဘက်ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်းသို့ ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားအစိုးရအာဘော် ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ခရုစ်ဒုံးကျည်လေးစင်းသည် ၁၂၄၃ မိုင် အကွာအဝေးထိ ပျံသန်းခဲ့ပြီးနောက် ကြိုတင်သတ်မှတ်ထားသော ပစ်မှတ်များကို တိကျစွာ ထိမှန်ခဲ့ကြောင်း ကေစီအင်န်အေ၏အဆိုအရ သိရသည်။

ဖေဖော်ဝါရီ ၂၃ ရက် စစ်ရေးလေ့ကျင့်မှုသည် မြောက်ကိုရီးယား ချူကလီးယားတပ်ဖွဲ့များ၏ စစ်ပွဲအတွက် အသင့်အနေအထား ရှိမှုကို သက်သေပြနေကြောင်း ကေစီအင်န်အေ ကြေညာထားသည်။

သို့သော် မြောက်ကိုရီးယားနိုင်ငံ၏ ဖေဖော်ဝါရီ ၂၃ ရက် ခရုစ်ဒုံးကျည်ပစ်လွှတ်မှုများကို ဂျပန်နှင့် တောင်ကိုရီးယားတို့က အတည်ပြုကြေညာခြင်း မရှိသေးကြောင်း သိရသည်။

ဂျပန်နှင့် တောင်ကိုရီးယားတို့သည် မြောက်ကိုရီးယားဒုံးကျည်ပစ်လွှတ်မှုများကို ဦးစွာထောက်လှမ်းနိုင်သည့် နိုင်ငံများဖြစ်ကြကြောင်း သိရသည်။

KKO

## ယူကရိန်းပဋိပက္ခအဆုံးသတ်ရေးအတွက် အချက် ၁၂ ချက်ပါ အဆိုပြုချက် တရုတ်ကြေညာ



**ပေကျင်း ဖေဖော်ဝါရီ ၂၄**

ယူကရိန်းပဋိပက္ခ အဆုံးသတ်ရေးအတွက် အချက် ၁၂ ချက်ပါ အဆိုပြုချက်တစ်ရပ်ကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် ကြေညာခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ယူကရိန်းပြဿနာကို နိုင်ငံရေးနည်းအရ ဖြေရှင်းရေးဆိုင်ရာ တရုတ်နိုင်ငံ၏ သဘောထားဟူ၍ အမည်ပေးထားသော အဆိုပါ အဆိုပြုချက်တွင် ယူကရိန်း၌ အပစ်အခတ်များ ရပ်စဲရန်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ရန် တရုတ်နိုင်ငံက တင်ပြထားသည်။

ထို့ပြင် ရုရှားနိုင်ငံအပေါ် အနောက်အုပ်စုက ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများရုပ်သိမ်းပေးရန်၊ ယူကရိန်းပြည်တွင်း၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စင်္ကြံလမ်းများဖွင့်ပေးရန်နှင့် အရပ်သားများကို ကာကွယ်ရန်လည်း အဆိုပါအဆိုပြုချက်၌ တိုက်တွန်းထားသည်။

ယူကရိန်းပဋိပက္ခ အဆုံးသတ်ရေးအချက် ၁၂ ချက် အဆိုပြုချက်၌ တရုတ်နိုင်ငံသည် ၎င်း၏အဓိကမူဝါဒလမ်းစဉ်ဖြစ်သော နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာ၊ လွတ်လပ်ရေးနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုတို့ကို အာမခံချက်ပေးရန် ထပ်လောင်း တောင်းဆိုထားသည်။

ယူကရိန်းပြဿနာကို ဖြေရှင်းရေးအတွက် တွေ့ဆုံဆွေးနွေးရေး လမ်းစဉ်သည်သာ အသင့်လျော်ဆုံးလမ်းစဉ်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ ယူကရိန်းပြဿနာအပြီးသတ်ရေးအဆိုပြုချက်၌ သုံးသပ်ထားသည်။

တရုတ်နိုင်ငံသည် ယူကရိန်းပဋိပက္ခတစ်နှစ်ပြည့်သည့်နေ့မှာပင် အချက် ၁၂ ချက်ပါ ငြိမ်းချမ်းရေး အဆိုပြုချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

## နိုင်ငံလေပိုင်နက်စောင့်ကြည့်ရေးနှင့်ကာကွယ်ရေးတို့အတွက် စစ်ဘက်ကို တာဝန်ပေးသည့်ဥပဒေကြမ်း မက္ကဆီကိုလွှတ်တော် အတည်ပြု

**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၂၄**

မက္ကဆီကိုစီးတီးလက်နက်ကိုင်တပ်များကို နိုင်ငံလေပိုင်နက်စောင့်ကြည့်ကာကွယ်ခွင့်ပေးအပ်ထားသည့် ဥပဒေကြမ်းတစ်ရပ်ကို မက္ကဆီကိုလွှတ်တော်က အတည်ပြုခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖေဖော်ဝါရီ ၂၃ ရက်တွင် ဖော်ပြခဲ့သည်။




အဆိုပါ ဥပဒေကြမ်းအရ မက္ကဆီကို ကာကွယ်ရေးဝန်ကြီးဌာနသည် ၎င်း၏ကွပ်ကဲမှုအောက်၌ လေပိုင်နက် စောင့်ကြည့်ရေးနှင့် ကာကွယ်ရေး အမျိုးသားဌာနကို ဖွင့်လှစ်ရမည်ဖြစ်သည်။

အထက်လွှတ်တော်၏အတည်ပြုချက်ရရှိပါက ဥပဒေအဖြစ် လက်မှတ်ထိုး အတည်ပြုနိုင်ရေးအတွက် မက္ကဆီကိုသမ္မတ လိုပက်ဇ်အော်ဘရေဒေါထံ ပေးပို့ရမည်ဖြစ်သည်။

အဆိုပါ ဥပဒေကြမ်းသည် အမျိုးသားအချုပ်အခြာအာဏာနှင့် လုံခြုံရေးတို့အတွက် အရေးကြီးသည်ဟု ဥပဒေကြမ်းကို ထောက်ခံသူများက ပြောကြားထားကြောင်း သိရသည်။

သို့သော် ယင်းဥပဒေကြမ်းကြောင့် လမ်းညွှန်တာဝန်များကို ကွပ်ကဲကြီးကြပ်နေသည့် အရပ်ဘက်အာဏာပိုင်အဖွဲ့၏ လုပ်ပိုင်ခွင့်များ အားနည်းသွားနိုင်ကြောင်း ဥပဒေကြမ်းကိုဆန့်ကျင်သူများက ပြောကြားထားသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် အာဏာစတင်ရရှိခဲ့ပြီးနောက်ပိုင်း မက္ကဆီကိုသမ္မတ လိုပက်ဇ်အော်ဘရေဒေါသည် ပြည်သူ့လုံခြုံရေးတာဝန်များကို စစ်ဘက်သို့ တဖြည်းဖြည်း လွှဲအပ်ခဲ့ကြောင်း သိရသည်။

KKO

## အစ္စရေးအမျိုးသားလေကြောင်းလိုင်းများ အိုမန်လေပိုင်နက် သုံးစွဲခွင့်ရရှိ




**မတ်စ်ကတ် ဖေဖော်ဝါရီ ၂၄**

အစ္စရေးအမျိုးသားလေကြောင်းလိုင်းများအနေဖြင့် အိုမန်ဝေဟင်ပိုင်နက်ကို ဖြတ်ကျော်ပျံသန်းခွင့်ရရှိတော့မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဖေဖော်ဝါရီ ၂၃ ရက်မှစ၍ နိုင်ငံတကာ လေကြောင်းလိုင်းများအားလုံး အိုမန်ဝေဟင်ပိုင်နက်ကို ဖြတ်ကျော် ပျံသန်းနိုင်မည်ဖြစ်ကြောင်း အိုမန်အစိုးရက ကြေညာထားသည်။

အဆိုပါ ကြေညာချက်ကြောင့် ပင်လယ်ကွေ့နိုင်ငံများ၏ သံတမန်ရေးအရ တရားဝင်အသိအမှတ်ပြုမှု မရရှိသေးသော အစ္စရေးနိုင်ငံမှ လေကြောင်းလိုင်းများလည်း အိုမန်လေပိုင်နက်ကို ဖြတ်သန်းခွင့်ရတော့မည်ဖြစ်သည်။

အိုမန်အစိုးရ၏ ဆုံးဖြတ်ချက်သည် အာရှနှင့်ဥရောပသို့ ပြေးဆွဲပျံသန်းမည့် အစ္စရေးလေကြောင်းလိုင်း များအတွက် အောင်မြင်မှု တစ်ခုဖြစ်ကြောင်း အစ္စရေးအစိုးရ တာဝန်ရှိသူများက ပြောကြားထားသည်။

အမေရိကန်နိုင်ငံ၏ ကြားဝင်ညှိနှိုင်းပေးမှုဖြင့် ရရှိထားသော အေဘရာဟမ် သဘောတူညီချက်အရ အစ္စရေးနိုင်ငံသည် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)၊ ဘာရိန်း၊ ဆူဒန်၊ မော်ရိုကိုနိုင်ငံတို့နှင့်တရားဝင် သံတမန်ဆက်ဆံရေးရှိထားသည်ဖြစ်ရာ အိုမန်လည်း အဆိုပါ သဘောတူညီချက်၌ ပါဝင်လာစေရန် အစ္စရေးနိုင်ငံက မျှော်လင့်ထားသည်။

ပင်လယ်ကွေ့နိုင်ငံ တစ်နိုင်ငံဖြစ်သည့် ဆော်ဒီအာရေဗျနိုင်ငံသည် အိုမန်ကဲ့သို့ပင် အေဘရာဟမ် သဘောတူညီချက်၌ ပါဝင်ခြင်းမရှိသော်လည်း အစ္စရေးလေကြောင်းလိုင်းများ ဆော်ဒီလေပိုင်နက်ဖြတ်သန်းခွင့်ကို ပေးထားကြောင်း သိရသည်။

KKO

## ငလျင်ဒဏ်သင့်နယ်မြေများ ပြန်လည်တည်ဆောက်ရေးစည်းမျဉ်းများကို တူရကီအစိုးရ ထုတ်ပြန်

**အင်ကာရာ ဖေဖော်ဝါရီ ၂၄**

ငလျင်ဒဏ်သင့် နယ်မြေများအတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစည်းမျဉ်းများကို တူရကီအစိုးရက ယနေ့တွင် ထုတ်ပြန်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



ဖေဖော်ဝါရီ ၆ ရက်တွင် လှုပ်ခတ်ခဲ့သည့် မြေငလျင်ကြောင့် တူရကီနိုင်ငံ၌ တိုက်ခန်းပေါင်း ၅၂၀၀၀၀ ထိ ပေါင်းစပ်ပါဝင်သော အဆောက်အအုံ ၁၆၀၀၀၀ ကျော် ပြိုလဲပျက်စီးခဲ့ရသည်။

ငလျင်ကပ်ဘေးသင့်ဒေသများ၌ နေအိမ်များကို တစ်နှစ်အတွင်း ပြန်လည်တည်ဆောက်ပေးမည်ဖြစ်ကြောင်း တူရကီသမ္မတ အာဒိုဂန်က ပြောကြားထားသည်။

သို့သော် အစိုးရအနေဖြင့် ငလျင်ဒုက္ခသည်များအတွက် နေအိမ်များတည်ဆောက်ရာတွင် အချိန်တိုအတွင်း ပြီးစီးရေးအတွက် ဘေးအန္တရာယ်လုံခြုံမှု ရှိရေးကို ဦးစားပေးသင့်ကြောင်း ကျွမ်းကျင်သူများက တိုက်တွန်းထားသည်။

တူရကီအစိုးရက ထုတ်ပြန်ထားသော ပြန်လည်တည်ဆောက်ရေးလုပ်ငန်း စည်းမျဉ်းများအရ တစ်ဦးချင်းအလုပ်ရှင်များ၊ အင်စတီကျူးရှင်းများအနေဖြင့် လူနေအဆောက်အအုံများနှင့် အလုပ်နေရာများကို တည်ဆောက်၍ မြို့ပြဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ လှူဒါန်းနိုင်မည်ဖြစ်သည်။

KKO

# SCIENCE AND TECHNOLOGY

## ရုရှားအာကာသအေဂျင်စီက နိုင်ငံတကာအာကာသစခန်းသို့ ဆိုယုဇ် MS-23 အာကာသလူသယ်ယာဉ် လွှတ်တင်



**မော်စကို ဖေဖော်ဝါရီ ၂၄**

ရုရှား အာကာသအေဂျင်စီသည် ဆိုယုဇ် MS-23 အမည်ရှိ အာကာသလူသယ်ယာဉ်ကို နိုင်ငံတကာ အာကာသစခန်းသို့ ယနေ့တွင် လွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ယနေ့ ရေးသားတင်ပြထားသည်။

ရုရှား အာကာသအေဂျင်စီသည် နိုင်ငံတကာ အာကာသစခန်း၌ ဆိုက်ကပ်ထားစဉ် အအေးပေးစနစ် ဓာတ်ငွေ့ယိုစိမ့်မှုပြဿနာ ပေါ်ပေါက်ခဲ့သော ဆိုယုဇ် MS-22 အာကာသ လူသယ်ယာဉ်ကို အစားထိုးရေးအတွက် ဆိုယုဇ် MS-23 အာကာသလူသယ်ယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဆိုယုဇ် MS-23 အာကာသ လူသယ်ယာဉ်သည် ဆိုယုဇ် MS-22 အာကာသလူသယ်ယာဉ် ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် နိုင်ငံတကာ အာကာသစခန်းပေါ်၌ သောင်တင်နေသည့် အာကာသယာဉ်မှူးသုံးဦးကို ကမ္ဘာမြေသို့ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

ဆိုယုဇ် MS-23 အာကာသ လူသယ်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းနှင့် ဖေဖော်ဝါရီ ၂၇ ရက်တွင် ချိတ်ဆက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်း၌ ဆိုက်ကပ်ထားသည့် ဆိုယုဇ် MS-22 အာကာသ လူသယ်ယာဉ်သည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်က အအေးပေးစနစ် ဓာတ်ငွေ့ယိုစိမ့်မှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

အဆိုပါပြဿနာသည် ဥက္ကာခဲ မှုန်စဝင်တိုက်မှုကြောင့် ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း ရုရှားအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

KKO


## ဂျပန်နိုင်ငံ၏ ကျူဆက်ဂြိုဟ်တုငယ်တစ်စင်းက CI2022E3 ကြယ်တံခွန်ကို ရုပ်သံမှတ်တမ်းရိုက်ကူးနိုင်ခဲ့

**တိုကျို ဖေဖော်ဝါရီ ၂၄**

ဂျပန်နိုင်ငံက လွှတ်တင်ထားသည့် ကျူဆက်ဂြိုဟ်တုငယ်တစ်စင်းသည် CI2022E3 ကြယ်တံခွန်ကို ယခုလအစောပိုင်းက ရုပ်သံမှတ်တမ်းရိုက်ကူးနိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၃ ရက်က ရေးသားတင်ပြထားသည်။

EQUULEUS အမည်ရှိ ဂျပန်ကျူဆက်ဂြိုဟ်တုငယ်သည် CI2022E3 ကြယ်တံခွန်က ကမ္ဘာကို အနီးကပ်ဖြတ်သန်းပြီး ရက်သတ္တနှစ်ပတ်ခန့်အကြာတွင် အဆိုပါကြယ်တံခွန်ပျံသန်းနေမှုကို ရုပ်သံမှတ်တမ်း ရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

EQUULEUS ဂြိုဟ်တုငယ် အနေဖြင့် CI2022E3 ကြယ်တံခွန်ငယ်ကို ရုပ်သံမှတ်တမ်းအောင်မြင်စွာ ရယူနိုင်ခဲ့ကြောင်း ဂျပန်အာကာသအေဂျင်စီက ကြေညာထားကြောင်း သိရသည်။



အဆိုပါရုပ်သံမှတ်တမ်းကိုရယူချိန်တွင် EQUULEUS ဂြိုဟ်တုငယ်နှင့် CI2022E3 ကြယ်တံခွန်တို့ကြား အကွာအဝေးမှာ မိုင်ပေါင်း ၄၃ သန်းခန့်ရှိကြောင်း သိရသည်။

ဂျပန် အာကာသအေဂျင်စီသည် အဆိုပါဂြိုဟ်တုငယ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ အားတီးမစ်-၁ မစ်ရှင်ဖြင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလက လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါဂြိုဟ်တုငယ်သည် ကမ္ဘာနှင့်လတို့၏ ဒြပ်ဆွဲအားပေါင်းဆုံနယ်မြေတည်ရှိရာသို့ ခရီးနှင်လျက်ရှိကြောင်း သိရသည်။

KKO

## Amazon ကုမ္ပဏီက ဂြိုဟ်တု ၃၂၃၆ စင်းပါဝင်သည့် ကွိုပါအင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက် တည်ဆောက်ခွင့်ရရှိ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၄**

ဂြိုဟ်တုအစင်းပေါင်း ၃၂၃၆ စင်းပါဝင်သည့် ကွိုပါအမည်ရှိ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ကွန်ရက်တည်ဆောက်ခွင့်ကို Amazon ကုမ္ပဏီက ရရှိခဲ့ပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၃ ရက်က ရေးသားတင်ပြထားသည်။

ကွိုပါအင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်တည်ဆောက်ခွင့်ကို အမေရိကန်အစိုးရ ဖက်ဒရယ်ဆက်သွယ်ရေးကော်မရှင်က ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Amazon ကုမ္ပဏီ၏ ကွိုပါအင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုများသည် လုပ်ငန်းလည်ပတ်မှုသက်တမ်း ခုနစ်နှစ်ထိ ရှိမည်ဖြစ်ပြီး ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၃၆၅ မိုင်၊ မိုင် ၃၈၀ နှင့် ၃၉၀ အကွာတို့တွင်ရှိသော ပတ်လမ်းများပေါ်၌ နေရာယူထားမည်ဖြစ်သည်။

ဖက်ဒရယ် ဆက်သွယ်ရေးကော်မရှင်၏ခွင့်ပြုချက်အရ Amazon ကုမ္ပဏီသည် ကွိုပါဂြိုဟ်တုကွန်ရက်၌ပါဝင်သည့် ဂြိုဟ်တုအရေအတွက်၏ ၅၀ ရာခိုင်နှုန်းကို ၂၀၂၆ ခုနှစ် ဇူလိုင်လနောက်ဆုံးထား၍ လွှတ်တင်ရမည်ဖြစ်ပြီး ကျန် ၅၀ ရာခိုင်နှုန်းကို ၂၀၂၉ ခုနှစ် နှစ်လယ်ပိုင်းတွင် အပြီးလွှတ်တင်ပေးရမည်ဖြစ်သည်။

ကွိုပါအင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်သည် ကမ္ဘာတစ်ဝန်းရှိ အင်တာနက်ဝန်ဆောင်မှုမရှိသောနယ်မြေများကို အင်တာနက်ဝန်ဆောင်မှု ပေးမည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်း၌ အင်တာနက်ဝန်ဆောင်မှုပေးနိုင်ရန် Amazon ကုမ္ပဏီအတွက် ကွိုပါဂြိုဟ်တုကွန်ရက်ဖြန့်ကြက်ခွင့် ချပေးထားကြောင်း ဖက်ဒရယ်ဆက်သွယ်ရေးကော်မရှင် ကြေညာချက်၌ ဖော်ပြထားသည်။

KKO

# HEALTH

## ဝမ်းပျော့ဆေး ပုံမှန်သုံးစွဲနေရသူများတွင် Dementia ဖြစ်နိုင်ခြေမြင့်တက်နိုင်

**နယူးယောက် ဖေဖော်ဝါရီ ၂၄**

ဆေးဆိုင်များ၌ အလွယ်တကူရရှိနိုင်သည့် ဝမ်းပျော့ဆေးများပုံမှန်သုံးစွဲနေရသူများတွင် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ကျဆင်းမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၂၃ ရက်က ရေးသားတင်ပြထားသည်။

ဝမ်းပျော့ဆေးများ ပုံမှန်သုံးစွဲနေရသူများသည် သာမန်လူများထက် Dementia ရောဂါဖြစ်ပွားနိုင်ခြေ ၅၀ ရာခိုင်နှုန်းပိုမြင့်မားကြောင်း၊ အမေရိကန်၊ တရုတ်နှင့် ဗြိတိန်နိုင်ငံတို့မှ သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

အဆိုပါ နိုင်ငံတကာ သုတေသနပညာရှင်များအဖွဲ့သည် လူဦးရေပေါင်း ၅၀၀၀၀၀ ကျော်တို့၏ ၁၀ နှစ်ကာလ အချက်အလက်မှတ်တမ်းများကို လေ့လာပြီးနောက် အထက်ပါတွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

သို့ရာတွင် သုတေသန ပညာရှင်များ၏ အထက်ပါလေ့လာချက်တွင် ဝမ်းပျော့ဆေးပုံမှန်သုံးစွဲမှုနှင့် Dementia ဖြစ်နိုင်ခြေမြင့်မားမှုတို့ကြား မည်သို့မည်ပုံဆက်စပ်နေသည်ကို ရှင်းပြနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

အစာခြေ လမ်းကြောင်းစနစ်ဗက်တီးရီးယား စုဖွဲ့မှုပုံစံအပြောင်းအလဲများ၏ လူ့ရုပ်ခန္ဓာအပေါ် ကျယ်ပြန့်သည့်အကျိုးသက်ရောက်မှုများ ရှိနေနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သက်လတ်ပိုင်းနှင့် သက်ကြီးပိုင်းများတွင် ဝမ်းချုပ်မှုပြဿနာပေါ်လာတတ်ရာ ၎င်းပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် ဝမ်းပျော့ဆေးများကို ပုံမှန်သုံးစွဲကြရကြောင်း သိရသည်။

KKO

## ဟော်မုန်းကုထုံးရယူနေရသူ လိင်ပြောင်းလူနာများတွင် လေဖြတ် သို့မဟုတ် နှလုံးဖောက်နိုင်ခြေ မြင့်မားနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၂၄**

ခွဲစိတ်နည်းဖြင့် လိင်ပြောင်းလဲပြီးနောက် ဟော်မုန်းကုထုံးများရယူနေရသော လူနာများတွင် လေဖြတ်နိုင်ခြေ သို့မဟုတ် နှလုံးဖောက်နိုင်ခြေ ပုံမှန်ထက် ခုနစ်ဆခန့်မြင့်မားလာနိုင်ဖွယ်ရှိကြောင်း The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၂၃ ရက်က ရေးသားတင်ပြထားသည်။


ပြောင်းလဲလိုက်သည့် လိင်၏ ရုပ်ပိုင်းသွင်ပြင်များပိုင်ဆိုင်ရရှိရေးအတွက် ယောက်ျားအဖြစ်မွေးဖွားလာခဲ့သူ လူနာများသည် အီစတိုဂျင်ဟော်မုန်းဆေးများ သုံးစွဲကြရပြီး မိန်းကလေးအဖြစ် မွေးဖွားလာသူလူနာများမှာ တက်စတိုစတာရုန်းဟော်မုန်းဆေးများ သုံးစွဲကြရကြောင်း သိရသည်။

သို့ရာတွင် လိင်ခွဲစိတ်ပြောင်းလဲထားသူ လူနာများအနက် အထက်ပါ ဟော်မုန်းဆေးများသုံးစွဲနေရသူ လူနာများသည် မသုံးစွဲသူလူနာများထက် ဦးနှောက်သွေးကြောပိတ်ဆို့မှုကြောင့် လေဖြတ်နိုင်ခြေ ခုနစ်ရာခိုင်နှုန်းထိ ပိုမြင့်မားကြောင်း၊ ထို့ပြင် ဟော်မုန်းဆေးများသုံးစွဲနေရသည့် လိင်ပြောင်းလူနာများသည် မသုံးစွဲသူလူနာများနှင့်နှိုင်းယှဉ်ပါက နှလုံးဖောက်နိုင်ခြေလည်း ခြောက်ရာခိုင်နှုန်းခန့် မြင့်တက်နေတတ်ပြီး အဆုတ်သွေးကြောများပိတ်ဆို့နိုင်ခြေလည်း ငါးဆပိုမြင့်မားကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ဆေးပညာအကူအညီဖြင့် လိင်ပြောင်းလဲမှုသည် ဘေးအန္တရာယ်လုံးဝကင်းစင်သည့် အလုပ်မျိုးမဟုတ်ကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။

အီစတိုဂျင်နှင့် တက်စတိုစတာရုန်းဟော်မုန်းများကြောင့် သွေးခဲများပေါ်ထွက်မှု မြင့်တက်လာနိုင်ကြောင်း ဆေးပညာရှင်များ၏ အဆိုအရ သိရသည်။

KKO



နိုင်ငံတကာ

## အားကစားသတင်းများ

## ကာရာဘောင်းဖလား ဗိုလ်လုပွဲစဉ် ပွဲကြိုသုံးသပ်ချက်

ML

မန်ယူ Vs နယူးကာဆယ်

**ကစားမည့်ရက်/အချိန် ၂၆-၂-၂၀၂၃ (ည ၁၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မန်ယူ ၀ - ၀ နယူးကာဆယ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**မန်ယူ - ဝေး(သရေ) အိမ်(နိုင်) အိမ်(နိုင်)**

**နယူးကာဆယ် - အိမ်(သရေ) ဝေး(သရေ) အိမ်(ရှုံး)**

မန်ယူအသင်းက ဖလားပြိုင်ပွဲသမိုင်းမှာ ကိုးကြိမ်ဗိုလ်လုပွဲရောက်ခဲ့ရာမှာ ငါးကြိမ်ဖလားရရှိခဲ့ပြီး လက်ရှိ ခြေစွမ်းပိုင်းလဲ အကောင်းဆုံးပုံစံမှာ ရှိနေပါတယ်။ နယူးကာဆယ်အသင်းကတော့ အသင်းလိုက်ကစားပုံကောင်းပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းက ဂိုးရဖို့ ရုန်းကန်နေရပါတယ်။ ဒါ့ကြောင့် အခုဖလားပြိုင်ပွဲမှာ မန်ယူပဲ ရလဒ်ကောင်းမှာပါ။

**အင်တာနက်ခန့်မှန်း - မန်ယူ ၂ - ၁ နယူးကာဆယ်**

## အီတလီစီးရီးအေ ပွဲစဉ် (၂၄) ပွဲကြိုသုံးသပ်ချက်များ

ML

ဘိုလော့ဂ်နာ Vs အင်တာမီလန်

**ကစားမည့်ရက်/အချိန် ၂၆-၂-၂၀၂၃ (ည ၀၆း၀၀နာရီ)**

**ပထမအကျော့ရလဒ်**

**အင်တာမီလန် ၆ - ၁ ဘိုလော့ဂ်နာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**ဘိုလော့ဂ်နာ - ဝေး(နိုင်) အိမ်(ရှုံး) ဝေး(နိုင်)**

**အင်တာမီလန် - ဝေး(သရေ) အိမ်(နိုင်) အိမ်(နိုင်)**

ဘိုလော့ဂ်နာအသင်းဟာ အသင်းလိုက်ကစားအားကောင်းပေမဲ့ ဒဏ်ရာရ ကစားသမားတွေများနေတာကြောင့် ပြီးခဲ့တဲ့သုံးပွဲဆက် ပေးဂိုးရှိခဲ့တာကို တွေ့ရမှာပါ။ အင်တာမီလန်ကတော့ ကစားသမားစုဖွဲ့မှုကောင်းမွန်နေသလို ပုံစံကောင်းပြန်လည်ရရှိနေတာကို တွေ့ရပါတယ်။ ဒါကြောင့် ကစားပုံတည်ငြိမ်နေတဲ့ အင်တာမီလန်ကိုပဲအားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘိုလော့ဂ်နာ ၁ - ၂ အင်တာမီလန်**

ဆလာနီတာနာ Vs မွန်ဇာ

**ကစားမည့်ရက်/အချိန် ၂၆-၂-၂၀၂၃ (ည ၀၈း၃၀နာရီ)**

**ပထမအကျော့ရလဒ်**

**မွန်ဇာ ၃ - ၀ ဆလာနီတာနာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**ဆလာနီတာနာ - အိမ်(ရှုံး) ဝေး(ရှုံး) အိမ်(ရှုံး)**

**မွန်ဇာ - အိမ်(သရေ) ဝေး(နိုင်) အိမ်(ရှုံး)**

ကစားသမားစုဖွဲ့မှုအားနည်းတဲ့ ဆလာနီတာနာဟာ အိမ်ကွင်းကစားပုံ ဆိုးရွားနေတာကြောင့် ပြီးခဲ့တဲ့ အိမ်ကွင်းသုံးပွဲဆက် ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီး တိုက်စစ်ပိုင်းက ဂိုးမရခဲ့ပါဘူး။ မွန်ဇာကတော့ အသင်းလိုက် ကစားအားကောင်းပြီး အဝေးကွင်းခံစစ်ပိုင်းတည်ငြိမ်နေပါတယ်။ ဒါကြောင့် အဝေးကွင်းကစားပုံကောင်းတဲ့ မွန်ဇာကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ဆလာနီတာနာ ၁ - ၂ မွန်ဇာ**

## အားကစားသတင်း အတိုအထွာများ

- မန်ယူအသင်းက နာပိုလီအသင်း ခံစစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် ကင်မင်ဂျေးကို စာချုပ်ဖျက်သိမ်းကြေးစတာလင်ပေါင် ၄၄ သန်းဖြင့် ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။
- ကွင်းလယ်ကစားသမား မေဆင်မောင့်အနေဖြင့် အသင်း၏ စာချုပ်သစ်ကမ်းလှမ်းမှုကို လက်မခံပါက လာမည့် ဘောလုံးရာသီမတိုင်မီ အသင်းမှထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း ချဲလ်ဆီးအသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။
- ယခုနှစ် ဘောလုံးရာသီကုန်တွင် ကွင်းလယ်ကစားသမား ဖာဘင်ဟိုအပါအဝင် နာဘီကီတာ၊ ဂျိမ်းမင်နာ၊ ချိန်ဘာလိန်းတို့ အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း လီဗာပူးအသင်းက ထုတ်ပြန်ခဲ့သည်။ ML

# ဘာစီလိုနာကိုအနိုင်ယူ၍ မန်ယူအသင်း ယူရိုပါလိဂ် (၁၆) သင်းအဆင့်သို့ တက်ရောက်



**မန်ချက်စတာ ဖေဖော်ဝါရီ ၂၄**

မန်ယူအသင်းနှင့် ဘာစီလိုနာအသင်းတို့ ကစားခဲ့သည့် ယူရိုပါလိဂ် (၃၂) သင်းအဆင့် ဒုတိယအကျော့တွင် မန်ယူအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် လေးဂိုးသုံးဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် (၁၆) သင်းအဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းသည် ပထမအကျော့ ဘာစီလိုနာအိမ်ကွင်းတွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ရရှိအောင် ကစားနိုင်ခဲ့ပြီးယခုအိမ်ကွင်းပွဲစဉ်တွင် ပြိုင်ဘက်၏ ဦးဆောင်မှုကို ခံနေရသော်လည်း အကောင်းဆုံး ပြန်လာနိုင်ခဲ့သောကြောင့် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ကာ နှစ်ကျော့ပေါင်းရလဒ်ဖြင့် ယူရိုပါလိဂ် (၁၆)သင်းအဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲကတည်းက မန်ယူအသင်းက ဘာစီလိုနာအသင်းကို ထိရောက်သည့် ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သော်လည်း ပွဲကစားချိန် ၁၈ မိနစ်တွင် ပင်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဆင့် တိုက်စစ်မှူး လီဝမ်ဒေါ်စကီးက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း တစ်ဂိုး ဂိုးမရှိဖြင့်သာ ပထမပိုင်းပြီးဆုံးခဲ့ပြီး ဒုတိယပိုင်းတွင် ပွဲအစ ၄၇ မိနစ်တွင် ကွင်းလယ်ကစားသမား ဖရက်စ်က ချေပဂိုး သွင်းယူနိုင်ခဲ့သည့်အပြင် ပွဲကစားချိန် ၇၃ မိနစ်တွင် လူစားဝင်ကစားသမား အန်တိုနီက အနိုင်ဂိုးထပ်မံ သွင်းယူနိုင်ခဲ့သောကြောင့် နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နောက်တစ်ဆင့်သို့ တက်ရောက်ခဲ့သည်။

ထို့ကြောင့် မန်ယူအသင်းသည် (၁၆) သင်း ရှုံးထွက်အဆင့်တွင် စပိန်ကလပ် ဘက်တစ်အသင်းနှင့် ပထမအကျော့ပွဲစဉ်ကို လာမည့် မတ် ၁၀ ရက်တွင် အိမ်ကွင်း၌လည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်ကို မတ် ၁၇ ရက်တွင် အဝေးကွင်း၌လည်းကောင်း ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သိရသည်။ ML

# The Honda Classic ဂေါက်သီးရိုက်ပြိုင်ပွဲအမှတ်ပေးဇယားကို ဘရမ်လက်နှင့် ဟော့စ်ချယ်တို့ ပူးတွဲဦးဆောင်

**ဖလော်ရီဒါ ဖေဖော်ဝါရီ ၂၄**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပနေသည့် The Honda Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဘရမ်လက်နှင့် ဟော့စ်ချယ်တို့က သတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယားကိုဦးဆောင်နေကြောင်း Gulf News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် ကင်မရွှန်း၊ ကော့ဒီနှင့်ဂျက်စတင်ဆူတို့က သတ်မှတ်ရိုက်ချက်ထက် လေးချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

အမှတ်ပေး ဇယားထိပ်တွင် ဘရမ်လက်နှင့်အတူပူးတွဲရပ်တည်ထားနိုင်သည့် ကမ္ဘာ့အဆင့် (၁၉) နေရာတွင် ရပ်တည်နေသော ဟော့စ်ချယ်သည် ပထမနေ့တွင် Birdies ခြောက်ကျင်းထိ ရရှိခဲ့ပြီး ကျင်းတစ်ကျင်းတွင် Bogey ဖြစ်ခဲ့သည့်အတွက် သတ်မှတ်ရိုက်ချက်ထက် ငါးချက်သာလျှော့ရိုက်ထားနိုင်သည့် အခြေအနေဖြစ်ခဲ့သည်။

ဘရမ်လက်သည် ပထမနေ့တွင် Bogey Free ဖြစ်ခဲ့သည့်အတွက်ကြောင့်လည်း ဟော့စ်ချယ်အား ဖိအားပေးထားနိုင်ခြင်းဖြစ်သည်။

ဟော့စ်ချယ်က "ပြိုင်ပွဲအတွက် ပြင်ဆင်ရင်း တစ်သျှူးရောင်ရမ်းတဲ့ ဝေဒနာခံစားခဲ့ရလို့ ပြိုင်ပွဲဝင်သင့်၊ မဝင်သင့် တွေဝေနေခဲ့ပါတယ်။ ဆရာဝန်က ခွင့်ပြုတဲ့အတွက်ကြောင့် ပြိုင်ပွဲဝင်ဖြစ်ခဲ့တာပါ။ ဆရာဝန်ရဲ့ ဆေးကုသပေးမှုကြောင့်လဲ မြန်မြန်ဆန်ဆန်သက်သာခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်လဲ ပွဲထဲမှာ ပုံမှန်အတိုင်း ကစားနိုင်ခဲ့တာပါ။ ပုံမှန်အတိုင်း ကစားနိုင်ခဲ့ပေမဲ့လဲ ကြံ့ခိုင်မှုပိုင်းကတော့ ၁၀၀ ရာခိုင်နှုန်းမှာရှိမနေပါဘူး။ ပထမနေ့မှာ Birdies ခြောက်ကျင်းထိ ရခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ ကျင်းတစ်ကျင်းမှာတော့ Bogey ဖြစ်ခဲ့တယ်။ အမှားနည်းနည်းရှိခဲ့တဲ့အတွက် Bogey ဖြစ်သွားတာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL




## စပိန်လာလီဂါပွဲစဉ် (၂၃) ပွဲကြိုသုံးသပ်ချက်များ

STA

အယ်မာရီယာ Vs ဘာစီလိုနာ

**ကစားမည့်ရက်/အချိန် ၂၆-၂-၂၀၂၃ (ည ၁၂း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘာစီလိုနာ ၂ - ၀ အယ်မာရီယာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**အယ်မာရီယာ - ဝေး(ရှုံး) အိမ်(ရှုံး) ဝေး(ရှုံး)**

**ဘာစီလိုနာ - အိမ်(သရေ) အိမ်(နိုင်) ဝေး(ရှုံး)**

အယ်မာရီယာအသင်းဟာ အိမ်ကွင်းဆိုပေမဲ့ ဘာစီလိုနာအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ကမဖြစ်နိုင်ပါဘူး။ ဘာစီလိုနာအသင်းဟာ ယူရိုပါလိဂ်ကထွက်ခဲ့ရပြီး ပြည်တွင်းလိဂ်ဘက်ကိုသာ အာရုံစိုက်ရမှာဖြစ်လို့ အဝေးကွင်းဆိုပေမဲ့အမှားခံမှာ မဟုတ်ပါဘူး။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဘာစီလိုနာအသင်းပဲ အနိုင်ရယူသွားမှာပါ။

**အင်တာနက်ခန့်မှန်း - အယ်မာရီယာ ၀ - ၂ ဘာစီလိုနာ**

ဘီလ်ဘာအို Vs ဂျီရိုနာ

**ကစားမည့်ရက်/အချိန် ၂၆-၂-၂၀၂၃ (ည ၀၇း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂျီရိုနာ ၂ - ၁ ဘီလ်ဘာအို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**ဘီလ်ဘာအို - အိမ်(နိုင်) ဝေး(နိုင်) ဝေး(ရှုံး)**

**ဂျီရိုနာ - အိမ်(နိုင်) ဝေး(ရှုံး) အိမ်(နိုင်)**

အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်တဲ့ ဘီလ်ဘာအိုအသင်းဟာ အိမ်ကွင်းမှာ ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးကစားနိုင်မှာပါ။ လက်ရှိ ဂျီရိုနာအသင်းရဲ့အဝေးကွင်းခြေစွမ်းပိုင်းလဲ တည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရလို့ ဘီလ်ဘာအိုအသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ရခက်ခဲနိုင်မှာပါ။ ဒါကြောင့် အိမ်ကွင်းကစားပုံကောင်းတဲ့ ဘီလ်ဘာအိုပဲအနိုင်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘီလ်ဘာအို ၂ - ၀ ဂျီရိုနာ**

# မြန်မာယူ-၂၀ အမျိုးသမီးအသင်း အာရှယူ-၂၀ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲပထမအဆင့်အဖွင့်ပွဲစဉ်တွင် ကမ္ဘောဒီးယားအသင်းနှင့်ကစားရမည်



**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

၂၀၂၄အာရှယူ-၂၀ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲပထမအဆင့်အတွက် အုပ်စုပွဲစဉ်များ ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာယူ-၂၀ အမျိုးသမီးအသင်းအနေဖြင့် အုပ်စုအဖွင့်ပွဲစဉ်တွင် ကမ္ဘောဒီးယားအသင်းနှင့် စတင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

အာရှယူ-၂၀ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲ ပထမအဆင့်တွင် မြန်မာယူ-၂၀ အမျိုးသမီးအသင်းသည်အုပ်စုအဆင့်တွင် ကမ္ဘောဒီးယားယူ-၂၀အမျိုးသမီးအသင်းနှင့် မလေးရှားယူ-၂၀ အမျိုးသမီးအသင်းတို့နှင့် အတူ တစ်အုပ်စုတည်း ကျရောက်နေပြီး ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အစောပိုင်းက မြန်မာယူ-၂၀ အမျိုးသမီးအသင်း ပါဝင်သည့် အုပ်စုတွင် လေးသင်းပါဝင်ခဲ့သော်လည်း ပါကစ္စတန်ယူ-၂၀ အမျိုးသမီးအသင်း နုတ်ထွက်ခဲ့သည့်အတွက် သုံးသင်းဖြင့်သာ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာယူ-၂၀ အမျိုးသမီးအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် မတ် ၈ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ကမ္ဘောဒီးယား ယူ-၂၀ အမျိုးသမီးအသင်းနှင့်လည်းကောင်း၊ မတ် ၁၂ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မလေးရှား ယူ-၂၀ အမျိုးသမီးအသင်းနှင့် လည်းကောင်း အသီးသီးကစားရမည်ဖြစ်သည်။

အာရှယူ-၂၀ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ပထမအဆင့် ခြေစစ်ပွဲအဆင့်တွင် အုပ်စု တစ်ခုချင်းစီမှ အုပ်စု ပထမနေရာတွင် ရရှိသည့် အသင်းရှစ်သင်းအနေဖြင့် ဒုတိယအဆင့်သို့ တက်ရောက်ခွင့် ရရှိမည်ဖြစ်ပြီး ခြေစစ်ပွဲ ဒုတိယအဆင့်တွင် အုပ်စုနှစ်ခုခွဲကာ ကျင်းပသွားမည်ဖြစ်ပြီး အုပ်စု ပထမနှင့် အုပ်စုဒုတိယနေရာရရှိသော အသင်းများအနေဖြင့် ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်ကြောင်း သိရသည်။

STA

# Rio Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အယ်ကာရက်ဇ် တက်ရောက်

**ရီယို ဖေဖော်ဝါရီ ၂၄**

ဘရာဇီးနိုင်ငံ ရီယိုမြို့တွင် ကျင်းပနေသည့် Rio Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် စပိန်တင်းနစ်ကစားသမားအယ်ကာရက်ဇ်နှင့် အီတလီ တင်းနစ်ကစားသမား ဖော့နီနီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၆-၇၊ ၆-၂၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Tennis-X သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့် (၂) နေရာတွင် ရပ်တည်နေသည့် အယ်ကာရက်ဇ်သည် ပထမပွဲငယ်တွင် Tie-break အဆင့်အထိကစားခဲ့ရပြီး Tie-break တွင် ဖော့နီနီအား ရှုံးနိမ့်ခဲ့ရကာ ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် ပြတ်သားသည့်ရလဒ်များဖြင့် ပြန်လည်အနိုင်ရရှိခဲ့သောကြောင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

စပိန်တင်းနစ် ကစားသမား အယ်ကာရက်ဇ်က "ကျွန်တော်တို့နှစ်ယောက်စလုံးအတွက် တကယ်ကို ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲပါ။ နှစ်ယောက်စလုံးက လက်စွမ်းပိုင်းအဆင့်တစ်ခုမှာ ရှိနေတဲ့အတွက်ကြောင့်လဲ အခုလိုအကြိတ်အနယ်ကစားခဲ့ရတာဖြစ်ပါတယ်။ ရိုက်ချက်တိုင်းကလဲ အကောင်းဆုံးပုံစံမှာရှိနေတဲ့အတွက် တစ်ယောက်နဲ့တစ်ယောက်ကောင်းကောင်းဖိအားပေးနိုင်ခဲ့ကြတယ်။ ဖော့နီနီအနေနဲ့ ခြေချင်းဝတ်လည်သွားတဲ့အတွက် ဒုတိယပွဲငယ်နဲ့ တတိယပွဲငယ်တွေမှာ ပထမပွဲငယ်လောက် ကစားနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ ပြိုင်ပွဲရဲ့ ဒုတိယအဆင့်မှာ အခုလိုပွဲကြီးပွဲကောင်းတစ်ပွဲ ကစားခွင့်ရခဲ့တာကိုလဲ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ခံစစ်ကစားသမား ရာမို့စ် စပိန်လက်ရွေးစင်ကစားသမားဘဝမှ အနားယူကြောင်း ထုတ်ပြန်ကြေညာ

**မက်ဒရစ် ဖေဖော်ဝါရီ ၂၄**

စပိန်လက်ရွေးစင် ဝါရင့်ခံစစ်ကစားသမား ရာမို့စ်သည် နိုင်ငံလက်ရွေးစင်နည်းပြ ဒီဖူအန်တီနှင့် ဆွေးနွေးမှုပြုလုပ်ခဲ့ပြီးနောက် နိုင်ငံလက်ရွေးစင် ကစားသမားဘဝမှအနားယူကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၆နှစ်ရှိ ခံစစ်ကစားသမားသည် နည်းပြအန်းနရစ်လက်ထက်ကလည်း လက်ရွေးစင်အသင်းလူစာရင်းမှ ချန်လှပ်ခံရသဖြင့် ပြီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် လွဲချော်ခဲ့ပြီးနောက် လက်ရွေးစင် ကစားသမားဘဝမှ အနားယူရန် ဆန္ဒရှိနေသကဲ့သို့ ယခုအခါ လက်ရွေးစင်အသင်းနည်းပြသစ် ဒီဖူအန်တီနှင့် ဖုန်းခေါ်ဆို ဆွေးနွေးမှုပြုလုပ်ခဲ့ရာ ၎င်းသည် နည်းပြဒီဖူအန်တီ၏ အနာဂတ်အစီအစဉ်တွင် ပါဝင်ခြင်းမရှိသောကြောင့် လက်ရွေးစင်ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ခံစစ်ကစားသမား ရာမို့စ်က "ကျွန်တော် လက်ရွေးစင်နည်းပြနဲ့ ဒီနေ့မှာ ဖုန်းခေါ်ဆို ဆွေးနွေးခဲ့ပါတယ်။ နည်းပြ ဒီဖူအန်တီက ကျွန်တော့်ဟာ သူ့ရဲ့ အနာဂတ်စီမံကိန်းမှာ ပါဝင်ခြင်းမရှိဘူးလို့ ပြောကြားခဲ့တာပါ။ ဒါ့ပြင် ပီအက်စ်ဂျီအသင်းမှာ ကျွန်တော်ရဲ့ ပုံစံကောင်းကို ရှာမတွေ့ခဲ့ဘူးလို့ ပြောကြားခဲ့ပါတယ်။ ကျွန်တော့်ရဲ့အသက်အရွယ်၊ အခြားအကြောင်းအရာတွေနဲ့မဆိုင်ဘဲ နိုင်ငံအသင်းမှာ ရွေးချယ်ခံရဖို့ မထိုက်တန်တော့တာကြောင့် လက်ရွေးစင်ကစားသမားဘဝမှ အနားယူဖို့ ဆုံးဖြတ်လိုက်တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဝါရင့်ခံစစ်ကစားသမား ရာမို့စ်သည် ၂၀၀၅ ခုနှစ်က စပိန်လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံရပြီးနောက် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၈၀ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၂၃ ဂိုးထိ သွင်းယူနိုင်ခဲ့သည့်အပြင်



အသင်းနှင့်အတူ ကစားခဲ့သည့် အမိကပြိုင်ပွဲခုနစ်ကြိမ်တွင် ယူရို ၂၀၀၈ နှင့် ၂၀၁၂ တို့တွင် ချန်ပီယံဖလားရရှိအောင် အမိကစွမ်းဆောင်နိုင်ခဲ့ကာ ၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလားကိုလည်း ရယူပေးနိုင်ခဲ့သည်။

၎င်းသည် နည်းပြဟောင်း အန်းနရစ် လက်ထက်တွင်လည်း အသင်းခေါင်းဆောင်အဖြစ် ပါဝင်ခဲ့ကာ ယူရို ၂၀၂၀ ပြိုင်ပွဲနှင့် ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲတို့တွင် ပါဝင်ကစားခဲ့ပြီးနောက် ၂၀၂၁ ခုနှစ် မတ် ၃၁ ရက်တွင် ကစားခဲ့သည့် ကိုဆိုဗိုအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်ကို ပါဝင်ပြီးနောက် ပွဲကစားခွင့် မရရှိတော့ဘဲ ၂၀၂၂ ကမ္ဘာ့ဖလား ယှဉ်ပြိုင်မည့် အသင်းလူစာရင်းတွင် ချန်လှပ်ခံခဲ့ရကြောင်း သိရသည်။

ML

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၂) ပွဲကြိုသုံးသပ်ချက်များ

STA

**ဖရိုင်းဘတ် Vs လေဗာကူဆင်**

**ကစားမည့်ရက်/အချိန် ၂၆-၂-၂၀၂၃ (ည ၀၉း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လေဗာကူဆင် ၂ - ၃ ဖရိုင်းဘတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရိုင်းဘတ် | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |
| လေဗာကူဆင် | - | အိမ်(ရှုံး) | အိမ်(ရှုံး) | ဝေး(နိုင်) |

ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရမှတ်လိုအပ်ချက်ရှိနေတဲ့ ဖရိုင်းဘတ်အသင်းဟာ အိမ်ကွင်းမှာရမှတ်ပြည့်ရရှိဖို့ အမှားခံမှာမဟုတ်ပါဘူး။ လေဗာကူဆင်အသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းပြန်လည်ကျဆင်းနေပြီး ရုန်းကန်နေရပါတယ်။ ဒါကြောင့် ဖရိုင်းဘတ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ဖရိုင်းဘတ် ၃ - ၂ လေဗာကူဆင်**

**ဘိုင်ယန်မြူးနစ် Vs ယူနီယံဘာလင်**

**ကစားမည့်ရက်/အချိန် ၂၆-၂-၂၀၂၃ (ည ၁၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ယူနီယံဘာလင် ၁ - ၁ ဘိုင်ယန်မြူးနစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | - | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(ရှုံး) |
| ယူနီယံဘာလင် | - | ဝေး(သရေ) | အိမ်(သရေ) | အိမ်(နိုင်) |

ရမှတ်တူအနေအထားဖြစ်နေလို့ ဘိုင်ယန်မြူးနစ်အသင်းဟာ အိမ်ကွင်းမှာ နိုင်ပွဲရယူပြီး ယူနီယံဘာလင်အသင်းကိုရမှတ်ဖြတ်တောက်ဖို့ ကြိုးစားလာမှာပါ။ ယူနီယံဘာလင်အသင်းဟာ အသင်းလိုက်ကစားပုံကောင်းမွန်တယ်ဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းကတော့ စိတ်ချလို့မရပါဘူး။ ဒါကြောင့် ဘိုင်ယန်မြူးနစ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘိုင်ယန်မြူးနစ် ၃ - ၁ ယူနီယံဘာလင်**

# ပြင်သစ်လီဂူး ပွဲစဉ် (၂၅) ပွဲကြိုသုံးသပ်ချက်များ

STA

**မိုနာကို Vs နိုက်**

**ကစားမည့်ရက်/အချိန် ၂၆-၂-၂၀၂၃ (ည ၁၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နိုက် ၀ - ၁ မိုနာကို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မိုနာကို | - | ဝေး(နိုင်) | ဝေး(နိုင်) | အိမ်(ရှုံး) |
| နိုက် | - | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(သရေ) |

နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေတဲ့ မိုနာကိုအသင်းဟာ အိမ်ကွင်းမှာ နိုက်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးကစားနိုင်မှာပါ။ နိုက်အသင်းကလဲ အသင်းလိုက်ကစားပုံကောင်းမွန်ပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းကတော့ စိတ်ချလို့မရပါဘူး။ ဒါကြောင့် မိုနာကိုအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - မိုနာကို ၂ - ၁ နိုက်**

**မာဆေး Vs ပီအက်စ်ဂျီ**

**ကစားမည့်ရက်/အချိန် ၂၇-၂-၂၀၂၃ (နံနက် ၀၂း၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မာဆေး ၂ - ၁ ပီအက်စ်ဂျီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မာဆေး | - | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(နိုင်) |
| ပီအက်စ်ဂျီ | - | ဝေး(ရှုံး) | အိမ်(ရှုံး) | အိမ်(နိုင်) |

ဒီနှစ်သင်းကြားရမှတ်ကွာဟမှုသိပ်မရှိတော့လို့ ပီအက်စ်ဂျီအသင်းဟာ အဝေးကွင်းဆိုပေမဲ့အမှားခံမှာမဟုတ်ပါဘူး။ မာဆေးအသင်းကလဲ သုံးပွဲဆက်နိုင်ပွဲရယူထားပြီး ပုံစံကောင်းပြသနေလို့ အိမ်ကွင်းမှာ ပီအက်စ်ဂျီအသင်းကိုအကောင်းဆုံးတုံ့ပြန်မှာပါ။ အခုပွဲစဉ်မှာ အမ်ဘက်ပီလဲ ပြန်လည်ပါဝင်လာပြီဖြစ်လို့ တိုက်စစ်ပိုင်းပိုမိုကောင်းမွန်တဲ့ ပီအက်စ်ဂျီအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - မာဆေး ၂ - ၃ ပီအက်စ်ဂျီ**

# နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင်ကြရာဝယ်

ဦးရွှေဦး

နိုင်ငံရေးပါတီဆိုသည်မှာ "စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ယုံကြည်လက်ခံ၍ နိုင်ငံရေးဝါဒသဘောတရားတစ်ရပ်အပေါ်တွင် အခြေခံပြီး မိမိတို့၏လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကော်မရှင်က တည်ထောင်ခွင့်ပြုထားသော အဖွဲ့အစည်း"ကို ဆိုသည်။

တစ်နည်းအားဖြင့် 'ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အရွယ်ရောက်ပြီးသား နိုင်ငံသားအများစု သို့မဟုတ် အားလုံးကို စည်းရုံးလှုံ့ဆော်ခြင်းအားဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်း၏ ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်များအား ပြည်သူထောက်ခံမဲဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နိုင်ခွင့်ရလာစေရန် ကြိုးပမ်းဆောင်ရွက်သည့် အဖွဲ့အစည်း'ဖြစ်ပါသည်။ နိုင်ငံရေးပါတီ၏ အခြားလုပ်ငန်းများအနက် သဘောတရားရေးသင်တန်းပေးခြင်း သို့မဟုတ် နိုင်ငံရေးဝါဒသဘောတရားနှင့် လုပ်ငန်းစဉ်များပါဝင်သည့် ပါတီစည်းမျဉ်းနှင့်ဖွဲ့စည်းပုံတို့ ဆောင်ရွက်ခြင်းလည်း ပါဝင်ပါသည်။ ယေဘုယျအားဖြင့် နိုင်ငံရေးပါတီများတွင် တိကျပြတ်သားသော 'ခေါင်းဆောင်မှု'၊ 'အဖွဲ့အစည်းပုံသဏ္ဌာန်'၊ 'နိုင်ငံရေးသဘောတရား' သို့မဟုတ် 'လမ်းစဉ်'တို့ တည်ရှိသောကြောင့် စနစ်ကျနသော အဖွဲ့အစည်းများဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသော၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေသော၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီများဖွဲ့စည်းနိုင်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၇ အရ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

လက်ရှိတည်ရှိနေသော နိုင်ငံရေးပါတီများအနေဖြင့် အသစ်ပြဋ္ဌာန်းသည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ဥပဒေပြဋ္ဌာန်းသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားရပါမည်။ လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပါမည်။ နိုင်ငံရေးပါတီအသစ် စတင်တည်ထောင်မည့်ပုဂ္ဂိုလ်များအနေဖြင့်လည်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ပါတီတည်ထောင်ခွင့်နှင့် ပါတီမှတ်ပုံတင်ခွင့် လျှောက်ထားကြရမည်ဖြစ်ပါသည်။

ပါတီဝင်အင်အားနှင့်စပ်လျဉ်း၍ ယခင်ဥပဒေတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့် ပါတီဖြစ်ပါက မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစတင်၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်အင်အား ၁၀၀၀၊ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်အင်အား ၅၀၀ စည်းရုံးရန်ဖြစ်ပါသည်။ ယခုဥပဒေအသစ်တွင် ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးမည့်ပါတီဖြစ်ပါက မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစတင်၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်အင်အား တစ်သိန်း၊ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်အင်အား ၁၀၀၀ စည်းရုံးရန်ဖြစ်ပါသည်။ ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီအတွက် ပါတီဝင်အင်အားတစ်သိန်းဆိုသည်မှာ မြို့နယ် ၃၃၀ အတွက် တစ်မြို့နယ်လျှင် ပျမ်းမျှ ၃၀၃ ဦးသာ စည်းရုံးရမည့်သဘောဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့် ပါတီဖြစ်ပါက ပါတီဝင်အင်အား တစ်ထောင်ဆိုသည်မှာ ကယား၊ ကရင်၊ ချင်းပြည်နယ်ကဲ့သို့ လူဦးရေနည်းပါးသည့်ပြည်နယ်များရှိ တိုင်းရင်းသားပါတီများအတွက် သင့်လျော်သောအရေအတွက်ဖြစ်ပါသည်။

ပါတီရန်ပုံငွေစာရင်းနှင့်စပ်လျဉ်း၍ ယခင်ဥပဒေတွင် ထားရှိရမည့်ပါတီရန်ပုံငွေသတ်မှတ်ချက် မပါရှိသော်လည်း ယခုဥပဒေတွင် နိုင်ငံရေးပါတီများအနေဖြင့် ပါတီရန်ပုံငွေစုဆောင်းမှုနှင့်သုံးစွဲမှု စနစ်တကျဖြစ်စေရန်၊ စနစ်တကျစစ်ဆေးခံနိုင်ရန်တို့အတွက် ပါတီတည်ထောင်ခွင့်လျှောက်ထားရာတွင် ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီရန်ပုံငွေကျပ်သိန်း ၁၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီရန်ပုံငွေကျပ် သိန်း ၁၀၀ ကို လည်းကောင်း မြန်မာ့စီးပွားရေးဘဏ်တစ်ခုခုတွင် ငွေစာရင်းဖွင့်လှစ်ပြီးကြောင်း အထောက်အထားနှင့်အတူ တင်ပြရန်ကို တွေ့ရှိပါသည်။

အလိုက် မဲဆန္ဒနယ်တစ်နယ်တွင်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်ပြဋ္ဌာန်းထားပါသည်။

နိုင်ငံရေးပါတီများအနေဖြင့် ပါတီတည်ထောင်ရခြင်းရည်ရွယ်ချက်မှာ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်၍ အနိုင်ရရှိပြီး ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရန်အတွက် ဖြစ်ပါသည်။ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီများအလိုက် ရွေးကောက်ပွဲတွင် ထိုက်သင့်သည့် ကိုယ်စားလှယ်လောင်းအရေအတွက် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

**❖ နိုင်ငံရေးပါတီများအနေဖြင့် ခိုင်မာတောင့်တင်းသောပါတီများအဖြစ်ဖွဲ့စည်းနိုင်ရန် မူဝါဒတူညီသော ပါတီငယ်များစုစည်း၍ ယခုထက်ပိုမိုကျစ်လျစ်ခိုင်မာစွာ ပေါင်းစပ်ဖွဲ့စည်းပြီး ပြည်သူလူထုအတွင်း ကြီးမားကျယ်ပြန့်စွာစည်းရုံးလျက် စုစုစည်းစည်း ခိုင်ခိုင်မာမာဖြင့် ပြည်သူလူထုနှင့် အေးအတူပူအမျှလက်တွဲပြီး နိုင်ငံတော်ကိုဦးဆောင်နိုင်ရန် လိုအပ်ပါသည်။ အပြောကောင်း၊ အလုပ်ကောင်း၊ မူဝါဒကောင်းကောင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီမိုကရေစီစံနှုန်းများနှင့်အညီ အားကောင်းမောင်းသန် ဆောင်ရွက်ကြစေလိုပါသည်။ ❖**

ပါတီရုံးခန်းများဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က သက်ဆိုင်ရာပါတီများကို ကြီးကြပ်ရန်နှင့် အဆင်ပြေစွာ ဆက်သွယ်ဆောင်ရွက်နိုင်ရန်၊ ပါတီများအနေဖြင့်လည်း ပါတီလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန်တို့အတွက် ပါတီရုံးခန်းများဖွင့်လှစ်ရန် လိုအပ်ပါသည်။ လာမည့် အထွေထွေရွေးကောက်ပွဲတွင် အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးမည်ဖြစ်ပါ၍ မဲဆန္ဒနယ်များကို PR စနစ်ဖြင့် လိုက်လျောညီထွေဖြစ်အောင် သတ်မှတ်ရမည်ဖြစ်ပါသည်။ PR စနစ်ဖြစ်သည့်အတွက် ယခင်မဲဆန္ဒနယ်များ လျော့နည်းသွားမည်ဖြစ်ပါသည်။ ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီအနေဖြင့် မဲဆန္ဒနယ်ထက်ဝက်တွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၎င်းတို့ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်မှ ကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်ရန်အတွက် ပါတီရုံးခန်းများကို မဖြစ်မနေဖွင့်လှစ်ရမည်ဖြစ်ပါသည်။ ပါတီမှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီဖြစ်လျှင် မြို့နယ်အားလုံး၏ထက်ဝက်တွင် ပါတီရုံးခန်းဖွင့်လှစ်ရမည်ဖြစ်သဖြင့် မြို့နယ် ၃၃၀ ၏ထက်ဝက် ၁၆၅ မြို့နယ်တွင် ပါတီရုံးခန်းဖွင့်လှစ်ရန် လိုအပ်မည်ဖြစ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုအတွင်း၌ စည်းရုံးမည့်ပါတီဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အတွင်း မြို့နယ် ငါးမြို့နယ်တွင် ပါတီရုံးခန်းများ ဖွင့်လှစ်ရမည်ဖြစ်ပါသည်။

ယခင်ဥပဒေတွင် အနည်းဆုံးမဲဆန္ဒနယ် သုံးနယ်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုပါက ပါတီဖျက်သိမ်းခံရမည်ဖြစ်ပါသည်။ ယခုပြောင်းလဲကျင့်သုံးမည့် အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်ပွဲကျင်းပသည့်အခါ ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးမည့်ပါတီများက မဲဆန္ဒနယ်အားလုံး၏ ထက်ဝက်တွင်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီများက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်

အချုပ်ဆိုရလျှင် ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီများအနေဖြင့် ပါတီရန်ပုံငွေကျပ်သိန်း ၁၀၀၀ ရှိရမည့်အပြင် ပါတီထူထောင်ရန် မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစတင်၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်အင်အား တစ်သိန်းစုဆောင်းရန်နှင့် ရက်ပေါင်း ၁၈၀ အတွင်း ပါတီရုံးခန်းကို မြို့နယ်အားလုံး၏ အနည်းဆုံးထက်ဝက်ဖြစ်သည့် ၁၆၅ ရုံး ဖွင့်လှစ်ရမည်ဖြစ်ပါသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုတွင် စည်းရုံးမည့်ပါတီများသည် ပါတီရန်ပုံငွေကျပ် သိန်း ၁၀၀ နှင့် ပါတီမှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစတင်၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ နှင့် ပါတီရုံးခန်း ငါးရုံး ဖွင့်လှစ်ရမည်ဖြစ်ပါသည်။ ပါတီများထူထောင်ရာတွင် နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးအတွက် လွှတ်တော်အသီးသီးနှင့် အစိုးရအဖွဲ့များတွင် မိမိတို့ကိုထောက်ခံသည့် ဆန္ဒမဲများအရ ကိုယ်စားလှယ်များပါဝင်လာနိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

တိုင်းရင်းသားလူမျိုးအမည်ဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးအတွက် စည်းရုံးမည့်ပါတီ ၃၂ ပါတီ၊ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုအတွင်း၌ စည်းရုံးမည့်ပါတီ ၁၇ ပါတီ စုစုပေါင်း ၄၉ ပါတီ ရှိပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အတွင်း စည်းရုံးမည့် တိုင်းရင်းသားလူမျိုး နိုင်ငံရေးပါတီများအနေဖြင့် အခြားတိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်အတွက် တစ်သီးပုဂ္ဂလများအနေဖြင့်လည်း သွားရောက်ယှဉ်ပြိုင်နိုင်ပါသည်။

နိုင်ငံရေးပါတီများအနေဖြင့် ခိုင်မာတောင့်တင်းသောပါတီများအဖြစ် ဖွဲ့စည်းနိုင်ရန် မူဝါဒတူညီသော ပါတီငယ်များစုစည်း၍ ယခုထက်ပိုမိုကျစ်လျစ်ခိုင်မာစွာ ပေါင်းစပ်ဖွဲ့စည်းပြီး ပြည်သူလူထုအတွင်း ကြီးမားကျယ်ပြန့်စွာစည်းရုံးလျက် စုစုစည်းစည်း ခိုင်ခိုင်မာမာဖြင့် ပြည်သူလူထုနှင့် အေးအတူပူအမျှ လက်တွဲပြီး နိုင်ငံတော်ကိုဦးဆောင်နိုင်ရန် လိုအပ်ပါသည်။ အပြောကောင်း၊ အလုပ်ကောင်း၊ မူဝါဒကောင်းကောင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီမိုကရေစီစံနှုန်းများနှင့်အညီ အားကောင်းမောင်းသန် ဆောင်ရွက်ကြစေလိုပါသည်။

နိုင်ငံရေးပါတီတစ်ခုသည် အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်နှင့်ငြိစွန်းလျှင် မှတ်ပုံတင်ခွင့်ကို ပယ်ဖျက်ခံရမည်ဖြစ်သည်ကိုလည်း သတိပြုသင့်ပါသည်-

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့် ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း၊
- တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကိုထိခိုက်စေသည့် ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း၊
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာမှုမရှိခြင်း၊
- လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့် သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု၊ စည်းရုံးလှုံ့ဆော်မှု ပြုလုပ်ခြင်း၊
- ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်း၊
- နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရသို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ ဩဇာခံပြုသည့် အဖွဲ့အစည်းဖြစ်ကြောင်း တွေ့ရှိခြင်း၊
- တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ်လည်းကောင်း၊ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် လည်းကောင်း ကြေညာခံရခြင်း၊
- နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သောအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊
- နိုင်ငံတော်ပိုင် ငွေကြေး၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်းဖြစ်ကြောင်း တွေ့ရှိခြင်း၊

နိုင်ငံရေးပါတီတစ်ရပ်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိရပါမည်။ နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေရပါမည်။ ထို့ပြင် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံး၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရပါမည်။ နိုင်ငံရေးပါတီများသည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများတွင် ဥပဒေနှင့်အညီ လွတ်လပ်ပြီးတရားမျှတစွာ ပါဝင်ယှဉ်ပြိုင်ပြီး နိုင်ငံ့တာဝန်ကို လွှဲပြောင်းရယူဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

# လမ်းမတော်မြို့နယ် Royal Art Studio & Gallery ပန်းချီပြခန်းတွင် Old Stars အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်ဖြစ်



**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ Royal Art Studio & Gallery ပန်းချီပြခန်းတွင် Old Stars အွန်လိုင်းပန်းချီပြပွဲကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၄ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်းတာဝန်ခံ ပန်းချီ ကျော်သူရိန်က ပြောပြ၍ သိရသည်။

Old Stars အွန်လိုင်းပန်းချီပြပွဲတွင် ကွယ်လွန်ထင်ရှား ပန်းချီဆရာကြီးများဖြစ်ကြသည့် ပန်းချီ ဦးဘလုံလေး၊ ပန်းချီ ဦးငွေကိုင်၊ ပန်းချီ ဦးဘတင့်၊ ပန်းချီ ဦးအုန်းလွင်၊ ပန်းချီ ဦးစန်းလွင်၊ ပန်းချီ ဦးကိုလေး၊ ပန်းချီ ဦးမြတ်ကျော်နှင့် ပန်းချီ ဦးသောင်းဟန်တို့၏ ရှားပါး လက်ရာ ခဲခြစ်၊ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့် ပန်းချီကား ၉၀ ကို စုစည်းပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဖေဖော်ဝါရီ ၂၈ ရက်မှာ ပြသမဲ့ Old Stars ပန်းချီပြပွဲမှာတော့ ပန်းချီကား ၉၀ ပါဝင်မှာဖြစ်ပါတယ်။ နာမည်ကျော်ပန်းချီဆရာကြီးတွေရဲ့ ပန်းချီကားကောင်းတွေကို ပြသပေးသွားမှာဖြစ်ပါတယ်။ နှစ်ရှည်လများ စုဆောင်းထားတဲ့ ပန်းချီကားကောင်းတွေဖြစ်တဲ့အတွက် ဝယ်ယူစုဆောင်းသူတွေ အကြိုက်တွေ့မယ်လို့ပြောလိုပါတယ်"ဟု ပန်းချီ ကျော်သူရိန်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆× ၂၄) လက်မ၊ (၂၄× ၂၄) လက်မ၊ (၁၈× ၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားစုံ ပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းမှာ ငွေကျပ် ၁၅ သိန်းမှ ငွေကျပ်သိန်း ၅၀ ထိရှိကြောင်း သိရသည်။

ASH

# ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ပိတောက်သားရွှေငါးနှစ်ဆင့်ပန်းပုရုပ်များ ဝင်ရောက်လာ

**ပဲခူး ဖေဖော်ဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ပိတောက်သားရွှေငါးနှစ်ဆင့် ပန်းပုရုပ်များ ဝင်ရောက်လာကြောင်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွှေမော်ဓောစေတီအနီးရှိ သီရိရတနာအောင် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်သီရိရတနာအောင်က ပြောပြ၍ သိရသည်။

အဆိုပါ ရွှေငါးနှစ်ဆင့်ပန်းပုရုပ်များမှာ ပဲခူးမြို့ မဇင်းရပ်ကွက်မှ ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ဖေဖော်ဝါရီလဒုတိယပတ်က စတင်ဝင်ရောက်လာခြင်းဖြစ်ပြီး ဈေးကွက်အတွင်း ပန်းပုရုပ်အရေအတွက် ၁၀၀ ခန့် ဝင်ရောက်ထားခြင်းဖြစ်ကြောင်း သိရသည်။



"ဒီရွှေငါးနှစ်ဆင့်ပန်းပုရုပ်လေးတွေက ဈေးကွက်ထဲဝင်လာတာပါ။ အမြင်ဆန်းပြီး ပုံစံကလဲ လှပသေသပ်တဲ့အတွက် ဝယ်ယူသူများပါတယ်။ ဝယ်ယူသူအများစုကတော့ လက်ဆောင်ပေးဖို့ထက် ရုံးခန်း၊ ဟိုတယ်နဲ့ နေအိမ်ဧည့်ခန်းတွေမှာ အလှထားကြတာများပါတယ်"ဟု ဒေါ်သီရိရတနာအောင်က ပြောပြသည်။

အဆိုပါ အလျား ၁၀ လက်မ၊ အနံ ၂၁ လက်မ၊ ဒု လေးလက်မ အရွယ်အစား ပိတောက်သားရွှေငါးနှစ်ဆင့်ပန်းပုရုပ်မှာ တစ်ရုပ်လျှင် ငွေကျပ် ၇၀၀၀၀ ခန့်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ လက်တလောတွင် ပန်းပုရုပ် ၁၅ ရုပ်ခန့် ရောင်းချထားကြောင်း သိရသည်။

ASH

# ပုဏ္ဏားကျွန်းမြို့နယ်တွင် တန်းခိုးဆရာထွန်းစာပေဆုချီးမြှင့်ပွဲ ကျင်းပမည်

**ပုဏ္ဏားကျွန်း ဖေဖော်ဝါရီ ၂၄**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တန်းခိုးဆရာထွန်းစာပေဆုချီးမြှင့်ပွဲကို မတ် ၂၂ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း တန်းခိုးဆရာထွန်းစာပေဆုချီးမြှင့်ပွဲကျင်းပရေးကော်မတီအဖွဲ့ဝင် စာရေးဆရာ ဖဒူစံရွှေက ပြောပြ၍ သိရသည်။

အဆိုပါဆုပေးပွဲကို ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် တန်းခိုးကျေးရွာရှိ တန်းခိုးဆရာထွန်းစာကြည့်တိုက်၌ မတ် ၂၂ ရက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပြီး အဆိုပါဆုပေးပွဲတွင် တစ်သက်တာ စာပေဆု၊ ဂီတစာဆိုဆု၊ ကဗျာဆု၊ ဝတ္ထုဆု၊ ဆောင်းပါးဆုနှင့် ကလေးကဗျာဆု (အချေကဗျာဆု) စုစုပေါင်းခြောက်ဆုကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"တစ်သက်တာစာပေဆုကို ချီးမြှင့်ခံမဲ့သူက အသက် ၈၀ ကျော်ဖြစ်ရမယ်။ နောက်ပြီး ရခိုင်ပြည်နယ်နဲ့ ရခိုင်တိုင်းရင်းသားတွေအတွက် စာပေနဲ့အကျိုးပြုသူဖြစ်ရမယ်။ ဂီတမှာလဲ ဂီတစာဆိုရေးတဲ့ သီချင်းတွေဟာ ရခိုင်ပြည်နယ်နဲ့ ရခိုင်တိုင်းရင်းသားတွေအတွက် အထောက်အကူပြုရမယ်။ ပြီးတော့ ရခိုင်အငွေ့အသက်၊ ရခိုင်အားမာန်၊ ရခိုင်မလေ့စရိုက်သဘာဝ၊ ရခိုင်ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာတွေကို ဖော်ကျူးနိုင်တဲ့၊ ဖန်တီးရေးသားနိုင်တဲ့သူဖြစ်ရမယ်။ ဂီတစာဆိုဆုကတော့ အဆိုရှင်ကိုပေးတာမဟုတ်ဘူး။ သီချင်းကို စတင်ဖန်တီးရေးသားသူကို ပေးတာဖြစ်ပါတယ်။ အသက်အရွယ်ကန့်သတ်ထားတာမရှိဘူး"ဟု စာရေးဆရာ ဖဒူစံရွှေက ပြောပြသည်။

ယခုနှစ်အတွက် တစ်သက်တာစာပေဆုကို ရခိုင်စာရေးဆရာကြီး မောင်ဇသိန်းအား ချီးမြှင့်မည်ဖြစ်ပြီး ဂီတစာဆိုဆုကို ကိုလွမ်းဝေ (သံတွဲ)အား ချီးမြှင့်ရန် ကော်မတီက ရွေးချယ်ထားကြောင်း၊ တန်းခိုးဆရာထွန်းသည် ပုဏ္ဏားကျွန်းမြို့နယ် တန်းခိုးကျေးရွာဇာတိဖြစ်ပြီး ကိုလိုနီခေတ်တွင် ထင်ရှားကျော်ကြားခဲ့သည့် ရခိုင်ဂန္ထဝင်တေးရေးနှင့် စာရေးဆရာကြီးတစ်ဦးလည်းဖြစ်ကြောင်း၊ အသက် ၇၀ ခန့်တွင် ကွယ်လွန်သွားခဲ့ကြောင်း၊ ဆရာကြီးအား ဂုဏ်ပြုလိုသည့်ရည်ရွယ်ချက်နှင့် ထူးချွန်ထက်မြက်သည့် ရခိုင်တိုင်းရင်းသားစာပေပညာရှင်များ ပေါ်ထွန်းလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် တန်းခိုးဆရာထွန်းစာပေဆုချီးမြှင့်ပွဲကို နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။

ASH

# My Spy နောက်ဆက်တွဲဇာတ်ကား၌ အန်နာဖားရစ်၊ ခရိတ်ရော်ဘင်ဆင်နှင့် ဖလူလာဘော့တို့ ပါဝင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၂၄**

Prime Video ၏ My Spy နောက်ဆက်တွဲ ဇာတ်ကားတွင် မင်းသမီး အန်နာဖားရစ်၊ မင်းသား ခရိတ်ရော်ဘင်ဆင်နှင့် ဖလူလာဘော့တို့ ပါဝင်မည်ဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။


My Spy ဇာတ်ကား၌ အဆိုပါ သရုပ်ဆောင်သုံးဦးတို့သည် မင်းသား ဒေ့ဘာတစ္စတာနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို My Spy:The Eternal City ဟူ၍ တရားဝင်နာမည်ပေးထားသည်။

မင်းသား ဒေ့ဘာတစ္စတာ၏ အဆိုအရ My Spy:The Eternal City ဇာတ်ကားရိုက်ကူးမှုကို ယခုလအတွင်း၌ပင် စတင်ရိုက်ကူးဖွယ်ရှိကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျွန်နှင့် အားရစ်ဟိုဘာတို့က ရေးသားပေးထားပြီး ဒါရိုက်တာ ပီတာဆီးဂဲက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း၊ လက်ရှိတွင် My Spy: The Eternal City ဇာတ်ကား ပြသမည့်ရက်ကို Prime Video က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO




# Rob Peace ဇာတ်ကား၌ ကာမီလာကာဘယ်လို ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၂၄**

ကမ္ဘာကျော် အမေရိကန်အမျိုးသမီး လူငယ်အဆိုတော် ကာမီလာကာဘယ်လိုသည် Rob Peace အမည်ရှိ ဒရာမာဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

Rob Peace ဇာတ်ကားတွင် ကာဘယ်လိုသည် မင်းသား ဂျေးဝီ၊ အဆိုတော် ရုပ်ရှင်မင်းသမီး မာရီဂျေဘလစ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို ဖြိတိသျှဒါရိုက်တာ ချီဝီတယ်အီဂျီအိုဖော်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Rob Peace ဇာတ်ကားသည် ကာဘယ်လိုအတွက် ဒုတိယမြောက် ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

ကာဘယ်လိုသည် Prime Video ၏ Cinderella ဇာတ်ကား၌ ၂၀၂၁ ခုနှစ်အတွင်း ပါဝင်သရုပ်ဆောင်ခဲ့ကြောင်း၊ အဆိုပါဇာတ်ကားသည် ရောဘတ်ပီစ်အမည်ရှိ အမေရိကန်လူငယ်တစ်ဦး၏ ဘဝအတ္ထုပ္ပတ္တိကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

KKO



# Onion exported to seven countries, especially to Thailand in 2022-23 FY


Bags of onion seen ready for export.

**Nay Pyi Taw February 24**

The Myanmar Trade Promotion Organization stated that onion of Myanmar was exported to seven customer countries, especially to Thailand before 2022-23 fiscal year.

Myanmar onion flows out to China, Thailand, Malaysia, Singapore, Bangladesh, India, Japan, Vietnam, Australia and the United States of America.

But, the stock was not sold to India, Japan and Australia in 2022-23 fiscal year but to remaining seven countries.

From 1 April 2022 to 3 February 2023, Myanmar exported 82,810.534 tons of onion worth US$36.031 million.

In this regard, 66,853.391 tons of onion was sent to Thailand, earning US$31.005 million.

In 2020-2021 fiscal year, Myanmar sold out onion to China, Malaysia, Singapore, Bangladesh, India, Japan, Vietnam, Australia and US. A total of 252,353.18 tons of onion was exported to these countries, earning US$45.879 million and the mini budget period of 2021-22 FY, Myanmar earned US$15.698 million in exportation of 95,839.553 tons of onion.

In 2022-23 FY, Myanmar exported onion to customer countries but not to Australia, Japan and India. 336

# More than 290 Daedong farming machinery worth more than K3 billion sold till January 2022-23 FY

**Nay Pyi Taw February 24**

The Ministry of Cooperatives and Rural Development on 17 February stated that more than 290 agricultural machinery manufactured by Daedong Co of South Korea worth more than K3 billion was sold to local farmers till the end of January 2023.

As transforming manual to mechanized farming, farming machinery is sold to local farmers for using them in the farming works.

A total of 295 agricultural machinery made by Daedong Co of South Korea were sold to farmers in installment in 2022-23 fiscal year.


Imported farm machinery pieces.

In this regard, nine farming machinery worth K0.173 billion was sold in April 2022, K0.129 billion in May, K0.891 billion in June, K1.236 billion in July K0.428 billion in August, K0.48 billion in September, K0.198 billion in October, K0.188 billion in November and K14 billion in December and K04 billion in January 2023.

The ministry has so far sold 4,244 farming machinery worth K105.39 billion from Daedong Co of South Korea to local farmers up to January-end of 2022-23 fiscal year. At present, the ministry keeps 157 machinery in hand for sale. 336

# 240 navigation signs erected along Mandalay-Tagaung waterway as from 17 February

**Mandalay February 24**

Two vessels are being used in erecting 240 navigation signs along Mandalay-Tagaung waterway in Ayeyawady River as from 17 February 2023, said assistant director U Ye Tun Lin Aung from the Water Navigation Branch of Department of Water Resources and Improvement of River Systems in Mandalay Region.

A total of 140 above-water navigation signs and 100 underwater signs were erected along the route.

"Waterway users need to follow the restrictions on draught and set weight of commodities not to cause stranding and accidents in the waterway during the lower water level period," he added.

Passenger and cargo ships running from Mandalay to Tagaung need to take care of waterway signs not to face stranding and wrong watercourse.

Ayeyawady River has filled with sandbanks due to declining the water level. The passenger vessels and cargo ships need to take care of their watercourse in the Ayeyawady River. 184

# Winter storm brings power outages and travel disruptions across the US

**Washington February 24**

A massive winter storm that brought blizzards and subfreezing temperatures to much of the US has left nearly a million households without power.

The number of customers without electricity has grown to over 945,000 across five states on day two of the storm - 820,000 in Michigan alone.

Over 6,000 US flights were cancelled or delayed on Thursday, according to FlightAware data.

Meanwhile, other parts of the US experienced unusually warm weather.

Temperatures in Washington DC hit 81F (27C) on Thursday, a February-high not seen since 1874.

The North Carolina cities of Charlotte and Greensboro also experienced record highs.

The hot winter weather is in stark contrast to the cold snap hitting southern California, which is usually warm and sunny year-round.

There, a winter storm warning was issued for millions who were told to brace for unusually cold temperatures, blistery winds and snow.

BBC

# Seoul offers radiation tests to N Korea defectors as group flags nuclear risks

**Seoul February 24**

South Korea will offer radiation testing to 881 North Korean defectors after concerns were raised about their exposure to the North's nuclear tests.

It comes after a research report warned that residents around Punggye-ri, the main nuclear testing site, could be exposed to radioactive leaks in water.

The Transitional Justice Working Group (TJWG) estimates that up to half a million residents are at risk.

It also potentially affects people in China, South Korea and Japan.

The group - which was established in Seoul in 2014 by activists and researchers from South Korea, North Korea, US, UK and Canada - analysed publicly available data and open-source intelligence for its latest report.

North Korea last tested a nuclear bomb in 2017 - the most powerful of six tests conducted at Punggye-ri.

It said the tests were conducted safely, but scientists have long raised fears that radioactive material might have escaped into the surrounding soil and groundwater.

North Korean defectors, who once lived near the site, have previously reported seeing strange illnesses in their communities, but scientists have not been able to establish a link.

BBC


Leader Kim Jong Un has overseen an acceleration in North Korea's weapons programme.

# Myanmar's watermelon gets good prices in Chinese market



Truck carrying watermelon on the way for export to China.

**Muse February 24**

Myanmar's water melon is active in Chinese market with high demand, getting good prices, said Myanmar-China border merchant association (northern Shan State) CEC member U Zaw Than Tun.

As Chinese authorities ease restrictions for import of watermelon and muskmelon from Myanmar, more than 170 truckloads of fruits flow into Chinese market via Muse 105th-Mile trade zone.

"After the Chinese New Year period, watermelon and muskmelon market regains activeness as from 13 February at high prices. One kilo of watermelon fetched 3.6 yuan in the New Year period, compared to 4.1 yuan at present. The seedless fruit fetches 5.7 yuan now compared to 5.4 yuan in the past. Muskmelon also fetched 5.8 yuan per kilo compared to 6.6 yuan at present. Now, more than 170 trucks with the loads of fruits drive into China at present, in comparison with some 100 trucks before the New Year period," said U Zaw Than Tun.

Watermelon, muskmelon and seedless fruits are exported to China from Muse 105th-Mile trade zone via Kyinsankyaw-Wam Ding trade gate. ASH

# Myanmar plans to breed and designate short headed catfish as national fish

**Yangon February 24**

The Department of Fisheries is planning to commercialize short headed catfish, which exists only in Myanmar as a local species among the ASEAN countries, and establish it as a national fish, according to U Nyunt Win, Director of Development and Research Division under the department.

Research and hatchery production for the commercial breeding of short headed catfish, which is native to Myanmar, will be carried out at the Fisheries Institute (Twantay) in Yangon Region. Currently, initial experimental research activities are being carried out in Twantay Township.

It is also reported that the Myanmar Fisheries Federation has handed over 100 species of short headed catfish to the Fisheries Institute (Twantay) to carry out research and hatchery production for commercial breeding of short headed catfish.

It is also reported that the short headed catfish can be seen in the lower waters of Mandalay Region. It is also known that Myanmar's short headed catfish is a species that does not yet exist in the Mekong River. ASH



Short headed catfish.

# Largest volume of oil products in 10 items imported till February 2023

**Nay Pyi Taw February 24**

According to the Ministry of Commerce, Myanmar imported ten kinds of goods till February in 2022-23 fiscal year, of which oil product was the largest volume.

Myanmar divides four groups of import goods such as invested materials, industrial materials, personal goods and CMP raw materials.

In this regard, the government and private sector import invested materials industrial materials and persona goods, and private sector alone imports CMP raw materials.

Up to February 2022-23 fiscal year, Myanmar mostly imported oil products, textile, iron and steel wares, medicines, fertilizers, machines and machinery, palm oil, plastic raw materials, ship and ship equipment, electronic supply and accessories, of which oil and oil products was worth US$4426.625 million.

The second largest import volume was textile worth US$1,211595 million, followed by iron and steel wares worth USUS$564.119 million, medicine US$540.289 million, fertilizer US$535.75 million, machine and machinery US$532.371 million, plastic materials US$528.085 million, ship and ship equipment US$457.936 million and electric supply equipment US$445.755 million. 336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Plan underway to export 20,000 tons of gram worth more than US$17 million in 2023-24 FY

**Nay Pyi Taw February 24**

The Ministry of Commerce stated that a plan is underway to export 20,000 tons of gram worth more than US$17 million to foreign market in 2023-24 fiscal year.

Not only leaves but crop of gram is marketable, and local people consume these products. Prices of gram in the market are cost effective for local farmers.

From 1 April 2022 to 10 February 2023 of the 2022-23 fiscal year, Myanmar earned US$12.798 million from export of gram.

In this regard, the earning US$12.771 was pocketed from export of gram through shipping and US$0.027 million from the land border.

In 2023-24 fiscal year, a plan is underway to export 20,000 tons of gram worth US$17.4 million.

Each quarter of the financial year will export 5,000 tons of grams, and it totals 20,000 tons. It will fetch US$870 per ton.

In 2022-23 fiscal year, gram fetched K43,000 to K50,000 per basket depending on the quality and type in April compared to K44,700 to K51,000 per basket in May 2022.

On 17 February 2023, gram fetched K61,000 to K63,000 per basket. 336




Photo shows quality gram for export.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဆွစ်ဇာလန်နိုင်ငံစစ်ဘက်က တပ်ဖွဲ့များ ရပ်တည်မှုပိုမိုမြင့်မားစေရေး တိုက်ခိုက်ရေးဒရုန်းများဝယ်ယူရန်စဉ်းစားနေ



ဆွစ်ဇာလန်နိုင်ငံသည် စစ်မြေပြင်တွင် အရေးကြုံလာပါက ၎င်း၏တပ်ဖွဲ့များ ရပ်တည်မှု ပိုမိုမြင့်မားစေရေးအတွက် တိုက်ခိုက်ရေးဒရုန်းများ ဝယ်ယူရန်စဉ်းစား နေကြောင်း ဖေဖော်ဝါရီ ၂၂ ရက်တွင် ဆွစ်ဇာလန်စစ်ဘက်အကြီးအကဲ Thomas Sussli က ပြောကြားခဲ့သည်။

ပြည်တွင်းသတင်းမီဒီယာ CH-Media နှင့်အင်တာဗျူးတစ်ခုတွင် Sussli က မောင်းသူမဲ့လေယာဉ်များသည် နိုင်ငံ၏ခေတ်မမီတော့ဘဲ သက်တမ်းကြာမြင့်နေပြီဖြစ်သည့် အမြောက်လက်နက်စနစ်များ နေရာတွင် တစ်စိတ်တစ်ပိုင်း အစားထိုးရန် စဉ်းစားနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါလှုပ်ရှားမှုသည် လက်နက်များနှင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များ ထပ်မံထည့်သွင်းခြင်းအပါအဝင် ဆွစ်ဇာလန်နိုင်ငံ၏စစ်ဘက်အဆင့်မြှင့်တင်ခေတ်မီရေး ကြိုးပမ်းမှု၏တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

"ဆယ်စုနှစ်တစ်ခုအတွင်း စစ်ဘက်ရဲ့ သုံးပုံတစ်ပုံစွမ်းအားစုတွေဖြစ်တဲ့ တင့်ကားတပ်ရင်းနှစ်ရင်းနဲ့ ခြေမြန်တပ်ရင်းခြောက်ရင်းကို အဆင့်မြှင့်တင်သွားချင်ပါတယ်"ဟု Sussli က ပြည်တွင်းမီဒီယာသို့ ပြောကြားခဲ့သည်။

တိုက်ခိုက်ရေးဒရုန်းများအပြင် ဆွစ်ဇာလန်နိုင်ငံသည် စွမ်းအားမြင့်အတွဲလိုက်ပစ်ဒုံးကျည်၊ အမြောက်စနစ်များကို ဝယ်ယူရန် နည်းလမ်းရှာဖွေလျက်ရှိသည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း ဆွစ်ဇာလန်နိုင်ငံ စစ်ဘက်သည် ၎င်း၏ စစ်လက်နက်တိုက်ကို အဆင့်မြှင့်တင်ရန်နှင့် အနာဂတ်စစ်ပွဲအတွက်ပြင်ဆင်ရန် တောင်းဆိုမှုများ ပြုလုပ်လာခဲ့ကြသည်။

ရုရှား၏စစ်ရေးအရ ယူကရိန်းကို အရေးယူခဲ့မှုကြောင့် ကာကွယ်ရေးအသုံးစရိတ်သည် လာမည့်လေးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၆၄၆ သန်းမှ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၄ ဘီလီယံထိ တိုးမြှင့်ပေးရန် အစိုးရအား တောင်းဆိုခဲ့ခြင်းလည်းဖြစ်သည်။

ဆွစ်ဇာလန်စစ်ဘက်သည် ဒစ်ဂျစ်တယ်စွမ်းဆောင်ရည်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း၊ စစ်မြေပြင်အား တစ်သားတည်းဖြစ်အောင် ပုံတူကူးချထားသော ကွန်ပျူတာစနစ်ထွက် ရုပ်ပုံများသည် လက်နက်စနစ်များကို ပိုမိုထိရောက်စွာအသုံးပြုရန် အထောက်အကူဖြစ်စေနိုင်ကြောင်း Thomas Sussli က ပြောကြားခဲ့သည်။

ထို့ပြင် ဆွစ်ဇာလန်နိုင်ငံသည် နိုင်ငံ၏ ဆိုက်ဘာကာကွယ်ရေးကို ပြန်လည်ပြင်ဆင်ရန်အတွက် ဆိုက်ဘာကွပ်ကဲမှုစင်တာတစ်ခု ဖွဲ့စည်းတည်ထောင်ရန် အတည်ပြုနိုင်ခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံ၏စစ်မှုထမ်းစနစ်တွင် အသက် ၁၉ နှစ်ပြည့် ကျန်းမာရေးကောင်းမွန်သော ဆွစ်ဇာလန်အမျိုးသားအားလုံးကို စစ်မှုထမ်းရန်ဆင့်ခေါ်ထားသည်။ စစ်မှုထမ်းရန်သင့်လျော်ကြောင်း ကြေညာပါက ပျမ်းမျှစစ်မှုထမ်းများ၏သုံးပုံနှစ်ပုံခန့်မှာ ကျင့်ဝတ်အရ အရပ်ဘက်လူမှုအသိုက်အဝန်းများမှ ရွေးချယ်ရန်တစ်ခုတည်းသော နည်းလမ်းအဖြစ် ကျင့်သုံးပြဋ္ဌာန်းထားသည်။

**Switzerland Considering Buying Armed Drones: Army Chief ကို ဘာသာပြန်ဆိုထားပါသည်။**

## အီရန်နိုင်ငံက ကိုယ်ပျောက်တိုက်လေယာဉ်ကို မောင်းသူမဲ့လေယာဉ်အဖြစ် ပြောင်းလဲမည့်အစီအစဉ်ကိုထုတ်ဖော်ပြသ

အီရန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံ၏ကိုယ်ပျောက်တိုက်လေယာဉ်ကို မောင်းသူမဲ့လေယာဉ်အဖြစ်ပြောင်းလဲမည့်အစီအစဉ်ကို ဖေဖော်ဝါရီ ၂၀ ရက်က ထုတ်ဖော်ပြသခဲ့သည်။

တိုက်လေယာဉ်ကို နည်းပညာပိုင်းဆိုင်ရာထည့်သွင်းလုပ်ဆောင်နိုင်မှု အတော်ခရီးရောက်နေပြီဖြစ်ကြောင်း အီရန်နိုင်ငံ နိုင်ငံပိုင်ရုပ်မြင်သံကြားမှ ဗိုလ်မှူးချုပ် Afshin Khajefard က ပြောကြားခဲ့သည်။

ပြည်တွင်းထုတ်စစ်လေယာဉ်ကို အလိုအလျောက်မောင်းသူမဲ့လေယာဉ်အဖြစ်သို့ ပြန်လည်တည်ဆောက်ရန်ဝန်ကြီးဌာနအနေဖြင့်စတင်လုပ်ဆောင်နေပြီဟု ဗိုလ်မှူးချုပ် Afshin Khajefard ၏ ပြောကြားချက်ကို ကိုးကား၍ Tasnim News Agency သတင်းဌာနက ရေးသားထားခဲ့သည်။

တိုက်လေယာဉ်များ၏ဗားရှင်းအမျိုးမျိုးကို၂၀၂၄ ခုနှစ် နှစ်လယ်တွင် ထုတ်ဖော်ပြသမည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။

၂၀၁၃ ခုနှစ်တွင်ထုတ်ဖော်ပြသခဲ့သော ကိုယ်ပျောက်တိုက်လေယာဉ်သည် အင်ဂျင်တစ်လုံးတပ်၊ တစ်ယောက်မောင်းလေယာဉ်အမျိုးအစားဖြစ်ပြီး ပြေးလမ်းတိုများပေါ်တွင် ဆင်းသက်ပျံသန်းနိုင်မည်ဖြစ်သည်။ ကိုယ်ပျောက်တိုက်လေယာဉ်ကို အသွင်ပြောင်းရန် အီရန်နိုင်ငံ၏လုပ်ဆောင်မှုသတင်းသည် နိုင်ငံ၏အလိုအလျောက်မောင်းသူမဲ့စနစ်များ ထုတ်လုပ်ရေးတွင် ထိပ်တန်းနိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခံရချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

ကိုယ်ပျောက် တိုက်လေယာဉ်သည် ပစ်မှတ်တစ်ခုကိုမတိုက်ခိုက်မချင်း လေပေါ်တွင်ဝဲပျံနေနိုင်သည်။ အီရန်ထုတ် Fateh ပဲ့ထိန်းဒုံးကျည်ကဲ့သို့ ပစ်မှတ်များကို ထိမှန်ဖျက်ဆီးရာတွင် ဦးစွာကင်းထောက်၊ စိစစ်ခွဲခြားနိုင်စွမ်းရှိမည်ဖြစ်သည်။

ယူကရိန်းအပေါ် အသုံးပြုရန် ရုရှားနိုင်ငံမှ ဒရုန်းများကို ပံ့ပိုးပေးရန်အတွက် အီရန်က ပိတ်ဆို့အရေးယူမှုအသစ်များနှင့်ရင်ဆိုင်နေရချိန်တွင် အဆိုပါအစီအစဉ်များထွက်ပေါ်လာခြင်းဖြစ်သည်။ သို့သော် ဗိုလ်မှူးချုပ် Khajefard က လေယာဉ်အစိတ်အပိုင်းများ ထုတ်လုပ်ရေးတွင်တိုင်းပြည်၏ မိမိကိုယ်ကိုအားကိုး၍သာ တိုးတက်ဖွံ့ဖြိုးထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။ ပိတ်ဆို့အရေးယူမှုများရှိနေသော်လည်း အီရန်နိုင်ငံသည် ပြည်တွင်းလေကြောင်းလိုင်း၌ စီးပွားဖြစ်သုံးလေယာဉ်များကို ပြုပြင်မွမ်းမံနိုင်ကြောင်း ၎င်းကပြောကြားခဲ့သည်။ ကျွန်ုပ်တို့သည် ပြည်တွင်း၌ပင် အင်ဂျင်ဆက်စပ်ပစ္စည်းလုံလောက်မှုအတိုင်းအတာကြောင့် ယခုလို



မျိုး အင်ဂျင်မျိုးကွဲပေါင်း ၁၀ မျိုးထိ ထုတ်လုပ်ထားနိုင်ခဲ့ပြီး အများစုမှာ ဒရုန်းများနှင့် ခရုဇ်ဒုံးကျည်များတွင် အသုံးပြုသည့် အင်ဂျင်အမျိုးအစားများဖြစ်သည်ဟု Khajefard ၏ပြောကြားချက်ကိုကိုးကား၍ Tehran Times သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

**Iran Unveils Plan to Turn Stealth Fighter Into Unmanned Aircraft ကို ဘာသာပြန်ဆိုထားပါသည်။**

## အီဂျစ်၊ အာဂျင်တီးနားနိုင်ငံတို့က အိန္ဒိယထုတ် Tejas လေယာဉ်ကို ပထမဆုံးအသုံးပြုမည့် ပြည်ပနိုင်ငံများဖြစ်လာနိုင်



အီဂျစ်နှင့် အာဂျင်တီးနားနိုင်ငံတို့သည် အိန္ဒိယနိုင်ငံ၏ Hindustan Aeronautics Limited (HAL) ကုမ္ပဏီထုတ် Tejas LCA Mk-1A တိုက်လေယာဉ်ကို ပထမဆုံးအသုံးပြုမည့် ပြည်ပနိုင်ငံများဖြစ်လာနိုင်ကြောင်း မကြာသေးမီက ကျင်းပခဲ့သော Aero-India 2023 လေကြောင်းပြပွဲ၌ အဆိုပါကုမ္ပဏီ၏ဥက္ကဋ္ဌ Shri Ananthakrishnan က ဖေဖော်ဝါရီ ၂၀ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အဆိုပြုချက်၏တစ်စိတ်တစ်ပိုင်းအနေဖြင့် HAL ကုမ္ပဏီသည် အီဂျစ်နိုင်ငံသို့ Tejas တိုက်လေယာဉ်အစင်း ၂၀ ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး ပြည်တွင်း၌ လေယာဉ်ထုတ်လုပ်ရန်အတွက် နည်းပညာအပြည့်အစုံကို လွှဲပြောင်းပေးမည်လည်းဖြစ်သည်။

အာဂျင်တီးနားနိုင်ငံအတွက် အဆိုပြုထားသော စာချုပ်သည် နိုင်ငံ၏ခေတ်မမီတော့သည့် လော့ခ်ဟိဒ်မာတင်ထုတ် A-4 AR Fightinghawks လေယာဉ်အုပ်ကို အစားထိုးမည်ဖြစ်သည်။ အာဂျင်တီးနားနိုင်ငံသည် တိုက်လေယာဉ် ၁၅ စင်း လိုအပ်ချက်အတွက် ဖြည့်ဆည်းဝယ်ယူရန်ခန့်မှန်းထားကြောင်း သိရသည်။

"အီဂျစ်ဟာ ဒေသတွင်းလေကြောင်းနဲ့ အာကာသဂေဟစနစ်ဖန်တီးနိုင်ဖို့ စိတ်ဝင်စားမှုကို ပြသခဲ့ပါတယ်။ အဲဒါကို အဆင်ပြေချောမွေ့အောင် ကူညီပေးပါမယ်။ အာဂျင်တီးနားလေတပ်က အဖွဲ့နှစ်ဖွဲ့ဟာ HAL ကုမ္ပဏီထံ လာရောက်လည်ပတ်ခဲ့ပြီး Tejas တိုက်လေယာဉ်ကို စမ်းသပ်ပျံသန်းခဲ့ကြပါတယ်"ဟု Shri က ပြောကြားသည်။

အကယ်၍ သဘောတူညီချက်များသာ အပြီးသတ်အောင်မြင်ပါက အီဂျစ်နှင့် အာဂျင်တီးနားနိုင်ငံတို့သည် Tejas တိုက်လေယာဉ်များ၏ ပထမဆုံးသောနိုင်ငံခြားအော်ပရေတာများဖြစ်လာမည်ဖြစ်သည်။

Tejas တိုက်လေယာဉ်သည် အိန္ဒိယလေတပ်နှင့် ရေတပ်အတွက် မူလဒီဇိုင်းထုတ်ထားသည့် အပေါ့စား ဘက်စုံသုံးတိုက်လေယာဉ်ဖြစ်သည်။

အင်ဂျင်တစ်လုံးတည်းဖြင့် မောင်းနှင်နိုင်ပြီး အလေးချိန် ၆ ဒသမ ၅ တန်ရှိသောလေယာဉ်တွင် စွမ်းဆောင်ရည်ပိုမိုကောင်းမွန်စေရန်အတွက် Quadruple Fly-By-Wire ဒစ်ဂျစ်တယ်စနစ်သုံး အလိုအလျောက်ပျံသန်းမှုထိန်းချုပ်ရေးစနစ်ပါရှိသည်။

Tejas တိုက်လေယာဉ်များတွင် ဗုံးများနှင့် ဒုံးကျည်များကဲ့သို့သော လက်နက်အမြောက်အများကို သယ်ဆောင်နိုင်စေမည့် Compound Tailless Delta တောင်ပံပုံသဏ္ဌာန်ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ ထို့ပြင် လေယာဉ်၏လမ်းကြောင်းပြမှုစနစ်များတွင် SIGMA 95N Ring Laser Gyroscope Inertial Navigation System အသုံးပြုထားပြီး ပေါင်းစပ်တည်နေရာပြစနစ်ပါရှိသည်။ လေယာဉ်၏ အလျင်နှုန်းမှာ Mach 1.6 ဖြစ်သည်။

**Egypt, Argentina Could Become First Foreign Users of Indian Tejas Aircraft ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကျောင်းကုန်းမြို့နယ်၌ ဒေသထွက်နာနတ်သီးများ ဈေးကောင်းရရှိနေ



**ကျောင်းကုန်း ဖေဖော်ဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်၌ နာနတ်သီးပေါ်ချိန်တွင် ဒေသထွက်နာနတ်သီးများ ဈေးကောင်းရရှိနေကြောင်း ကျောင်းကုန်းမြို့နယ် စိုက်ပျိုးရေးလုပ်ငန်းရှင်များအသင်း တာဝန်ခံ ဒေါ်လှလှထွေးက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ဖေဖော်ဝါရီလ၌ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် မိုးကာလက စိုက်ပျိုးခဲ့သည့် နာနတ်သီးများ ထွက်ရှိနေပြီဖြစ်ကြောင်း၊ အဆိုပါဒေသထွက်နာနတ်သီး တစ်တင်းခွဲဝင် တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀ ထိ ရရှိပြီး ယခင်က နာနတ်သီး တစ်တင်းခွဲဝင် တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀ ထိသာ ရရှိခဲ့ကြောင်း၊ အဆိုပါနာနတ်သီးများ ဈေးကောင်းရရှိနေခြင်းသည် ဒေသထွက် နာနတ်သီးများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုအားကောင်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ကျောင်းကုန်းမှာ ဒီအချိန်ကတော့ နာနတ်သီးပေါ်ချိန်ဖြစ်ပါတယ်။ အဓိကတင်ပို့ရောင်းချတာကတော့ ရန်ကုန်ဈေးကွက်ကိုပဲ ပို့ရတာဖြစ်ပါတယ်။ အခုလို နာနတ်သီးပေါ်ချိန်မှာ ဈေးကောင်းရရှိနေတော့ နာနတ်စိုက်တဲ့သူတွေ အဆင်ပြေကြတယ်။ ကျောင်းကုန်းမြို့နယ်အတွင်းမှာ နာနတ်ပင်တွေကို မြေအောက်ရေအစိုဓာတ် များများရရှိတဲ့နေရာတွေမှာ စိုက်တာများတယ်။ နာနတ်ပင်တွေကို စိုက်ခင်းတွေအနေနဲ့ရော ကြားသီးနှံ အနေနဲ့ပါ စိုက်ပျိုးကြပါတယ်။ နာနတ်စိုက်ပျိုးတဲ့လုပ်ငန်းက တောင်သူတွေနဲ့ ရင်းနှီးပြီး စိုက်ရတာလဲ လွယ်ကူတာကြောင့် တောင်သူတွေလဲ စိုက်ပျိုးရတာ အဆင်ပြေပါတယ်။ နာနတ်က ထိုက်သင့်တဲ့ အကျိုးအမြတ်ရရှိတဲ့ သီးနှံတစ်မျိုးဖြစ်ပါတယ်"ဟု ကျောင်းကုန်းမြို့နယ် စိုက်ပျိုးရေးလုပ်ငန်းရှင်များအသင်း တာဝန်ခံ ဒေါ်လှလှထွေးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ဒေသခံများသည် စပါးစိုက်ပျိုးသည့်လုပ်ငန်းနှင့် ယှဉ်တွဲပြီး နာနတ်ပင်များကို တောင်သူတစ်ဦးလျှင် တစ်ဧကမှ ဧက ၅၀ ထိ စိုက်ပျိုးကြကြောင်း၊ အဆိုပါ ဒေသထွက်နာနတ်သီးများသည် အရည်အသွေးကောင်းမွန်ပြီး ရက်ရှည်အထားခံသည့်အတွက် တစ်ဆင့်ပြန်လည်ရောင်းချသူများနှင့် စားသုံးသူများ အထူးကြိုက်နှစ်သက်ကြောင်း ၄င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မင်းဘူးမြို့နယ် ပေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီးဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ပေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ် ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာအုပ်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့် ချေးငွေ၊ အတိုး၊ အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄ ဒသမ ၅ သန်းကို လွှဲပြောင်းပေးအပ်သည်။



ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း တတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၄၄ ဦးကို ငွေကျပ် ၂၆ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၆၀ ကို ငွေကျပ် ၆ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၁ ဒသမ ၂ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် သုည ဒသမ ၈၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၁၇ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၄ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဝင်းမာ**

# တန့်ယန်းမြို့နယ် မန်နမ့်အွန်(ပိန်းမခန်း)ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**တန့်ယန်း ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် နားဟန်ကျေးရွာအုပ်စု မန်နမ့်အွန်(ပိန်းမခန်း) ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မနွယ်ထွန်း၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မန်နမ့်အွန်(ပိန်းမခန်း) ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက လိုအပ်သည်များဆွေးနွေးမှာကြားသည်။

အဆိုပါ မန်နမ့်အွန်(ပိန်းမခန်း) ကျေးရွာတွင် အလျား ပေ ၄၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို VDP ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာ ပြည်သူထည့်ဝင်ငွေကျပ် ၆၁ သိန်း၊ စုစုပေါင်းငွေကျပ် ၁၆၁ သိန်းဖြင့် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဘက်စုံသုံးခန်းမ တည်ဆောက်ပေးနိုင်မှုကြောင့် ကျေးရွာနေပြည်သူများ၏ လူမှုရေး၊ ပညာရေးနှင့် အခြားရပ်ရွာကိစ္စများ၌ အဆင်ပြေစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နံ့လာ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၄-၂-၂၀၂၃

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၉၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၃၈၀၀၀ |
| **(ရွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **ဓားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၇၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၅၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၂၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၉၅ |
| **(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# ငပလီကမ်းခြေဒေသရှိ ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ကွင်းဆင်းဆောင်ရွက်




**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ကမ်းခြေဒေသများ သန့်ရှင်းသာယာလှပပြီး ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ယင်းဒေသများသို့ တိုးတက်ဝင်ရောက်လာရေးနှင့် ကမ်းခြေဒေသခရီးသွားလုပ်ငန်းများ စနစ်တကျ ရေရှည်ဖွံ့ဖြိုးတိုးတက်နေစေရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များ၊ လုပ်ငန်းလုပ်ကိုင်သူများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် ငပလီကမ်းခြေဒေသ Aureum Palace ဟိုတယ်၌ ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရခိုင်ဇုန်)၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

ရှေးဦးစွာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန သံတွဲရုံးခွဲတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးက ငပလီကမ်းခြေဒေသရှိ ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ခရီးသွားဆွဲဆောင်ရာနေရာများ ဖော်ထုတ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ငပလီကမ်းခြေဒေသ ခရီးသွားလုပ်ငန်း စနစ်တကျဖြင့် မြန်မြန်ဆန်ဆန်တိုးတက်လာရေးအတွက် အကောင်အထည်ဖော်ရန် လာရောက်တွေ့ဆုံခြင်း ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်း တိုးတက်လာပါက ဆက်စပ်လျက်ရှိသည့် လုပ်ငန်းများပါ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ဒေသသို့ ခရီးသွားများ ပိုမိုဝင်ရောက်လာခြင်းကြောင့် ဒေသခံတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာပြီး ဝင်ငွေတိုးတက်ရရှိလာမည်ဖြစ်ပါကြောင်း၊ ခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လာရေးအတွက် မူဝါဒပိုင်းဆိုင်ရာနှင့် လုပ်ငန်းပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုကဏ္ဍနှစ်ခုကို ဟန်ချက်ညီစွာ အကောင်အထည်ဖော်ရန်လိုအပ်ပါကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ပြီး ပြည်ပခရီးသွား ပိုမိုဝင်ရောက်လာရန် ဆွဲဆောင်ကြရန်လိုအပ်ပါကြောင်း၊ အလားတူ ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ကြရမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနက လုပ်ငန်းများမြန်ဆန်စွာဆောင်ရွက်နိုင်ရေး ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းမှာ လူအချင်းချင်း ကူးလူးဆက်ဆံမှုအပေါ် အခြေခံသည့်အတွက် ဧည့်သည်များ၏ စိတ်ကျေနပ်နှစ်သက်မှုရရှိရေးမှာ အရေးကြီးပါကြောင်း၊ ရှိနှင့်ပြီးသော ကမ်းခြေဒေသများကို သန့်ရှင်းသာယာလှပအောင်ဆောင်ရွက်ပြီး ဆက်စပ်လည်ပတ်နိုင်သော ခရီးစဉ်ဒေသသစ်များ ဖော်ထုတ်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနက ဆောင်ရွက်နေသော ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိအမှတ်ပြုမှုအစီအစဉ်ကဲ့သို့ အစီအစဉ်များတွင် ပါဝင်ကြစေလိုပါကြောင်း၊ ငပလီကမ်းခြေဒေသခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်း ပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်းနှင့် နိုင်ငံတော်နှင့်ဒေသ၏အကျိုးစီးပွားကို အထူးဂရုပြုရန်လိုအပ်ပါကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ခရီးသွားလုပ်ငန်းဖော်ဆောင်ရာတွင် ကြုံတွေ့နေရသည့်အခြေအနေများ၊ ငပလီကမ်းခြေဒေသခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်နေမှုများ၊ ကမ်းခြေသာယာလှပရေးတို့ကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငပလီကမ်းခြေဒေသရှိ ဟိုတယ်များကို လှည့်လည်ကြည့်ရှုပြီး ဟိုတယ်သို့လာရောက်တည်းခိုကြသည့် ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုကောင်းများပေးစွမ်းနိုင်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများ၊ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်တည်းခိုရန် မြှင့်တင်ကြော်ငြာရေး၊ ဟိုတယ်ပရဝဏ်နှင့်ပတ်ဝန်းကျင် အမှိုက်သရိုက်များကင်းစင်ပြီး သာယာလှပသော အစိမ်းရောင်ဇုန်များဖော်ဆောင်နေမှု အခြေအနေများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၅၁)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ နောက်ဆုံးနေ့(ပဉ္စမနေ့) ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ကျန်းမာရေး ဝန်ကြီးဌာနက ကြီးမှူးကျင်းပသော "(၅၁)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ" နောက်ဆုံးနေ့(ပဉ္စမနေ့)ကို ယနေ့တွင် ရန်ကုန်မြို့၊ ဒဂုံမြို့နယ် အမှတ် (၅) ဇီဝကလမ်းရှိ ဆေးသုတေသန ဦးစီးဌာနတွင် ဆက်လက်ကျင်းပသည်။

ညီလာခံ နောက်ဆုံးနေ့၏ နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမေရိကန်နိုင်ငံ University of California, Davis နှင့် Colorado State University တို့ ပူးပေါင်းပြုလုပ်သည့် "အသစ်ပေါ်ထွန်းဦးမော့လာသော ကူးစက်ရောဂါများကို ကဏ္ဍစုံပေါင်းစုံ၍ တစ်ခုတည်းသော ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှုဖြင့် ဝိုင်းဝန်းတိုက်ဖျက်ခြင်း" ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ကျင်းပရာ ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှိုင်မြတ်သူနှင့် University of California, Davis မှ Dr. Christine K. Johnson တို့က သဘာပတိများအဖြစ် ဆောင်ရွက်သည်။

ယင်းနှီးနှော ဖလှယ်ပွဲတွင် University of California, Davis မှ Dr. Tierra Smiley Evans က "မြန်မာနိုင်ငံ၏ ဇီဝအချက်အချာကျသော ဒေသရှိ တိရစ္ဆာန်မှ လူသို့ကူးစက်သော ဗိုင်းရပ်စ်များ၏ ကူးစက်ဖြစ်ပွားပျံ့နှံ့ပုံ"၊ University of California Davis မှ Dr. Lark L. Coffey က "ချိကန်ဂန်းညား ဗိုင်းရပ်စ်ရောဂါ အဆင့်ဆင့်ပေါ်ထွက်လာပုံ"၊ Colorado State University မှ Dr. Rebekah Kading က "ခြင်များ၏ ပုံပန်းသွင်ပြင်နှင့် ခြင်အမျိုးအစားသတ်မှတ်ခြင်း မူဝါဒများ၊ ခြင်မျိုးစိတ်များအားလေ့လာရာတွင် အသုံးချသော နည်းလမ်းများနှင့် မြန်မာနိုင်ငံအတွင်း ကဏ္ဍစုံပေါင်းစုံ၍ ကူးစက်ရောဂါများကို စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုခြင်း"၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှဒေါက်တာမင်းသိန်းမော်က "မွေးမြူရေးကဏ္ဍမှဆောင်ရွက်နေသော မြန်မာနိုင်ငံအတွင်းရှိ ကူးစက်ရောဂါများအား ကဏ္ဍပေါင်းစုံ၍ စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုခြင်း"၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ ဉာဏ်ဝင်းမြင့်က "ကဏ္ဍစုံပေါင်းစုံ၍ တစ်ခုတည်းသော နည်းလမ်းဖြင့် မြန်မာနိုင်ငံရှိ ကူးစက်ရောဂါများကို စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုခြင်း" တို့နှင့်ပတ်သက်၍ အသီးသီးဆွေးနွေးတင်ပြကြရာ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာသော ပါမောက္ခများ၊ ပညာရှင်များနှင့် သုတေသီများက ပါဝင်ဆွေးနွေးကြသည်။

အစီအစဉ်အရ (၅၁)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ပိတ်ပွဲအခမ်းအနားကို ဆက်လက်ပြုလုပ်ရာ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်သန်းထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ညနေပိုင်းတွင် ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်သန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး အကောင်းဆုံးစာတမ်းနှင့် ပိုစတာဆု ရွေးချယ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာလှလှဝင်းက ဆုရွေးချယ်ရေးဆိုင်ရာ သုံးသပ်ချက်များကိုတင်ပြပြီး အကောင်းဆုံးအခြေခံသုတေသန စာတမ်းဆု၊ အကောင်းဆုံး လက်တွေ့အသုံးချသုတေသနစာတမ်းဆု၊ အကောင်းဆုံး ကျန်းမာရေးစနစ်သုတေသနစာတမ်းဆု၊ အကောင်းဆုံးပိုစတာစာတမ်းဆု၊ လူငယ်သုတေသီဆုများကို ဆုရွေးချယ်ရေးအဖွဲ့ဝင်များက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဇန်နဝါရီ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၁၅/၂၀၂၃)ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃)ဖြင့်လည်းကောင်း၊ နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့နှင့်စပ်လျဉ်း၍ ကြေညာချက်အမှတ်(၂/၂၀၂၃)၊ (၃/၂၀၂၃) တို့ဖြင့်လည်းကောင်း ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **ဖလုံ-ဇဝေါ ဒီမိုကရက်တစ်ပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ယနေ့တွင် လာရောက်လျှောက်ထားခဲ့သဖြင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သဇင်(FM) အသံလွှင့်အစီအစဉ်

၂၅-၂-၂၀၂၃ (စနေနေ့)

| | | |
|---|---|---|
| ၁။ | ၁၀း၄၆ | စိုက်မွေးသုတ |
| ၂။ | ၁၃း၃၀ | Live For You |
| ၃။ | ၁၆း၃၀ | Popular Songs |
| ၄။ | ၁၉း၀၀ | ပြည်သူကြားက ပြည်သူ့စကား |
| ၅။ | ၂၁း၄၀ | Cupid Arrow |

# လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏(၂၆၁၁)နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကြီး ဖွင့်ပွဲအခမ်းအနားနှင့် နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်လည်ပူဇော်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၂၆၁၁)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကြီး ဖွင့်ပွဲအခမ်းအနားနှင့် နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်ပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော် ရင်ပြင်တော်၌ ပြုလုပ်ရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရွှေပြည်သာမြို့နယ် ရွှေပြည်သာ ပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ပါဠိပါရဂူ ဘဒ္ဒန္တနာဂိတအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။

ဦးစွာ ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ စုရပ်ပြုလုပ်၍ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များကို စေတီတော်ရင်ပြင်တွင် လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။ ထို့နောက်ချမ်းသာကြီးတန်ဆောင်း၌ ဗုဒ္ဓပူဇနိယပွဲတော်ကို ဆက်လက်ကျင်းပရာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရွှေပြည်သာမြို့နယ် ရွှေပြည်သာပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။



**လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၂၆၁၁)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်အား ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းအဖွဲ့ ဩဝါဒါစရိယဆရာတော်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက ဆီမီးတန်ဆောင်ထွန်းညှိပူဇော်ပြီး ဖွင့်လှစ်ပေးစဉ်။**

ထို့နောက် ပွဲတော်ကျင်းပရေးကိစ္စနှင့်စပ်လျဉ်း၍ အလှည့်ကျသဘာပတိ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်တစ်ဦးက ဗုဒ္ဓပူဇနိယမင်္ဂလာ အဖွင့်စကားဖတ်ကြားလျှောက်ထားသည်။

ဆက်လက်၍ မြတ်ဗုဒ္ဓ၏သဗ္ဗညုတဉာဏ်ရောင်မြတ်တန်ဆောင်ကို လေးမြတ်ကော်ရော် ပူဇော်သောအားဖြင့် ဩဝါဒါစရိယဆရာတော်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဂေါပကအဖွဲ့ဝင်များနှင့် ဧည့်သည်တော်များက ဆီမီးတန်ဆောင်ထွန်းညှိပူဇော်ပြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဂေါပကအဖွဲ့တာဝန်ရှိသူများက သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် မဟာပဋ္ဌာန်း ပစ္စယနိဒ္ဒေသ ဒေသနာတော်များကို ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဇဟိုမဏ္ဍပ်အတွင်းရှိ တက်ရောက်လာကြသူများ၊ အာရုံခံမုခ်ဦး လေးခုတွင် နေရာယူထားကြသော ပရိသတ်အမျိုးလေးပါးတို့က ရွတ်ဖတ်ပူဇော်၍ ဇဟိုမဏ္ဍပ်အတွင်းရှိ ရတနာယရစ်အိမ်တော်အတွင်း အသင့်နေရာယူထားသော သံဃာတော်က မဟာပဋ္ဌာန်းဒေသနာတော်ကို အသံမစဲ ဆက်လက်ရွတ်ဖတ်ပူဇော်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များနှင့် သီလရှင်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်တွင် သံဃာတော် အပါး ၁၂၀ တို့က ယနေ့နံနက် ၉ နာရီမှ မတ် ၅ ရက် နံနက် ၉ နာရီထိ ကိုးရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ပြီး မတ် ၄ ရက် အဖိတ်နေ့ ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာ ၁၁၇ ပါး၊ သီလရှင်၂၇ ပါးတို့ကို ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းမှစ၍ ရင်ပြင်တော်ပေါ် လက်ယာရစ်တစ်ပတ် ဆွမ်းဆန်တော်လောင်းလှူခြင်း၊ မတ် ၅ ရက် တပေါင်းလပြည့်နေ့ နံနက် ၅ နာရီခွဲတွင် ရင်ပြင်တော်အောင်မြေ၌ ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်း၍ နံနက် ၉ နာရီတွင် ချမ်းသာကြီးတန်ဆောင်း၌ ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ပိတ်ပွဲ(အောင်ပွဲ)နှင့် ရေစက်ချအခမ်းအနား ကျင်းပခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ရဟန်းရှင်လူ ပြည်သူများမှ အနုမောဒနာပြုနိုင်ကြရန်နှင့် ပါဝင်လှူဒါန်း ကုသိုလ်ပြုနိုင်ကြရန် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ



**အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဆေးရုံတက်လူနာတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားစဉ်။**



**တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်း ဆေးရုံတက်လူနာတစ်ဦးကို ထောက်ပံ့ငွေများပေးအပ်စဉ်။**

တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများကို အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# မကွေးမြို့နယ် သမန်းတောကျေးရွာအတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သမန်းတောကျေးရွာရှိ သံဃာတော်များ၊ နှင့် ဒေသခံပြည်သူများကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၀၉ ဦး တို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မကွေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



**နယ်မြေခံဆေးကုသရေးအဖွဲ့က မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သမန်းတောကျေးရွာအတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

# "နေရပ်စွန့်ခွာသူများကိုပြန်လည်လက်ခံဖို့ ရှေ့ပြေးစမ်းသပ်စီမံကိန်းတစ်ရပ်အနေနဲ့ လူတစ်ထောင်ကျော်ကို စတင်ပြီးပြန်လည်လက်ခံနိုင်ဖို့ ညှိနှိုင်းပြင်ဆင်ဆောင်ရွက်နေတာရှိပါတယ်"

## ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေးနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှ တာဝန်ခံအရာရှိတစ်ဦးနှင့် အမေးအဖြေကဏ္ဍ

**မေး။ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ထွက်ခွာသွားတာနဲ့ ပတ်သက်ပြီး အမျိုးမျိုးပြောဆိုနေကြတာရှိပါတယ်။ ဒါကြောင့် အဲဒီအချိန်က ဖြစ်ခဲ့တဲ့ ဖြစ်စဉ်ကို ဦးစွာ ပြန်လည်ရှင်းပြပေးစေလိုပါတယ်။**

**ဖြေ။** ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို ထွက်ခွာသွားတဲ့ဖြစ်စဉ်ကို အထူးသဖြင့် ပြည်ပမီဒီယာများက ၂၀၁၇ ခုနှစ်ကတည်းက အမျိုးမျိုး ဖော်ပြပြောဆိုနေခဲ့ကြတာပါ။ တကယ်တော့ အဲဒီလိုပြောခဲ့တာတွေဟာ အမှန်တကယ် မြေပြင်မှာ ဖြစ်ခဲ့တဲ့ဖြစ်ရပ်တွေမဟုတ်ဘဲ နိုင်ငံရေးရည်ရွယ်ချက်နဲ့ တစ်ဖက်သတ်လိုရာဆွဲ ပုံဖော်ရေးသားခဲ့ကြတာဖြစ်ပါတယ်။

ထိုစဉ်ကဖြစ်ပေါ်ခဲ့တဲ့ ပကတိအခြေအနေမှန်ကတော့ ၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လတို့မှာ ရခိုင်ပြည်နယ် မြောက်ပိုင်းမှာရှိတဲ့ ရဲကင်းစခန်းများနဲ့ တပ်စခန်းကို အစွန်းရောက်ဘင်္ဂါလီများနဲ့ အာဆာအကြမ်းဖက်အဖွဲ့ဝင်များက ကြိုတင်အကွက်ချစီစဉ်တိုက်ခိုက်ခဲ့တာပါ။ ဒီတိုက်ခိုက်မှုတွေ မအောင်မြင်တော့မှ ဒေသခံရွာသားတွေကို ခြိမ်းခြောက်ပြီး သူတို့ရွာတွေကို စွန့်ခွာထွက်ပြေးအောင် စနစ်တကျ လှုံ့ဆော်ဆောင်ရွက်ခဲ့တာပဲဖြစ်ပါတယ်။ ပထမအကြိမ်တုန်းက ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်မှာ မောင်တောမြို့နယ် အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့ဌာနချုပ်(ကျီးကန်းပြင်)ကို အကြမ်းဖက်အင်အား ၉၀၊ ငါးခူရ နယ်မြေရဲစခန်းကို အကြမ်းဖက်အင်အား ၃၀၀၊ ရသေ့တောင်မြို့နယ် ကိုးတန်ကောက် နယ်ခြားစောင့်ရဲကင်းစခန်းကို အကြမ်းဖက်အင်အား ၂၀ လောက်နဲ့ သေနတ်၊ ဓား၊ လှံ၊ ဂျင်ကလိစတဲ့ လက်နက်တွေအသုံးပြုကာ ရုတ်တရက်ဝင်ရောက် စီးနင်းတိုက်ခိုက်ခဲ့တာဖြစ်ပါတယ်။ အဆိုပါ ဖြစ်စဉ်များအတွင်းမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၉ ဦး ကျဆုံးခဲ့ရပြီး လက်နက်ခဲယမ်းတွေ အများအပြားလည်း ဆုံးရှုံးခဲ့ရပါတယ်။ အဲဒီလို ရဲစခန်းများတိုက်ခိုက်ခံရအပြီးမှာ ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်နဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီးတော့ အကြမ်းဖက်မှုချေမှုန်းရေးဆောင်ရွက်ရာမှာ အစွန်းရောက်ဘင်္ဂါလီများဟာ အင်အား ၃၀၀ ခန့်မှ ၈၀၀ ခန့်အထိ စုဖွဲ့ပြီး ပြန်လည်တိုက်ခိုက်ခဲ့ကြတဲ့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးခဲ့ရတဲ့ ဖြစ်စဉ်အချို့လည်း ရှိခဲ့ပါတယ်။ အဲဒီ အကြမ်းဖက်တိုက်ခိုက်မှုတွေကို ထိုစဉ်က ဟာရာကာ အယ်လ်ယာကင် (Harakah al-Yin) အမည်နဲ့ လှုပ်ရှားခဲ့ပြီး နောက်ပိုင်း အာဆာ (ARSA)လို့ အမည်ပြောင်းခဲ့တဲ့ အကြမ်းဖက်အဖွဲ့က ဦးစီးပြီးဆောင်ရွက်ခဲ့တာလို့ အာဆာအကြမ်းဖက်အဖွဲ့က ၂၀၁၇ ခုနှစ် မတ်လ ၂၉ ရက်က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒီအဖွဲ့ကို ခေါင်းဆောင်ခဲ့သူက ဆော်ဒီအာရေဗျနိုင်ငံမှာနေထိုင်ခဲ့တဲ့ ဘင်္ဂါလီနွယ်ဖွား အာတာအူလာဆိုသူဖြစ်ပါတယ်။

ပထမအကြိမ်မှာ အသင့်အတင့်အောင်မြင်မှုရလာတော့ ARSA အကြမ်းဖက်သမားတွေ အားတက်လာပြီး ဒုတိယအကြိမ်တိုက်ခိုက်မှုအနေနဲ့ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်မှာ ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်းမှာရှိတဲ့ ရဲကင်းနဲ့ ရဲစခန်း ၃၀ အပြင် နယ်မြေခံတပ်စခန်းတစ်ခုကိုပါ စည်းရုံးလှုံ့ဆော်ထားတဲ့ ရွာသားတွေအပါအဝင် အင်အားထောင်ပေါင်းများစွာနဲ့ တစ်ပြိုင်တည်းတိုက်ခိုက်မှုပြုလုပ်ခဲ့ပြန်ပါတယ်။ ဒီဖြစ်စဉ်တွေမှာ တပ်မတော်သား ၂ ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၁၁ ဦးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ထမ်း ၁ ဦး ကျဆုံးခဲ့ရပါတယ်။ အာဆာအကြမ်းဖက်အဖွဲ့ဝင်များဟာ ရဲစခန်းများနှင့် တပ်စခန်းကိုသာမက ကျေးရွာများကိုလည်း တိုက်ခိုက်/မီးရှို့မှုတွေပြုလုပ်ခဲ့ပါတယ်။ အာဆာအကြမ်းဖက်အဖွဲ့ဝင်တွေက ၎င်းတို့ဇာတ်တိုက်ထားတဲ့အတိုင်း ကိုယ့်ရွာကို ကိုယ်တိုင်မီးရှို့တာ၊ ဒေသခံတိုင်းရင်းသားတွေနှင့် ဟိန္ဒူမိသားစုဝင်တွေရဲ့ နေအိမ်တွေကို မီးရှို့တိုက်ခိုက်တာ၊ အကြမ်းဖက်သတ်ဖြတ်တာတွေလုပ်ခဲ့ပါတယ်။ အဲဒီလိုအကြမ်းဖက်တိုက်ခိုက်မှုများအနက် ရဲဘောက်ကျ ကျေးရွာမှ ဟိန္ဒူဘာသာဝင် ၁၀၀ ခန့်ကို အာဆာအကြမ်းဖက်ဝင်များက အုပ်စုလိုက်ဖမ်းဆီးသတ်ဖြတ်ခဲ့ပါတယ်။ အရွယ်ကောင်း ဟိန္ဒူအမျိုးသမီး ၈ ဦးကိုတော့ အတင်းအဓမ္မဘာသာပြောင်းခိုင်းပြီး တစ်ဖက်နိုင်ငံကို ခေါ်ဆောင်သွားခဲ့ပါတယ်။ တခြားဟိန္ဒူဘာသာဝင် ၃၀၀ ကျော်ကိုလည်း ခြိမ်းခြောက်ပြီး ခေါ်သွားပါသေးတယ်။ ဒီဖြစ်စဉ်ကို ထိခိုက်နစ်နာသူ ဟိန္ဒူဘာသာဝင်များက သတင်းပေးခဲ့တဲ့အတွက် တာဝန်ရှိသူများက ရဲဘောက်ကျကျေးရွာအနီးတစ်ဝိုက် ရှာဖွေခဲ့ရာမှာ ဟိန္ဒူဘာသာဝင်အလောင်း ၄၅ လောင်းကို ပြန်လည်တူးဖော်နိုင်ခဲ့တဲ့ ဖြစ်စဉ်လည်းရှိပါတယ်။

အာဆာအကြမ်းဖက်အဖွဲ့အနေနဲ့ ဒီလိုမျိုး အကြမ်းဖက်သတ်ဖြတ်မှုများပြုလုပ်ခြင်း၊ အခြားဘင်္ဂါလီများကို စည်းရုံး/ခြိမ်းခြောက် ဖိအားပေးခြင်း စတာတွေပြုလုပ်ခဲ့တာကြောင့် ဘင်္ဂါလီများ အလုံးအရင်းနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို ထွက်ခွာခဲ့ရာမှ နေရပ်စွန့်ခွာသူများအရေး ဖြစ်ပေါ်လာခဲ့တာဖြစ်ပါတယ်။

ဒါပေမဲ့ အာဆာအကြမ်းဖက်အဖွဲ့ဝင်များရဲ့ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ဖိအားပေးမှုများ၊ ခြိမ်းခြောက်မှုများ၊ သတ်ဖြတ်မှုများ၊ နေအိမ်များကို ကိုယ်တိုင်မီးရှို့မှုများ ပြုလုပ်ခဲ့တဲ့ မြေပြင်အခြေအနေမှန်ကို ပြည်ပမီဒီယာတွေက ရည်ရွယ်ချက်ရှိရှိ ချန်လှပ်ပြီး ၎င်းတို့တစ်ဖက်သတ်လိုရာဆွဲ၍ မြန်မာဘက်ရဲ့ဆောင်ရွက်မှုကြောင့် နေရပ်စွန့်ခွာသွားကြတဲ့ပုံမျိုးရေးသားဖော်ပြနေကြသလို နိုင်ငံရေးအရ မြန်မာနိုင်ငံကို ဖိအားပေးနိုင်ဖို့အတွက်လည်း မြေပြင်မှာ ဖြစ်ပေါ်ခဲ့ခြင်းမရှိတဲ့ကိစ္စရပ်များကို ပုံကြီးချဲ့ခြင်း၊ ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခအသွင်ပုံဖော်ခြင်း စသဖြင့် အမျိုးမျိုး ပြောကြားနေကြပါတယ်။

တစ်ဖက်မှာတော့ အာဆာအကြမ်းဖက်အဖွဲ့ဝင်များရဲ့ အကြမ်းဖက်လုပ်ရပ်များကြောင့် ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားများနဲ့ ဟိန္ဒူတွေ ထိခိုက်ခံစားခဲ့ရတာတွေကို လုံးဝလျစ်လျူရှုနေကြပြီး ဘယ်ပြည်ပမီဒီယာကမျှ အလေးထားဖော်ပြခဲ့ခြင်းမရှိတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

**မေး။ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံနဲ့ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ညှိနှိုင်းဆောင်ရွက်နေမှုအခြေအနေကိုလည်း ပြောပြပေးစေလိုပါတယ်။**

**ဖြေ။** ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ် ဖြစ်စဉ်နှစ်ခုနောက်ပိုင်းမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို ထွက်ခွာသွားတဲ့ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံနိုင်ရေးအတွက် မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်လျက်ရှိပါတယ်။ နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်မှုတွေအနက် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားတဲ့ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ သဘောတူညီချက်(၃)ရပ်ကို ဦးစွာပြောကြားလိုပါတယ်။ နှစ်နိုင်ငံအကြား ပထမဆုံးလက်မှတ်ရေးထိုးခဲ့တဲ့ "ရခိုင်ပြည်နယ်မှနေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် (Arrangement on Return of Displaced Persons from Rakhine State)" သဘောတူညီချက်ကို ၂၃-၁၁-၂၀၁၇ ရက်မှာ နေပြည်တော်၌ နှစ်နိုင်ငံဝန်ကြီးအဆင့်က လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲဒီနောက် ဒုတိယသဘောတူညီချက်ဖြစ်တဲ့ "ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက်ဖွဲ့စည်းထားသော မြန်မာ-ဘင်္ဂလားဒေ့ရှ်ပူးတွဲလုပ်ငန်းအဖွဲ့အတွက် လုပ်ငန်းလမ်းညွှန် (Terms of Reference (TOR) for the Joint Working Group on the Repatriation of Displaced Myanmar Residents from Bangladesh)"ကို နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်အဆင့်က ၁၉-၁၂-၂၀၁၇ ရက်မှာ ဒါကာမြို့မှာ တတိယသဘောတူညီချက်ဖြစ်တဲ့ "ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်အရ လက်တွေ့ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် (Physical Arrangement for Repatriation of Displaced Myanmar Residents from Bangladesh under the Arrangement on Return of Displaced Persons from Rakhine State)"ကို နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်အဆင့်က ၁၆-၁-၂၀၁၈ ရက်မှာ နေပြည်တော်မှာ အသီးသီး လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အဆိုပါနှစ်နိုင်ငံ သဘောတူညီချက်များကိုပဲ အခြေခံပြီး ပြန်လည်လက်ခံရေးလုပ်ငန်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် နှစ်နိုင်ငံသဘောတူညီချက်များအရ ပြန်လည်လက်ခံရေး ဆောင်ရွက်ရာမှာလည်း ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် ဖြစ်စဉ်များအပြီးမှာ နေရပ်စွန့်ခွာသွားသူများကိုသာစိစစ်ပြီး ပြန်လည်လက်ခံသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကလည်း နိုင်ငံတော်ရဲ့အကျိုးစီးပွားကို မထိခိုက်ပါက နှစ်နိုင်ငံသဘောတူညီချက်များကို ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမယ်လို့ ၈-၂-၂၀၂၁ ရက်က ပြောကြားထားပြီးဖြစ်ပါတယ်။ နှစ်နိုင်ငံသဘောတူညီချက်များမှာ ပါဝင်တဲ့အချက်များအနက် သိရှိထားသင့်တဲ့အချက် တစ်ချက်ကတော့ နေရပ်စွန့်ခွာသူတွေကို သတ်မှတ်ထားတဲ့ ပြန်လည်လက်ခံရေးမူ(၅)ချက်နှင့်အညီ စိစစ်ပြီးမှ ပြန်လည်လက်ခံသွားမှာဖြစ်တယ်ဆိုတာပဲဖြစ်ပါတယ်။ အဲဒီလက်ခံရေးမူ(၅)ချက်ဟာ မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ၁၉၉၂ ခုနှစ်ကဆောင်ရွက်ခဲ့တဲ့ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် သတ်မှတ်ခဲ့တဲ့ စံသတ်မှတ်ချက်(၄)ချက်ကို အချက် ၁ ချက် ထပ်မံတိုးထားတာဖြစ်ပါတယ်။ ယခင်စံသတ်မှတ်ချက် (၄) ချက်ကတော့ "(၁) မြန်မာနိုင်ငံမှာ နေထိုင်ခဲ့သူဖြစ်ရမယ်၊ (၂) မိမိဆန္ဒအရပြန်လာတဲ့သူဖြစ်ရမယ်၊ (၃) ကွဲကွာနေသော မိသားစုဝင်များအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံတရားရုံးရဲ့ မှန်ကန်ကြောင်းထောက်ခံချက်ပါရှိရမယ်၊ (၄) ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ မွေးဖွားခဲ့တဲ့ ကလေးတွေဖြစ်ပါက မိဘနှစ်ပါးလုံးဟာ မြန်မာနိုင်ငံမှာ နေထိုင်ခဲ့သူတွေဖြစ်ရမယ်" ဆိုတဲ့အချက်တွေဖြစ်ပြီး ထပ်တိုးထားတဲ့ အချက်ကတော့ "နေရပ်စွန့်ခွာသူများက ဘင်္ဂလားဒေ့ရှ်ဘက်သို့ရောက်ရှိပြီး မွေးဖွားတဲ့ကလေးများအတွက် မှန်ကန်ကြောင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ တရားရုံးရဲ့ထောက်ခံချက်ပါရှိရမယ်" ဆိုတာဖြစ်ပါတယ်။

မြန်မာဘက်အနေနဲ့ နှစ်နိုင်ငံသဘောတူညီချက်များနဲ့အညီ နေရပ်စွန့်ခွာသူများကို ပြန်လည်စိစစ်နေတာကိုလည်း ရပ်တန့်ခြင်းမရှိဘဲ အဆိုပါလက်ခံရေးမူ(၅)ချက်နှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိတာကိုလည်း အသိပေးလိုပါတယ်။

ဆက်လက်ပြီး နှစ်နိုင်ငံသဘောတူညီချက်များအရ မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ကျင်းပပြုလုပ်နေတဲ့ အစည်းအဝေးတွေနဲ့ပတ်သက်ပြီး ပြောကြားလိုပါတယ်။ နေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအတွက် အဓိကဆွေးနွေးဆောင်ရွက်နေတဲ့ ယန္တရားကတော့ "နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ နှစ်နိုင်ငံပူးတွဲလုပ်ငန်းအဖွဲ့ (Joint Working Group on the Repatriation of Displaced Myanmar Residents from Bangladesh)" အစည်းအဝေးဖြစ်ပါတယ်။ အဆိုပါ နှစ်နိုင်ငံပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးများကို ၂၀၁၈ ခုနှစ်အတွင်း ဇန်နဝါရီလ၊ မေလနှင့် အောက်တိုဘာလတို့နဲ့ ၂၀၁၉ ခုနှစ် မေလတို့မှာ အစည်းအဝေး (၄)ကြိမ် ကျင်းပခဲ့ပါတယ်။

အဲဒီနောက် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အစည်းအဝေးများကျင်းပနိုင်ခဲ့ခြင်းမရှိဘဲ သုံးနှစ်ကျော်အကြာ ၁၄-၆-၂၀၂၂ ရက်မှာ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့ရဲ့ ပဉ္စမအကြိမ်အစည်းအဝေးကို နိုင်ငံတော်အစိုးရရဲ့ခွင့်ပြုချက်အရ ဗီဒီယိုကွန်ဖရင့်ဖြင့် ပြန်လည်ကျင်းပနိုင်ခဲ့ပါတယ်။ အဆိုပါအစည်းအဝေးကို နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် မစ္စတာမာစွတ် ဘင် မိုမမ်တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြပြီး နှစ်နိုင်ငံသက်ဆိုင်ရာဝန်ကြီးဌာနများက ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါတယ်။ အဲဒီအစည်းအဝေးမှာ နေရပ်စွန့်ခွာသူများအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စိစစ်ဆောင်ရွက်နေမှုမှာ ကြုံတွေ့ရတဲ့ အခက်အခဲများဖြေရှင်းနိုင်ရေး၊ စိစစ်ပြီး နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေး လုပ်ငန်းစတင်နိုင်ရန်အတွက် အစီအမံများ ပြင်ဆင်ဆောင်ရွက်နေမှုလုပ်ငန်းတွေ၊ ပြန်လည်ဝင်ရောက်လာသူများအတွက် မြန်မာဘက်က ပြင်ဆင်ဆောင်ရွက်နေတဲ့ ပြန်လည်နေရာချထားရေး အစီအမံတွေ စတဲ့ကိစ္စရပ်တို့ကို နှစ်ဖက်ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး နေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေးနဲ့ပြန်လည်စိစစ်ရေးလုပ်ငန်းများအတွက် နှစ်နိုင်ငံအကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားရန်၊ ရှေ့ပြေးစမ်းသပ်စီမံကိန်းတစ်ရပ်ဖြင့် ပြန်လည်လက်ခံရေးလုပ်ငန်းကိုဆောလျင်စွာ စတင်ဆောင်ရွက်ရန်၊ ဘင်္ဂလားဒေ့ရှ် တရားရုံးထောက်ခံချက်လိုအပ်သူများအတွက် တရားရုံးထောက်ခံချက်များထုတ်ပေးသွားရန် စတာတွေကို

**စာမျက်နှာ ၂၃ သို့**

**စာမျက်နှာ ၂၀ မှအဆက်**

နှစ်ဖက်သဘောတူညီခဲ့ကြပါတယ်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကိုစိစစ်ဆောင်ရွက်ရာမှာ ကြုံတွေ့ရတဲ့ စိန်ခေါ်မှုများကို နှစ်ဖက်အပြန်အလှန်ဆွေးနွေးညှိနှိုင်းအဖြေရှာသွားနိုင်ဖို့အတွက် “ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေးအတွက် စိစစ်ရေးလုပ်ငန်းစဉ်ဆိုင်ရာအထူးအဖွဲ့ (Ad Hoc Task force for Verification of the Displaced Persons from Rakhine State)” များကိုလည်း ၂၀၂၀ ခုနှစ်၊ နှစ်ကုန်ပိုင်းက နှစ်ဖက်ဖွဲ့စည်းခဲ့ကြကာ အထူးအဖွဲ့များအကြား ပထမအကြိမ် အစည်းအဝေးကို ၂၇-၁-၂၀၂၂ ရက်နဲ့ ဒုတိယအကြိမ် အစည်းအဝေးကို ၁၆-၉-၂၀၂၂ ရက်မှာ ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် နှစ်ကြိမ်တိုင် ကျင်းပထားပြီးဖြစ်ပါတယ်။

ဒါတွေကိုကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံအနေနဲ့ နှစ်နိုင်ငံလက်မှတ်ရေးထိုးထားတဲ့ သဘောတူညီချက်များနှင့်အညီ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ အစဉ်တစိုက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

**မေး။ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံဖို့အတွက် လုပ်ဆောင်ရာမှာ တိုးတက်မှုမရှိဘူးလို့ ပြောဆိုဝေဖန်နေတာတွေရှိပါတယ်။ အဲဒီကိစ္စအပေါ် လည်း ရှင်းပြပေးစေလိုပါတယ်။**

**ဖြေ။** မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံညှိနှိုင်းပြီးနောက် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစတင်ဖို့အတွက် ၁၅-၁၁-၂၀၁၈ ရက်နဲ့ ၂၂-၈-၂၀၁၉ ရက်တို့မှာ နှစ်ကြိမ် ကြိုးပမ်းခဲ့တာရှိပါတယ်။ နှစ်ကြိမ်လုံးမှာ မြန်မာနိုင်ငံအနေနဲ့ နှစ်နိုင်ငံသဘောတူညီချက်များနဲ့အညီ စိစစ်ပြီးနေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရန် နယ်စပ်မှာ အဆင်သင့်ပြင်ဆင်ထားခဲ့ပါတယ်။ အဲဒီအချိန်က လက်ခံဖို့လျာထားခဲ့တဲ့ စိစစ်ပြီးနေရပ်စွန့်ခွာသူ အရေအတွက်ကတော့ ပထမအကြိမ်အတွက် (၂,၂၆၀) နဲ့ ဒုတိယအကြိမ်အတွက် (၃,၄၅၀) ဖြစ်ပါတယ်။

အဲဒီတုန်းက စိစစ်ပြီးနေရပ်စွန့်ခွာသူများကို လက်ခံဖို့အတွက် မြန်မာဘက်မှ တာဝန်ရှိသူများသာမက အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်ရေး အာဆီယံညှိနှိုင်းရေးဗဟိုဌာန (AHA Centre)နဲ့ အာဆီယံအရေးပေါ် တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာမှုအဖွဲ့ (ASEAN-ERAT)တို့မှ ကိုယ်စားလှယ်များပါ နှစ်နိုင်ငံနယ်စပ်ဂိတ်မှာ သွားရောက်ပြီး အတူစောင့်ဆိုင်းနေခဲ့ကြတာဖြစ်ပါတယ်။

ဒါပေမဲ့လည်း နေရပ်စွန့်ခွာသူများနေထိုင်ရာ ဘင်္ဂလားဒေ့ရှ်ဘက်က စခန်းများမှာရှိတဲ့ အဖျက်အမှောင့်လုပ်ဆောင်သူတွေနဲ့ အကြမ်းဖက်အဖွဲ့ဝင်တွေက နေရပ်စွန့်ခွာသူများကို ခြိမ်းခြောက်မှုများနဲ့ အခြားသော ဖိအားများကြောင့် အဲဒီကြိုးပမ်းမှုများဟာ မအောင်မမြင်ဖြစ်ခဲ့ရပါတယ်။ မြန်မာဘက်အနေနဲ့ ပြန်လည်လက်ခံဖို့ကို ယနေ့အထိ အဆင်သင့်ပြင်ဆင်စောင့်ဆိုင်းနေပေမယ့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က နှစ်နိုင်ငံသဘောတူညီထားတဲ့ တစ်ဦးတစ်ယောက်ကိုမှ ပို့ဆောင်ပေးနိုင်ခြင်းမရှိသေးတဲ့အတွက် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို မစတင်နိုင်ခဲ့တဲ့အပြင် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို မြန်မာဘက်က ကြန့်ကြာအောင်လုပ်နေတယ်ဆိုတဲ့ မဟုတ်မမှန်စွပ်စွဲချက်တွေကိုလည်း ဘင်္ဂလားဒေ့ရှ်သတင်းမီဒီယာတွေကနေ ထုတ်ပြန်တာကိုလည်းတွေ့ရပါတယ်။

**မေး။ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးလုပ်ငန်းစတင်ဖို့အတွက် နှစ်နိုင်ငံအကြား ရှေ့ဆက်ညှိနှိုင်းဆောင်ရွက်နေတာတွေရှိရင်လည်း သိရှိလိုပါတယ်။**

**ဖြေ။** နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစတင်ဖို့အတွက် နှစ်ကြိမ်တိုင်ပျက်ပြားခဲ့ပေမယ့်လည်း စိစစ်ပြီးတဲ့နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံဖို့အတွက် နှစ်နိုင်ငံသဘောတူညီချက်တွေအရ မြန်မာဘက်အနေနဲ့ ဘင်္ဂလားဒေ့ရှ်ဘက်နဲ့ ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်နေရာမှာ ရှေ့ပြေးစမ်းသပ်စီမံကိန်းတစ်ရပ်အနေနဲ့ လူတစ်ထောင်ကျော်ကို စတင်ပြီးပြန်လည်လက်ခံနိုင်ဖို့ ညှိနှိုင်းပြင်ဆင်ဆောင်ရွက်နေတာရှိပါတယ်။

ဒီလို ပြန်လည်လက်ခံရေးအတွက် ဆောင်ရွက်ရာမှာလည်း နေရပ်စွန့်ခွာသူမိသားစုများမှာ ကလေးမွေးဖွားတာတွေရှိတဲ့အတွက် နှစ်နိုင်ငံသဘောတူညီထားတဲ့အတိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ မွေးဖွားတာ မှန်ကန်ကြောင်း သက်ဆိုင်ရာတရားရုံးထောက်ခံချက်ရရှိအောင် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တရားရုံးထောက်ခံချက်အပြင် မြန်မာနိုင်ငံမှာနေထိုင်ခဲ့တဲ့ မိဘနှစ်ပါးကမွေးဖွားသူဟုတ်-မဟုတ်ကိုပါ စိစစ်ပြီးမှ ပြန်လည်လက်ခံသွားဖို့ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ပြန်လာလိုသူများက မိသားစုစုံလင်စွာ ပြန်လာလိုတာကြောင့် မိသားစုဝင်များကိုပါ စိစစ်ရာမှာထည့်သွင်းပြီး စိစစ်လျက်ရှိပါတယ်။

ဒီတစ်ခါ ပြန်လည်လက်ခံရေးလုပ်ငန်းအတွက် ပြင်ဆင်ဆောင်ရွက်နေတာမှာ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်၊ ကုသရေးနဲ့ပတ်သက်တဲ့ ကျန်းမာရေးဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများကိုပါ လိုက်နာဆောင်ရွက်နိုင်ဖို့ ထည့်သွင်းဆောင်ရွက်နေပြီး ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေနဲ့လည်း လမ်းညွှန်ချက်များနဲ့အညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးအတွက် ဆောင်ရွက်နေမှုများမှာ ကြုံတွေ့ရတဲ့ အဓိကစိန်ခေါ်မှုတွေ၊ ဖြေရှင်းဆောင်ရွက်နေမှုတွေကိုလည်း ပြောပြပေးစေလိုပါတယ်။**

**ဖြေ။** မြန်မာဘက်အတွက် အဓိကစိန်ခေါ်မှုတစ်ရပ်ကတော့ ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာသူတွေကို စိစစ်နေတဲ့အပိုင်းဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်က ဖြည့်စွက်ပြီးပေးပို့လာတဲ့ စိစစ်ရေးပုံစံတွေမှာ ဖြည့်သွင်းဖော်ပြထားတဲ့ အမည်၊ နေရပ်လိပ်စာအချက်အလက်တွေ၊ မိသားစုဝင်အရေအတွက်တွေဟာ မြန်မာဘက်က တာဝန်ရှိသူများ နှစ်စဉ်မြေပြင်မှာကွင်းဆင်းပြီး စာရင်းပြုစုထားတဲ့ အိမ်ထောင်စုစာရင်းပါ အိမ်ထောင်စုဝင်တွေ၊ အမည်၊ နေရပ်လိပ်စာတွေနဲ့ ကိုက်ညီမှုမရှိတဲ့အတွက် စိစစ်ရာမှာ အချိန်ယူစိစစ်နေရတာပဲဖြစ်ပါတယ်။

ဒါ့အပြင် စိစစ်ရေးပုံစံတွေမှာ အမည်၊ ရွာအမည်တွေကို ဖြည့်သွင်းစဉ်က နေရပ်စွန့်ခွာသူများက ပြောကြားတဲ့အသံထွက်အတိုင်း ဘင်္ဂလားဒေ့ရှ်ဘက်က ဖြည့်စွက်ရေးသားထားတဲ့အတွက် အဲဒီစာလုံးပေါင်းတွေဟာ မြန်မာဘက်က အိမ်ထောင်စုစာရင်းမှာ ဖြည့်သွင်းထားတဲ့ စာလုံးပေါင်းတွေမဟုတ်တဲ့အတွက် နေထိုင်ခဲ့မှုမှတ်တမ်းကို ရှာဖွေတွေ့ရှိမှုမရှိတဲ့ ဖြစ်စဉ်များလည်းရှိပါတယ်။ အချို့ကလည်း အိမ်ထောင်စုစာရင်းအရ မှတ်တမ်းရှိတဲ့ နေရပ်လိပ်စာကိုဖော်ပြခြင်းမရှိဘဲ ၎င်းတို့ဘာသာ ရွှေ့ပြောင်းနေထိုင်ခဲ့တဲ့ နေရပ်လိပ်စာများကို ဖြည့်သွင်းထားတဲ့အတွက် စာရင်းမကိုက်ညီဘဲ စိစစ်လို့မရတာလည်းရှိပါတယ်။ တချို့သူတွေကလည်း ဟိုဘက်ရောက်မှ အိမ်ထောင်ကျသွားတာ အိမ်ထောင်စုကွဲပြားသွားတာမျိုးတွေလည်းရှိတော့ စိစစ်ရာမှာ အခက်အခဲတွေ့ရတာတွေလည်းရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အထက်ကပြောကြားခဲ့တဲ့ လက်ခံရေးမူ (၅) ချက်နဲ့ ကိုက်ညီမှုရှိသူများကိုသာ ပြန်လည်လက်ခံမှာဖြစ်တဲ့အတွက် စိစစ်ရေးပုံစံများမှာ ဖြည့်သွင်းထားတဲ့ အချက်အလက်များ ပြည့်စုံ၊ မှန်ကန်မှုရှိဖို့ အလွန်အရေးကြီးပါတယ်။

ဒီလို စိစစ်ရေးဆိုင်ရာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို နားမလည်တဲ့အတွက် ဝေဖန်မှုများရှိသော်လည်း မြန်မာဘက်အနေနဲ့ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် စိစစ်ရေးလုပ်ငန်းစဉ်ဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် အထူးအဖွဲ့ အစည်းအဝေးများ ဆက်လက်ကျင်းပကာ ညှိနှိုင်းအဖြေရှာသွားဖို့ရှိပါတယ်။

နောက်စိန်ခေါ်မှုတစ်ရပ်ကတော့ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် စတင်ဆောင်ရွက်နိုင်ခြင်းမရှိလို့ဆိုပြီး မြန်မာဘက်ကို ဝေဖန်ပြစ်တင်ပြောကြားနေတဲ့ကိစ္စဖြစ်ပါတယ်။ ဒါဟာဆိုရင်လည်း မြန်မာဘက်က ပြန်လည်လက်ခံရေးဆောင်ရွက်ဖို့ နှစ်ကြိမ်တိုင်တိုင် ကြိုးပမ်းဆောင်ရွက်ခဲ့တာနဲ့ အဲဒီနှစ်ကြိမ်မှာ နေရပ်စွန့်ခွာသူတွေ ပြန်မလာကြတဲ့ အကြောင်းရင်းမှန်တွေကို လျစ်လျူရှုပြီး ပြောဆိုနေကြတာဖြစ်ပါတယ်။

ယခင်အတွေ့အကြုံများအရ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အပေါ် အဟန့်အတားဖြစ်စေတဲ့ အဓိကအကြောင်းအရာများကတော့ အာဆာ (ARSA) အကြမ်းဖက်သမားများက ကော့စ်ဘဇားရှိ စခန်းများအတွင်းမှာ နေရပ်စွန့်ခွာသူများနဲ့ရောနှောနေထိုင်နေပြီး နေရပ်သို့မပြန်ဖို့နဲ့ ၎င်းတို့ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ပါက အသတ်ခံရမယ်ဆိုပြီး ခြိမ်းခြောက်မှုများရှိနေတာဟာ အဓိကအကြောင်းရင်းဖြစ်တယ်လို့ သိရှိရပါတယ်။ အာဆာအကြမ်းဖက်သမားများအပြင် နေရပ်စွန့်ခွာသူများအရေးလှုပ်ရှားတက်ကြွသူများဟာ ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ်စတင်မှာကို မလိုလားဘဲ ၎င်းတို့ရဲ့ နိုင်ငံရေးလိုလားချက်များပြည့်မီရန်အတွက် နေရပ်စွန့်ခွာသူများကို နေရပ်ပြန်ရေး ငြင်းဆိုကြဖို့အတွက် စည်းရုံးဆောင်ရွက်နေကြတာလည်း ရှိပါတယ်။ အဲဒီလို နေရပ်မပြန်ဖို့ ခြိမ်းခြောက်မှုတွေ၊ စည်းရုံးမှုတွေရှိနေသရွေ့ မြန်မာဘက်က အကောင်းဆုံး ဘယ်လိုပဲ ပြင်ဆင်ဆောင်ရွက်ထားစေကာမူ ပြန်လည်လက်ခံရေးလုပ်ငန်းကို စတင်နိုင်ဖို့ခက်ခဲနေမှာဖြစ်ပါတယ်။

မြန်မာဘက်အနေနဲ့ကတော့ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံဖို့ ပထမအကြိမ်စတင် ကြိုးပမ်းဆောင်ရွက်ခဲ့ချိန်ကစပြီး ယနေ့အချိန်အထိ ပြန်လည်လက်ခံရေးအတွက် အဆင်သင့်ပြင်ဆင်ထားရှိပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်ကသာ နှစ်နိုင်ငံသဘောတူညီချက်တွေအတိုင်း ပြန်လည်ပို့ဆောင်ပေးနိုင်မယ်ဆိုရင် ပြန်လည်လက်ခံရေးလုပ်ငန်းကို လက်တွေ့စတင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစတင်နိုင်ဖို့အတွက် မြန်မာဘက်မှာသာ လုံးလုံးတာဝန်ရှိနေတာမဟုတ်ဘဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေနဲ့လည်း နှစ်ဖက်လုံးရဲ့စိန်ခေါ်မှုများ၊ အခက်အခဲများကို နားလည်သိရှိပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။

**မေး။ အခြားဖြည့်စွက် ပြောကြားလိုတာများရှိရင်လည်း သိရှိလိုပါတယ်။**

**ဖြေ။** မြန်မာနိုင်ငံမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်ရဲ့တာဝန်ယူပြီးနောက်ပိုင်းမှာလည်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စကို နှစ်နိုင်ငံသဘောတူညီချက်များနဲ့အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကို စိစစ်နေတဲ့လုပ်ငန်းစဉ်ကို ရပ်တန့်ခဲ့ခြင်းမရှိသလို မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးအပြင် နည်းပညာဆိုင်ရာဆွေးနွေးမှုယန္တရားအသစ်များကိုပါ တိုးချဲ့၍ ညှိနှိုင်းအစည်းအဝေးများကို နှစ်နိုင်ငံအစိုးရတာဝန်ရှိသူ အဆင့်ဆင့်အကြား ဆက်လက်ဆွေးနွေးဆောင်ရွက်နေပါတယ်။ ဒါ့အပြင် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်လျက်ရှိတဲ့ ရှေ့ပြေးစမ်းသပ်စီမံကိန်းတစ်ရပ်နဲ့ ပြန်လည်လက်ခံရေးလုပ်ငန်းစတင်ချိန်မှာ အဆင်သင့်ဖြစ်နေဖို့အတွက်လည်း ပြန်လည်လက်ခံရေးစခန်းများနဲ့ ကြားစခန်းများကို ပြန်လည်ပြင်ဆင်မှုများ၊ ပြန်လည်နေရာချထားမယ့်နေရာများမှာ အသက်မွေးဝမ်းကျောင်းကိစ္စများ၊ ပညာရေး၊ ကျန်းမာရေးစတဲ့ အခြေခံလိုအပ်ချက်တွေအတွက် ကြိုတင်ပြင်ဆင်မှုများကို လမ်းညွှန်ချက်များနဲ့အညီ သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နေပါတယ်။

ဒါကြောင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနဲ့ စိစစ်ရေးလုပ်ငန်းစဉ်ဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် ပြည်ပနိုင်ငံအချို့က စိုးရိမ်ပူပန်နေသလိုမျိုး ပြည်တွင်းနိုင်ငံရေးအခြေအနေနဲ့ ဆက်နွှယ်ခြင်းမရှိဘဲ မြန်မာဘက်အနေဖြင့် စိစစ်လက်ခံရေးအတွက် လုပ်သင့်လုပ်ထိုက်တဲ့ ပြင်ဆင်ဆောင်ရွက်မှုများကို နှစ်နိုင်ငံသဘောတူညီချက်များ၊ ပြည်တွင်းဥပဒေများနဲ့အညီ ဆောင်ရွက်လျက်ရှိတယ်ဆိုတာကို အသိပေးလိုပါတယ်။

ဒါ့အပြင် နေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေးကိစ္စနဲ့ပတ်သက်ပြီး လူအများကို ထင်ယောင်ထင်မှားဖြစ်စေဖို့၊ နိုင်ငံရေးအမြတ်ထုတ်ဖို့အတွက် ပြည်ပမီဒီယာအချို့အပါအဝင် နိုင်ငံအချို့၊ ဘင်္ဂါလီအရေး တက်ကြွလှုပ်ရှားသူအချို့က မှန်ကန်မှုမရှိတဲ့ အချက်အလက်များအပေါ် အခြေခံပြီး ဖော်ပြရေးသားနေမှုများကို သတိပြုချင့်ချိန်စေလိုကြောင်း ပြောကြားလိုပါတယ်။

နောက်ထပ်ဖြည့်စွက်ပြောကြားလိုတာကတော့ ကော့စ်ဘဇားဒုက္ခသည်စခန်းများမှာ နေရပ်စွန့်ခွာသူ (၁. ၁) သန်းကျော်နေထိုင်လျက်ရှိတယ်လို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် နိုင်ငံတကာက ပြောဆိုဖော်ပြနေကြကာ ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ်နောက်ပိုင်း ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ နေရပ်စွန့်ခွာသူအရေအတွက်ကို ချဲ့ကားနေကြတဲ့ကိစ္စဖြစ်ပါတယ်။ မြန်မာနိုင်ငံဘက်က တာဝန်ရှိသူများအနေနဲ့ နှစ်စဉ်မြေပြင်မှာ ကွင်းဆင်းစိစစ်ကောက်ယူထားတဲ့ အိမ်ထောင်စုစာရင်းအရ ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ်နောက်ပိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ခွာသူအရေအတွက်ဟာ (၅) သိန်းကျော်ရှိပါတယ်။ ဒါ့အပြင် ၁၉၉၂ ခုနှစ်က နှစ်နိုင်ငံအကြား ဆောင်ရွက်ခဲ့တဲ့ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အရ ပြန်လည်လက်ခံဖို့ကျန်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ၂၀၀၅ ခုနှစ်နောက်ပိုင်းမှစတင်၍ ပြန်လည် ဝင်ရောက်လာမှုမရှိတဲ့အရေအတွက်ဟာလည်း နှစ်ဖက်အထောက်အထားများအရ (၆,၃၆၅) ဦးသာရှိပါတယ်။ ဒါ့ကြောင့် **နေရပ်စွန့်ခွာသူဦးရေကို ချဲ့ကားဖော်ပြနေတဲ့ကိစ္စနဲ့စပ်လျဉ်းပြီး မြန်မာနိုင်ငံအနေနဲ့ ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ်နောက်ပိုင်း နေရပ်စွန့်ခွာသူများကိုသာ နှစ်နိုင်ငံသဘောတူညီချက်များနဲ့အညီ ပြန်လည်စိစစ်လက်ခံသွားမှာဖြစ်ပြီး ထပ်တိုးကလေးမွေးဖွားမှုများကိုလည်း လက်ခံရေးမူ (၅) ချက်နဲ့အညီစိစစ်ပြီး ကိုက်ညီမှုရှိသူများကိုသာ လက်ခံသွားမှာဖြစ်ကြောင်း အသိပေးလိုပါတယ်။**

အချုပ်အနေနဲ့ ပြောကြားလိုတာကတော့ **ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စဟာ နှစ်နိုင်ငံအကြား ဖြေရှင်းဆောင်ရွက်သွားရမယ့် ကိစ္စရပ်သာဖြစ်တဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ နှစ်နိုင်ငံသဘောတူညီချက်များနဲ့အညီ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ အိမ်နီးချင်းကောင်းပီသစွာ ဆက်လက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။** ။

(သတင်းစဉ်)

# Mandalay Climate Forum ကျင်းပ




**မန္တလေး ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ Mandalay Climate Forum ကို မဟာအောင်မြေမြို့နယ်ရှိ Hotel Hazel တွင် ယနေ့ နံနက်ပိုင်းကကျင်းပရာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ် စိန်လွင်၊ တိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ) ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအသီးသီးမှ ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ဦးစွာ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဆွေးနွေးပွဲကို ညနေပိုင်းထိ ဆက်လက်ကျင်းပရာ မိုးဇလဌာန၏ ရာသီဥတုဆိုင်ရာဝန်ဆောင်မှုများတင်ပြခြင်း၊ မိုးဇလဌာန၏ ဇလဗေဒဆိုင်ရာဝန်ဆောင်မှုများတင်ပြခြင်း၊ မိုးခေါင်မှုလေ့လာစောင့်ကြည့်မှု အခြေအနေတင်ပြခြင်း၊ မြေငလျင်ဘေးအန္တရာယ်ဆိုင်ရာ သုံးသပ်ဆွေးနွေးခြင်း၊စိုက်ပျိုးရေးဌာနမှ ရာသီဥတုအသုံးချမှုဆွေးနွေးခြင်း၊ ဆည်မြောင်းရေအရင်းအမြစ်ဌာနမှ ရာသီဥတုအသုံးချမှုဆွေးနွေးခြင်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဌာနမှ ရာသီဥတုအသုံးချမှုဆွေးနွေးခြင်းတို့ကို တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးဆောင်ရွက်ကြပြီး မန္တလေးတိုင်းဒေသကြီး ရာသီဥတုအခြေ အနေသုံးသပ်ဆွေးနွေးခြင်းနှင့် အုပ်စုများအလိုက် အထွေထွေမေးမြန်းဆွေးနွေးခြင်းများကို အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ **မျိုးကျော်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်နေ ယဉ်မျိုးလှိုင်သည် ၎င်းအသုံးပြုသည့် "Yin Myo Hlaing" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

# ဖေဖော်ဝါရီ ၂၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ဖေဖော်ဝါရီ ၂၃ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၅၇၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်တစ်ဦး တွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၉၀၆ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၃၇၈ ဦး |

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းနှင့် OWIC လျှောက်ထားခြင်းများနှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေးကြေညာ

- မိမိအစီအစဉ်ဖြင့် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့် ကျွမ်းကျင်အလုပ်သမားများ၊ ခွင့်ပြန်အလုပ်သမားများ၊ အမြဲတမ်းနေထိုင်ခွင့်ပါမစ်ဖြင့် နေထိုင်လုပ်ကိုင်သူများက ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်များ တင်ပြလာပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် ရုံးဖွင့်ရက် နှစ်ရက်မှ သုံးရက်အတွင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်စိစစ်ခွင့်ပြုပေးလျက်ရှိပြီး သင်တန်းတက်ရောက်ခွင့်ရရှိသည့် အမည်စာရင်းနှင့် OWIC ပြုလုပ်ခွင့်ရရှိသည့် အမည်စာရင်းများကို Safe Migration Telegram Channel မှတစ်ဆင့် အသိပေးကြေညာပေးလျက်ရှိပါသည်။
- ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်းနှင့် OWIC လျှောက်ထားမှုများနှင့်ပတ်သက်၍ ပွဲစားများ၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှ facebook များ၊ OWIC နှင့်ပတ်သက်သည့် facebook group များတွင် ဝန်ဆောင်မှုပေးသည့်ကြော်ငြာများ ကြော်ငြာလျက် ဝန်ဆောင်ခအဖြစ် ငွေကြေးများ အဆမတန်ကောက်ယူ၍ ဆောင်ရွက်ပေးနေကြောင်း၊ အချို့အလုပ်သမားများသည် ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်း တက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်များကို ပွဲစားများ၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများထံ အပြီးအစီးလုပ်ငန်းအပ်နှံ၍ ဆောင်ရွက်မှုများရှိနေကြောင်း စိစစ်တွေ့ရှိရပါသည်။
- ပွဲစားများ၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများက ဦးစီးဌာနသို့ အလုပ်လုပ်ကိုင်ခွင့်ပါမစ်အတု၊ ပြည်ဝင်ခွင့်ဗီဇာအတု၊ လေဆိပ်အဝင်တံုးအတု၊ အလုပ်ရှင်ခွင့်စာအတု၊ ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းဆင်းလက်မှတ်အတု၊ ဘွဲ့လက်မှတ် သို့မဟုတ် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်အတု စသည့်စာရွက်စာတမ်းအထောက်အထားအတုများဖြင့် တင်ပြခြင်း၊ လူပုဂ္ဂိုလ်တစ်ဦးတည်းက လက်ရေးမူတစ်ခုတည်းဖြင့် ရေးသားတင်ပြခြင်းများ ဆောင်ရွက်နေသည်ကို စိစစ်တွေ့ရှိလျက်ရှိပါသည်။
- ပွဲစား၊ အေဂျင်စီများအနေဖြင့် စာရွက်စာတမ်းအချက်အလက်အထောက်အထားအတုများဖြင့် တင်ပြဆောင်ရွက်ကြောင်း စိစစ်တွေ့ရှိရပါက လုပ်ငန်းဆောင်ရွက်သည့် ပွဲစား၊ အေဂျင်စီအပြင် လုပ်ငန်းအပ်နှံသည့် အလုပ်သမားကိုပါ လိုအပ်သလို စိစစ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်းနှင့် OWIC ခွင့်ပြုဆောင်ရွက်ပေးရာတွင် ရုံးဖွင့်ရက် နှစ်ရက်မှ သုံးရက်အတွင်း အမြန်စိစစ်ခွင့်ပြုပေးလျက်ရှိပြီး လိုအပ်သည့်စာရွက်စာတမ်းအထောက်အထားများတောင်းခံရာတွင် အလုပ်သမားများ အလွယ်အကူ သိရှိနားလည်ရယူပေးနိုင်သည့် စာရွက်စာတမ်းအထောက်အထားများကိုသာ တောင်းခံခြင်းဖြစ်၍ ပွဲစား၊ အေဂျင်စီများထံ ဝန်ဆောင်ခအဖြစ် ငွေကြေးအဆမတန်ပေး၍ လုပ်ငန်းအပ်နှံခြင်းမပြုဘဲ မိမိကိုယ်တိုင်တင်ပြလျှောက်ထားကြရန် အသိပေးတိုက်တွန်းအပ်ပါသည်။

**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**

# ဆာပေါ်လိုပြည်နယ်တွင် ရေကြီးမှုနှင့် မြေပြိုမှုကြောင့် သေဆုံးသူဦးရေ ၅၀ ထိမြင့်တက်လာ



**ဘရာစီးလီးယား ဖေဖော်ဝါရီ ၂၄**

ဘရာဇီးနိုင်ငံ ဆာပေါ်လိုပြည်နယ်တွင် ဖေဖော်ဝါရီ ၂၂ ရက်မှစ၍ ရေဘေးအန္တရာယ်ဖြင့်ရင်ဆိုင်ခဲ့ရပြီး ရေကြီးရေလျှံမှုနှင့်မြေပြိုကျမှုများကြောင့် ယနေ့ထိ သေဆုံးသူဦးရေ ၅၀ ထိ မြင့်တက်လာကြောင်း ဘရာဇီးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု 9News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ရေကြီးမှုနှင့် မြေပြိုမှုကြောင့် သေဆုံးသူဦးရေ ၅၀ အပြင် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူအမြောက်အမြားရှိနေပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် ဘရာဇီးအစိုးရက ဘရာဇီးတပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များကိုစေလွှတ်ပေးခဲ့ကြောင်း၊ ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းနိုင်ရေးအတွက်လည်း စစ်သင်္ဘောကြီးများစေလွှတ်ပေးထားပြီး လေယာဉ်တင်သင်္ဘောကြီးများကိုလည်း စေလွှတ်ပေးထားကြောင်း ဘရာဇီးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ရေဘေးအန္တရာယ်နှင့် မြေပြိုကျမှုအန္တရာယ်ကြောင့် ဆေးကုသမှုခံယူရမည့် ဒေသခံများကိုလည်း အရေးပေါ် ဆေးကုသမှုပြုလုပ်ပေးနိုင်ရေးအတွက် စစ်သင်္ဘောကြီးများကိုဆေးရုံအဖြစ် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ဘရာဇီးမိုးလေဝသညွှန်ကြားရေးဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ လာမည့်ရက်ပိုင်းအတွင်း မိုးရွာသွန်းဖွယ်ရှိနေသည့်အတွက် ရေကြီးရေလျှံမှုအခြေအနေ ဆက်လက်ဖြစ်ပွားနိုင်ဖွယ် ရှိနေကြောင်း သိရသည်။ **ခိုင်းဆက်**

# တောမီးဒဏ်သင့်ပြည်သူများအတွက် ငွေကြေးပံ့ပိုးကူညီမှုပြုလုပ်ရန် တောင်ကိုရီးယားနိုင်ငံက ချီလီအစိုးရထံကမ်းလှမ်း

**ဆန်တီယာဂို ဖေဖော်ဝါရီ ၂၄**

ချီလီတောမီးဒဏ်သင့်ပြည်သူများကို တောင်ကိုရီးယားအစိုးရက လူသားချင်းစာနာထောက်ထားမှုအစီအစဉ်အရ ငွေကြေးပံ့ပိုးကူညီမှုပြုလုပ်သွားရန် ယနေ့တွင် ချီလီအစိုးရထံသို့ တရားဝင်ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း YNO သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တောင်ကိုရီးယားအစိုးရအဖွဲ့သည် ကနဦးပံ့ပိုးမှုအနေဖြင့် အမေရိကန်ဒေါ်လာ တစ်သိန်းတန်ကြေးရှိသော အစားအသောက်များ၊ အသုံးအဆောင်ပစ္စည်းများ၊ ဆေးဝါးများ ကူညီပံ့ပိုးပေးသွားရန် ကမ်းလှမ်းမှု ပြုလုပ်ထားကြောင်း၊ ချီလီအစိုးရက ခွင့်ပြုခဲ့ပါက ဆက်လက်ပံ့ပိုးမှုများပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

"ချီလီနိုင်ငံမှာ တောမီးအန္တရာယ်နဲ့ရင်ဆိုင်နေရတဲ့ ချီလီပြည်သူတွေကို လူသားချင်းစာနာထောက်ထားမှုအစီအစဉ်နဲ့ ကူညီပံ့ပိုးမှုတွေ ပြုလုပ်ပေးချင်ပါတယ်။ သဘာဝဘေးဒဏ်သင့် ပြည်သူတွေရဲ့ နေ့စဉ်လူနေမှုဘဝအတွက် မရှိမဖြစ်လိုအပ်တဲ့ အရာတွေကို ကူညီပံ့ပိုးပေးခွင့် ရချင်ပါတယ်။ ချီလီအစိုးရအနေနဲ့လဲ တောင်ကိုရီးယားနိုင်ငံရဲ့ကမ်းလှမ်းမှုကို လက်ခံမယ်လို့မျှော်လင့်ပါတယ်။ သဘာဝဘေးဒဏ်သင့်ပြည်သူတွေအနေနဲ့ တစ်နေ့တာ လုပ်ဆောင်မှုတွေကို ပုံမှန်လုပ်ဆောင်နိုင်အောင် ကူညီချင်ပါတယ်"ဟု တောင်ကိုရီးယားအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ချီလီနိုင်ငံသည် ယခုနှစ်အတွင်း တောမီးအန္တရာယ်ဖြင့် မကြာခဏရင်ဆိုင်နေရသည့် နိုင်ငံဖြစ်ပြီး တောမီးကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည့် ပြည်သူအမြောက်အမြားရှိနေကြောင်း၊ ချီလီအစိုးရအဖွဲ့က တောမီးကူးစက် လောင်ကျွမ်းမှုကြောင့် လူနေအိမ်များဆုံးရှုံးခဲ့ရသည့်ပြည်သူများကို ယာယီကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးထားပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ခိုင်းဆက်**

# အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုဒဏ်ခံနိုင်ရန် ပထမအဆင့်ကာကွယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၄**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုဒဏ်ခံနိုင်ရန် ပထမအဆင့် ကာကွယ်ရေးလုပ်ငန်းများကို ဖေဖော်ဝါရီလ စတုတ္ထပတ်က စတင်ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူများ၏အဆိုကို ကိုးကား၍ GlobeSt သတင်းဌာနက ဖေဖော်ဝါရီ ၂၃ ရက်တွင် ရေးသားဖော်ပြထားသည်။

ပင်လယ်ရေမျက်နှာပြင်ဒဏ်ခံနိုင်ရေးစီမံကိန်း အမည်ပေးထားသော အဆိုပါစီမံကိန်းပထမအဆင့်ကို အမေရိကန်ဒေါ်လာ ၆၃၁ သန်း အသုံးပြုသွားမည်ဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းများကို ဖေဖော်ဝါရီလ စတုတ္ထပတ်ကစတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စီမံကိန်းပထမအဆင့်အနေဖြင့် မန်ဟက်တန်တောင်ဘက်စွန်းတွင် ရေလွှမ်းမိုးမှုအတားအဆီးများ စိုက်ထူသွားမည်ဖြစ်ပြီး ရေလွှမ်းမိုးမှုကာကွယ်ရေးအတွက် တူမြောင်းများတူးဖော်ခြင်းအပြင် ရေလွှမ်းမိုးမှုကို တားဆီးနိုင်သောအတားအဆီးပေါင်း ၈၀၀၀ ကျော်ကို တပ်ဆင်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ



လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကနေဒါနိုင်ငံနှင့်ဒိန်းမတ်နိုင်ငံတို့မှ အတွေ့အကြုံရင့်ဗိသုကာပညာရှင်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

နယူးယောက်မြို့ စီမံကိန်းရေးဆွဲသူများသည် မကြာသေးမီဆယ်စုနှစ်အတွင်းက မြစ်ကမ်းနားတွင် အစားထိုးမြေများဖြင့်ပန်းခြံများတည်ဆောက်ကာ မြေကိုမြှင့်တင်ထားခြင်းက ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်လိမ့်မည်ဟု ယုံကြည်ခဲ့ကြပြီး ပန်းခြံပေါင်းမြောက်မြားစွာ တည်ဆောက်ခဲ့ကြသော်လည်း ယခုအခါ အဆိုပါအစီအစဉ်များကို ဒေသခံများက ကြိုက်နှစ်သက်ခြင်းမရှိတော့ကြောင်း သိရသည်။

နယူးယောက်မြို့နှင့် နယူးဂျာစီမြောက်ပိုင်းရှိ ကမ်းရိုးတန်းဒေသများကို ကာကွယ်ရန်အတွက် ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်းက အမေရိကန်စစ်ဘက် အင်ဂျင်နီယာတပ်ဖွဲ့က စီမံကိန်းတစ်ခုတင်ပြထားပြီး အဆိုပါစီမံကိန်းသည် အမေရိကန်ဒေါ်လာ ၅၂ ဘီလီယံကုန်ကျမည်ဖြစ်ကာ စီမံကိန်းကာလ ၁၄ နှစ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ AZH

# နယူးဇီလန်နိုင်ငံတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရာ၌ ပြည်ပနိုင်ငံများမှ ကျွမ်းကျင်လုပ်သားများကို ဗီဇာကင်းလွတ်ခွင့်ပြုမည်

**ဝယ်လင်တန် ဖေဖော်ဝါရီ ၂၄**

နယူးဇီလန်နိုင်ငံတွင် ဆိုင်ကလုန်း Gabrielle နှင့် အော့ကလန် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပြည်ပနိုင်ငံများမှ လိုအပ်သော ကျွမ်းကျင်လုပ်သားများ အလွယ်တကူလာရောက်နိုင်စေရန် အစိုးရပြန်လည်တည်ဆောက်ရေးဆိုင်ရာ ဗီဇာကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း နယူးဇီလန် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနက ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်ဟု Mirage News သတင်းဌာနက ရေးသားဖော်ပြထားသည်။

ဆိုင်ကလုန်း Gabrielle နှင့် အော့ကလန် ရေကြီးရေလျှံမှု ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်၊ နယူးဇီလန်နိုင်ငံသားများနှင့် စီးပွားရေးလုပ်ငန်းရှင်များကိုကူညီရန် အစိုးရအနေဖြင့် တတ်နိုင်သမျှအမြန်ဆုံးလုပ်ဆောင်ပေးလျက်ရှိကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ပြည်ပနိုင်ငံများမှ ပညာရှင်များကို ခြောက်လကြာ ဗီဇာကင်းလွတ်ခွင့် ပြုပေးသွားမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးဗီဇာအရ ပြန်လည်ထူထောင်ရေးဆိုင်ရာကြိုးပမ်းအားထုတ်မှုအားလုံးကိုကူညီရန် လိုအပ်သော နိုင်ငံရပ်ခြားမှအထူးကျွမ်းကျင်သူများအနေဖြင့် နယူးဇီလန်နိုင်ငံသို့ ချက်ချင်းလာရောက်နိုင်မည်ဖြစ်ကြောင်း နယူးဇီလန်လူဝင်မှုကြီးကြပ်ရေးဝန်ကြီး မိုက်ကယ်ဝုဒ်က ပြောကြားခဲ့သည်။

"ရေတိုမှာ အာမခံအကဲဖြတ်သူတွေ၊ အခြေခံအဆောက်အအုံနဲ့ အသုံးအဆောင်တွေ၊ အင်ဂျင်နီယာတွေ၊ နည်းပညာရှင်တွေ၊ အကြီးစားစက်ယန္တရားတွေနဲ့ အပျက်အစီးတွေကို ဖယ်ရှားပေးမဲ့ ကျွမ်းကျင်လုပ်သားတွေ ကျွန်တော်တို့အများကြီး လိုအပ်နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လျှောက်လွှာများကို ယနေ့စတင်ဖွင့်လှစ်ပေးမည်ဖြစ်ပြီး ဗီဇာသက်တမ်းသည် ခြောက်လထိကြာမြင့်မည်ဖြစ်ကြောင်း၊ လျှောက်ထားမှုအောင်မြင်သူများအတွက် လျှောက်လွှာကြေးငွေများပေးအပ်သွားမည်ဖြစ်ပြီး လာရောက်သူများအတွက် အခမဲ့ဖြစ်ကြောင်း သိရသည်။

AZH

# ယူအေအီးနိုင်ငံက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်သွားမည်

**အဘူဒါဘီ ဖေဖော်ဝါရီ ၂၄**

ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ COP28 ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သွားမည့် အယ်လ်ဂျပ်ဘာက ယူအေအီးနိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းစီမံချက်များကိုလည်း နည်းပညာဖွံ့ဖြိုးသည့် အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယူအေအီးနိုင်ငံက ထုတ်ဖော်ပြောကြားခဲ့သည်ဟု Gulf News သတင်းဌာနက ဖေဖော်ဝါရီ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူအေအီးနိုင်ငံသည် ပြည်ပနိုင်ငံများသို့ ရေနံအဓိကတင်ပို့နေသည့် နိုင်ငံဖြစ်သကဲ့သို့ နိုင်ငံ၏ အဓိကစီးပွားရေးမှာလည်း ရေနံလုပ်ငန်းသာဖြစ်ကြောင်း၊ သို့သော်လည်း သန့်ရှင်းသည့်စွမ်းအင်ကဏ္ဍဖော်ဆောင်နိုင်ရေး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို အကောင်အထည်ဖော်ရန်အတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍမှ လျှပ်စစ်စွမ်းအင် ၅၀၀ ဂီဂါဝပ်ထိ ထုတ်လုပ်နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

"ယူအေအီးနိုင်ငံအနေနဲ့ သန့်ရှင်းတဲ့စွမ်းအင်ကဏ္ဍကို အကောင်အထည်ဖော်ဖို့အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးဖို့ စီမံချက်နဲ့ ဆောင်ရွက်သွားမယ်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကနေ လျှပ်စစ်စွမ်းအင် ၅၀၀ ဂီဂါဝပ်ထိ ထုတ်လုပ်နိုင်ဖို့လဲရည်ရွယ်ထားပါတယ်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကိုအကောင်အထည်ဖော်ဆောင်ရွက်ရာမှာလဲ အိန္ဒိယနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ စီစဉ်နေပါတယ်။ လျှပ်စစ်စွမ်းအင်ပမာဏ ၅၀၀ ဂီဂါဝပ်ထုတ်လုပ်နိုင်ဖို့ လာမဲ့နှစ်အတွင်း အပြီးသတ်အကောင်အထည်ဖော်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယူအေအီးနိုင်ငံဟာ အိန္ဒိယနိုင်ငံနဲ့ပူးပေါင်းပြီးတော့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်ထားတဲ့ နိုင်ငံအဖြစ်ရပ်တည်နိုင်အောင် ဆောင်ရွက်သွားမှာပါ"ဟု Abu Dhabi National Oil Company(ADNOC) ကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်သူ အယ်လ်ဂျပ်ဘာက ပြောကြားခဲ့သည်။ **ခိုင်းဆက်**

0 w Kv u @

# မာတာရိပ်မြုံ

မွေးဆူးလေး




(၁)

"မနွယ်ရယ် အကြီးကောင်နဲ့ အလတ်မတို့ဆီမှာ သွားနေပါလား။ မနွယ်ကိုကြည့်ပြီး ကျုပ်စိတ်မချမ်းသာလို့ပါ"

ကြက်စာကျွေးနေရင်းနဲ့ ဟိုဘက်အိမ်က မနွယ်ကို လှမ်းတွေ့လိုက်တယ်ဆိုရင်ပဲ သူအမြဲပြောနေကျစကားတစ်ခွန်းက နှုတ်ကနေ လွတ်ခနဲထွက်သွားမိပြန်တယ်။

"သားငယ် နိုင်လင်းက ကျွန်မရှိမှဖြစ်မှာ။ ကျွန်မ သူ့ကိုစိတ်မချဘူး"

မနွယ်ကလဲ ထုံးစံအတိုင်း ဖန်တစ်ရာတေနေတဲ့ စကားတစ်ခွန်းနဲ့ပဲတုံ့ပြန်ပြီး အိမ်ထဲကိုပြန်ဝင်သွားတယ်။ မနွယ်တို့အိမ်နဲ့သူတို့အိမ်က ဘေးချင်းကပ်လျက်။ ဘယ်လောက်များ ထိစပ်နီးကပ်နေလဲဆိုရင် ဟိုဘက်အိမ်နဲ့ ဒီဘက်အိမ် ဟင်းခွက်တောင်မှ လှမ်းကမ်းလို့ရတဲ့ထိ နီးစပ်တာပဲ။ ဒါတင်မက အိမ်တွေကလဲ ထရံအကာ၊ ခြံစည်းရိုးကလဲ အဖြစ်သဘောကာထားတဲ့ သံဆန်ကာခြံစည်းရိုးဆိုတော့ ဟိုဘက်အိမ်က ပြောတဲ့စကား ဒီဘက်အိမ်က အတိုင်းသားကြားရတာပေါ့။ ဒီတော့ မနွယ်တို့အိမ်ရဲ့ ကောင်းကောင်းဆိုးဆိုး အကြောင်းအကျိုးမှန်သမျှ သူက အကုန်လုံးနီးပါးသိတယ်ဆိုပါတော့။ တစ်နေ့ကုန်တစ်နေ့ခန်း လမ်းသလားဖို့နဲ့ ကြက်ဝိုင်း၊ ဖဲဝိုင်းကို မတွေ့မချင်း ပတ်ရှာဖို့လောက်ပဲသိတဲ့နိုင်လင်းကို သူဖြင့် ကြည့်ကိုမရဘူး။ ဘေးလူဖြစ်တဲ့သူကသာ နိုင်လင်းကို ကြည့်မရတာ။ မနွယ်ကတော့ သားဖြစ်သူ နိုင်လင်းအကြောင်း ပြောလိုက်ရင် အကောင်းကခပ်များများ။ ပစ်ထားတဲ့ ဆိုက်ကားစုတ်ကို စိတ်ထင်တဲ့အခါမျိုးမှ ပွတ်သပ်စီးပြီး လမ်းပေါ်ထွက်တတ်တဲ့နိုင်လင်းကို အိမ်ပြန်မရောက်မချင်း မနွယ်ခမျာ ပူလိုက်ရတဲ့မေတ္တာ၊ တောင်းလိုက်ရတဲ့ဆုဆိုတာ အိမ်ချင်းကပ်လျက်နေရတဲ့သူ့မှာ ကြားရလွန်းလို့ နားကိုပူတဲ့ထိ။ ကြာဆံကြော်တို့၊ ခေါက်ဆွဲကြော်တို့များ နိုင်လင်းက ဝယ်လာတဲ့အခါမျိုးဆို မနွယ်က-

"ကိုဝင်းရွှေရေ မြင်တယ်မလား။ ကျွန်မသားက ကျွန်မစားဖို့ရာ ဝယ်လာတာ"ဆိုပြီး သူ့ကို လှမ်းကြွားသေးတာ။ မနွယ်ကသာ သူစားဖို့ရာ ဝယ်လာတယ် ပြောနေတာ။ အဲဒီခေါက်ဆွဲကြော်တို့၊ ကြာဆံကြော်တို့ကို မနွယ်တစ်ယောက် ဦးဦးဖျားဖျား မစားရဘူးဆိုတာ သူအသိသား။ နိုင်လင်းက မူးမူးနဲ့ သူ့ပါးစပ်ထဲသူ ဖြဲရဲသွပ်၊ ပလုတ်ပလောင်းစားသောက်ပြီး လည်ပင်းထဲနင်နေလို့ ရေခပ်ခိုင်းတဲ့အသံ၊ သူစားလို့ဝမှ "ရော့အမေစား"ဆိုပြီး ကျွေးတဲ့အသံတွေကို ဒီဘက်အိမ်ကနေ သူအကုန်ကြားနေရတယ်ဆိုတာ မနွယ်သာသိရင်တော့ လေနည်းနည်းလျှော့မယ်ထင်ရဲ့။

(၂)

"ကတော် ကတော်"

"ဟာကွာ ဒီကြက်မကတော့ကွာ"

သမီးက သူ့ကို အိမ်ကြက်ဥလေး စားစေချင်လို့ဆိုပြီး အိမ်နောက်ဘက်မှာ ကြက်ခြံလေးလုပ်ပေးထားတော့ သူ့မှာ တစ်နေ့တစ်နေ့ ကြက်စာကျွေးရ၊ ကြက်မြုံတွေထဲ ဥလိုက်နှိုက်ရ၊ ညဘက်ဆိုလဲ ကြက်တွေမြည်သံကြားရင် မြွေတွေရောက်လာတာလား၊ လူတွေ ကြက်လာခိုးတာလားဆိုပြီး ပူရပင်ရနဲ့ အလုပ်ကိုရှုပ်နေတာပဲ။ ဒါတင်မက ခြံဝင်းကလဲမကျယ်တော့ ကြက်တွေအတွက် သွားလာဖို့ရာ နေရာကများများစားစားမရှိ။ နေရာမရှိတော့ ကိုရွှေကြက်နဲ့ မရွှေကြက်တွေက တစ်ခါတစ်ခါ အိမ်ပေါ်တက်လာပြီး အိမ်အနှံ့ ချေးပါချကြပါရောလား။ အဲဒီအခါကျရင်လဲ ရေနဲ့ဆေးတန်တာဆေးရ၊ ကျုံးတန်တာကျုံးရနဲ့ တစ်မျိုးရှုပ်ပြန်ရော။ သူ့အလိုဆိုရင်တော့ ဒီလောက်ရှုပ်လှတဲ့ကြက်တွေကို မမွေးစေချင်တော့ဘူး။ သမီးကို မပြောရက်လို့သာ အသာကလေးနေရတာရယ်။

"အဲဒါ ကျုပ်ကို အမေ့သားကြီးက သက်သက်မဲ့စော်ကားတာ။ ကျုပ်အမေ့ကို ရှာကျွေးနိုင်တာ သူမသိဘူးလား။ နောက်ခါဆို အဲဒီကောင်ကိုပြောလိုက် နိုင်လင်းတစ်ယောက်လုံးရှိတယ်။ ဆန်တွေ၊ ဆီတွေ ပို့မလာနဲ့လို့ တစ်ခွန်းတည်းပြောလိုက်"

မနက်ခင်းစောစောစီးစီး သူ့ကို အကူသိုလ်ပေးဖို့ရာ နိုင်လင်းရဲ့အသံစွာစွာက ကြက်ခြံထဲထိ လွင့်လာပြန်တယ်။ နားရှိလို့သာကြားရတယ်။ တစ်ပတ်မှ တစ်ခါတောင် အလုပ်ထွက်မလုပ်တဲ့ကောင်က မအေကိုရှာကျွေးနေတယ်ဆိုတော့ ရယ်ချင်တော့တာပဲ။ ဘယ့်နှယ်ဟာ အစ်ကိုဖြစ်သူက လစဉ်လတိုင်း ဆန်ဆီထောက်ပံ့၊ အစ်မလုပ်သူက သုံးဖို့ငွေထောက်ပံ့နေတဲ့ဟာကို ကြားထဲက သူကပဲလုပ်ကျွေးတယ်ပြောရတယ်ရှိသေး။ တစ်ရပ်ကွက်လုံးက မျက်မုန်းကျိုးတာလဲမပြောနဲ့။ နိုင်လင်းဆိုတဲ့ကောင်က ထောင့်မှမကျိုးတာကိုး။ အဲဒီလိုကောင်မျိုးသာ သူ့သားသမီးဖြစ်လို့ကတော့ ထောင့်ကျိုးသွားအောင် တစ်ခါတည်းရိုက်ချိုးပစ်မိမလားပဲ။

(၃)

"ကိုဝင်းရွှေရေ ကျွန်မသားလေးခမျာ မနေ့က ဆိုက်ကားနင်းရတာ များသွားလို့နဲ့တူတယ်။ ဒီမနက်ကျ မထနိုင်ရှာဘူး"

အသောက်များပြီးမှောက်နေတဲ့ သူ့သားကို ဆိုက်ကားနင်းရလို့ ပင်ပန်းသွားတာဆိုပဲ။ မသိတဲ့သူ၊ မကြားတဲ့သူတွေသာဆို အဟုတ်တွေမှတ်ပြီး သနားကောင်း သနားနိုင်ပေမဲ့ သူကတော့ ဘယ်သနားလိမ့်မလဲ။ နိုင်လင်းအကြောင်း အူတွင်းချေးခါးအကုန်သိနေတော့ သူ့စိတ်ထဲမှာ ကျိတ်ခဲထားရသမျှ ပွင့်အန်ကျလာပြီပေါ့။

"မနွယ်ရာ ခင်ဗျားကိုတော့ ချီးကျူးပါတယ်ဗျာ။ ခင်ဗျားကြည့်ရတာ နိုင်လင်းကို အတော့်ကိုချစ်တဲ့ပုံပဲ"

"ဒါကတော့ ကိုဝင်းရွှေရယ် ကျွန်မက သူ့မိခင်မို့လား။ ကိုဝင်းရွှေလဲ ကိုဝင်းရွှေရဲ့သမီးကို ချစ်တယ်မို့လား။ အဲဒီလိုပဲ ကျွန်မကလဲ ကျွန်မရဲ့သားကို ချစ်တာပေါ့"

"အိုဗျာ ခင်ဗျားသားကို ကျုပ်သမီးနဲ့ လာမယှဉ်ပါနဲ့ဗျာ။ ကျုပ်သမီးက လိမ္မာလိုက်တာမှလွန်ရော။ မနက်မိုးလင်းတာနဲ့ ကျုပ်ဖို့ထမင်းပွဲရွှေ့ရောက်ပြင်ဆင်ပေးပြီးသား။ ဟော နေ့ခင်းနေ့လယ်ဘက်ကျတော့လဲ ရေချွေးနဲ့ အမြည်းလုပ်ပေးပြီးသား။ ညဘက်ကျတော့လဲ သမီးတင်မက သမက်ကပါ ကျုပ်ကိုနင်းနှိပ်ပေးတာဗျ"

"အမယ်လေး ကိုဝင်းရွှေရယ်။ ရှင့်လိုပြောကြေးဆို ကျွန်မရဲ့သားကြီးနဲ့ သမီးကြီးက မိဘအပေါ် သိတတ်လိုက်တာမှ ဆန်ဆီ၊ ငွေကြေး ဘာမှကိုပူပင်ပေးနေဖို့မလိုဘူး။ အကုန်ဖြည့်ဆည်းပေးနေကြတာ။ ဒါတင်မက သူတို့အိမ်မှာနေဖို့ရာ ခေါ်နေကြတာ။ ဒါပေမဲ့ ကျုပ်က သားငယ်လေးကို မခွဲနိုင်ဘူးလေ။ တစ်ကိုယ်ရေတစ်ကာယသမားကလဲဖြစ်၊ အသောက်အစားလေးကလဲဖက်တော့ သင်းကလေးအတွက်ကို စိတ်မအေးနိုင်တာနဲ့ အကြီးတွေဆီကို သွားမနေဖြစ်တာပဲ"

သူ့ကို ချေပစကားဆိုလာတဲ့မနွယ်ကို ဘာမှပြန်မပြောချင်တော့တာနဲ့ လှည့်ထွက်မယ်ကြံခါရှိတုန်း နိုင်လင်းက မနွယ်ကို လှမ်းအော်ခေါ်လာတယ်။

"အမေ အမေ"

"ဟေ သားလေး နိုးပြီလား"

"နိုးပြီအမေရ ကျုပ်အရက်ဆာလို့ အခုပဲ ဆိုင်သွားတော့မလို့။အရက်ဖိုးမြန်မြန်လာပေးဗျာ"

သူနဲ့စကားပြောနေရာကနေ သားဖြစ်သူအသံကြားတော့ ငမိုးရိပ်မိကျောင်းကို ကြိမ်လုံးနဲ့ရိုက်ခေါ်ခံရသလိုမျိုး နေမထိထိုင်မသာနဲ့ စက္ကန့်မကြာခင်လှစ်ခနဲ အိမ်ထဲကိုပြေးဝင်သွားတဲ့မနွယ်ကိုကြည့်ပြီး တရားတွေတောင်မှ ရချင်လာတယ်။ မအေကဖုံး၊ သားကဖော်နဲ့ လိုက်လဲလိုက်တဲ့သားအမိ။

(၄)

"အမေ ဒီနေ့ ကျုပ်သူငယ်ချင်းတွေနဲ့ ဝိုင်းဖွဲ့သောက်ဖို့ချိန်းထားလို့ ငါးကြော်ကြွပ်ကြွပ်လေးထည့်သွားချင်တယ်ဗျာ။ အခုသွားကြော်ပေးစမ်းပါ"

"အေးပါ သားရယ်။ အမေ ဘုရားဝတ်တက်နေတုန်းမို့ ခဏလေးနော်"

"ဟာ အခုချက်ချင်း သွားကြော်ဗျာ။ ဘုရားကိုပြီးမှ ရှိခိုး။ ဟောဗျာ သွားလို့ပြောနေတာကို ဘာလို့ ကုန်းကန်တော့နေတာလဲ။ တောက်ကွာ။ ကြာပါတယ် အကုန်ရိုက်ခွဲတာအေးတယ်"

"ဟဲ့ မလုပ်ပါနဲ့သားရဲ့။ အမေ အခုပဲသွားပါ့မယ်"

"သွား အဲဒါဆို အခုချက်ချင်းသွား"

ဘုရားရှိခိုးနေတဲ့ မိခင်ဖြစ်သူကိုမှ မိုက်ရိုင်းစော်ကားနိုင်စားနေတဲ့ နိုင်လင်းရဲ့အသံက သူ့ဒေါသကို လာဆွတဲ့အခါ ဘယ်လိုမှသည်းမခံနိုင်တော့တာနဲ့ တွေ့ရာတုတ်ကိုဆွဲပြီး အိမ်ထဲကနေ ထွက်လာလိုက်မိတော့တယ်။ နိုင်လင်းကတော့ သူတို့အိမ်ဝင်းထဲကိုပြေးဝင်လာတဲ့ သူ့ကိုကြည့်ပြီး ကြက်သေသေနေလေရဲ့။ သူကတော့ အချိန်ကြာမြင့်စွာ အမြင်ကတ်ခဲ့ရသမျှ အငြိုးနဲ့ချရတော့မဲ့ နိုင်လင်းရဲ့ခေါင်းကို တစ်ချက်မျှစူးစိုက်ကြည့်ပြီး တုတ်နဲ့အားကုန်လွှဲရိုက်ပစ်လိုက်တယ်။

"အမယ်လေးဗျ"

(၅)

"အဖေရယ် ဖြစ်လိုက်မှဖြင့် ကျော်မကောင်း၊ ကြားမကောင်း"

"မပြောချင်တော့ပါဘူး သမီးရယ်။ မနွယ်ကို နိုင်လင်းက နိုင်စားလွန်းလို့ ဆုံးမမယ်ဆိုပြီးသွားလိုက်တာ။ အခုတော့ နိုင်လင်းကို အဖေကရိုက်မယ်လို့ ရွယ်ကာရှိတုန်း မနွယ်က အနောက်ကရောက်လာပြီး အဖေ့ကို အရင်ဦးအောင်ရိုက်လိုက်တော့တာပဲ"

"ဖြစ်ရမယ် အဖေရယ်။ နောက်ဆို သမီးတို့အိမ်မှာ မရှိရင် အဖေ့ဘာသာ စာပဲဖတ်ဖတ်၊ တရားပဲထိုင်ထိုင်၊ တီဗီပဲကြည့်ကြည့် ကြိုက်တာလုပ်။ ဒါပေမဲ့ ဟိုဘက်အိမ်ကအသံကိုတော့ ယောင်လို့တောင်နားမစွင့်နဲ့။ ဒီလောက် ငရဲမကြောက်လို့ မိုက်ရိုင်းနေတဲ့အကောင်ကို သူ့မအေကိုယ်တိုင်ကမှ အပြစ်မမြင်တဲ့ဟာ ကြားထဲက အဖေကဝင်ပါမနေနဲ့။ အဲဒီဒေါ်နွယ်လဲ ဒီတစ်ခါတော့ရှိပါစေအုံးပေ့ါ။ နောက်တစ်ခါဆိုရင်တော့ တရားကိုစွဲပစ်မယ်"

သမီးက ပတ်တီးတွေအထပ်ထပ်စီးထားရတဲ့ သူ့ရဲ့ခေါင်းကိုကြည့်ပြီး မနွယ်ကို ဒေါသတွေထွက်နေလေတယ်။

"ဪ. . . ဒါနဲ့ အဖေ့ကို ပြောရအုံးမယ်။ ဒီနေ့လေ သမီး ကြက်ခြံထဲဆင်းပြီး ကြက်ဥသွားနှိုက်တာ ဝပ်နေတဲ့ကြက်မက ဆိတ်လွှတ်လိုက်လို့ ဟောဒီမှာကြည့် မျက်ခုံးတောင်ပေါက်သွားတယ်"

"ဟာ ငါ့သမီးကလဲညံ့ပါ့ကွာ။ ကြက်မဝပ်နေတာကို သွားနှိုက်မှတော့ ဟိုက ဆိတ်လွှတ်ပြီပေါ့"

"ဟွန်း အဖေက သမီးကိုကျပြောတယ်နော်။ တကယ်တမ်းကျ အဖေလဲဘာထူးလဲ။ ဒေါ်နွယ်တို့အိမ်ထဲသွားပြီး သူ့သားကိုရိုက်ဖို့လုပ်မှတော့ သူ့မအေက အဖေ့ကိုဦးအောင်ရိုက်ပြီပေါ့"

"ဟာ ဟုတ်သားပဲ သမီးရ။ ဒီနေရာကျ အဖေနဲ့ သမီးက ညံ့တာချင်းတူသဟ"

သမီးက သူ့အပြောကြောင့် တခွိခွိနဲ့သဘောတွေကျနေလေတယ်။ သူကတော့ မနွယ်ရဲ့ သားဖြစ်သူအပေါ်ထားတဲ့ မိခင်မေတ္တာကို စိတ်ထဲကနေကျိတ်ပြီး ချီးကျူးစကားဆိုနေမိတော့တယ်။

"ဪ. . . မနွယ်ရယ် ဆိုးတဲ့သားဆိုပြီး တိုးလို့များချစ်နေသလားကွယ်"

# မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ဆေးဝါးကဏ္ဍပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ဆောင်ရွက်နိုင်ရေး Video Conferencing စနစ်ဖြင့် အစည်းအဝေးကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ဆေးဝါးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် မြန်မာ-ရုရှား ဆေးဝါးကောင်စီ ထူထောင်ရေးကိစ္စရပ်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် Video Conference စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိဂီဇင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရုရှားနိုင်ငံအခြေစိုက် "Chemrar" High-Tech Center ကုမ္ပဏီမှ Mr. Denis Yinokurov, International BD and Communication Director နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ ကိုဗစ်-၁၉ ရောဂါကုသရေးနှင့်ပတ်သက်သည့် ဆေးဝါးများနှင့် စစ်ဆေးသည့်စနစ်များ၊ မြန်မာနိုင်ငံသို့ ထောက်ပံ့ပေးရန် စီစဉ်ဆောင်ရွက်မည့် ကိစ္စ၊ ဆေးဝါးများ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ရရှိရေးကိစ္စ၊ သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် တင်သွင်းနိုင်မည့်ကိစ္စ၊ ဆေးဝါးထုတ်လုပ်ရေးနှင့်ပတ်သက်သည့် နည်းပညာပိုင်းဆိုင်ရာ လွှဲပြောင်းမှုဆောင်ရွက်နိုင်မည့်ကိစ္စ၊ မြန်မာ-ရုရှား နှစ်နိုင်ငံမှ ဆေးဝါးထုတ်လုပ်သူများ၊ ဖြန့်ဖြူးသူများ၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အာဏာပိုင် အဖွဲ့အစည်းများအကြား ဆွေးနွေးမှု မူဘောင်မှတစ်ဆင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ရုရှား-မြန်မာ ဆေးဝါးကောင်စီထူထောင်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တာချီလိတ်မြို့နယ် စပယ်-ဆန်နားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တာချီလိတ် ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စပယ်-ဆန်နားကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှဲလှဲသင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းများ၊ အခြားဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်ပြီး မိသားစုဝင်ငွေတိုးပွားကာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ချေးငွေအတိုးနှုန်း သတ်မှတ်ချက်နှင့် ပြန်ဆပ်ရမည့်ကာလတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက စပယ်-ဆန်နားကျေးရွာမှ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူဦးရေ ၃၀၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၇ ဦးကို နဝမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၆၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**



# ဂွမြို့နယ်၌ ရဟိုင်ကွင်း-ရဟိုင်ကူးကျေးရွာချင်းဆက်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ဂွ ဖေဖော်ဝါရီ ၂၄**

ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ရဟိုင်ကွင်း-ရဟိုင်ကူးကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရခိုင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမြင့်ဟန်၊ သံတွဲခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်မြတ်ဦးနှင့် ဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာလမ်းကော်မတီဝင်များ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ရဟိုင်ကွင်း-ရဟိုင်ကူးကျေးရွာချင်းဆက်ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ညွှန်ကြားရေးမှူးက လုပ်ငန်းများ သတ်မှတ်အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရဟိုင်ကွင်း-ရဟိုင်ကူး ကျေးရွာချင်းဆက်လမ်း အရှည် ၃ ဒသမ ၇ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ် လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၅၉ ဒသမ ၇၉၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် ဗျာလမင်းသားကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းပြီးစီးပါက ရဟိုင်ကွင်းနှင့် ရဟိုင်ကူးကျေးရွာမှ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ရာသီမရွေးအဆင်ပြေချောမွေ့စွာ မြို့ပေါ်ဈေးကွက်သို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်မည်ဖြစ်သကဲ့သို့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများအတွက်လည်း အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ကျော်မိုး**

# မွန်မြတ်စိတ်ထား

\- ကျင်လည်ရာ လူ့ဘဝ
ဖြူစင်ကြ စိတ်ထားတွေ၊
အကောင်းမြင် စိတ်ကိုထား
တရားစွာနေ၊
မတရားမှု မပြုမှလေ
ခုဘဝအခြေ နေပျော်အေး၊
ကိုယ်ချင်းစာ စိတ်ကိုထားလို့
နေသွားကြလေး။

\- အရာရာကို မျှတတွေး
ကူညီပေး လူ့ဘောင်တွင်၊
ခွဲခြားပါ အကောင်းအဆိုး
အကျိုးပြင်ဆင်၊
ဉာဏ်နှင့်ကြည့် သတိယှဉ်
အသိအမြင် အယူအဆ၊
တရားကို လက်ကိုင်သုံးလို့
အမုန်းဖယ်ကြ။

\- နှလုံးသားမှာ မြတ်ဓမ္မ
ကိန်းစေမှ ရင်အေးမယ်၊
ပိုလုပ်ဆောင် ကုသိုလ်ပြု
ကောင်းမှုတွေရယ်၊
အများအကျိုး ထမ်းရွက်သယ်
လှမ်းလျက်ကွယ် ဘဝခရီး၊
ကိုယ့်စိတ်မှာ ဖြူစင်ကြမှ
(မြင်မြင်သမျှလေ)
လှပရှုမငြီး။ ။

**မြင့်မိုရ်လင်း(ချောင်းဆုံ)**

# စလင်းမြို့နယ် ချောင်းဖြူကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းဖြူကျေးရွာအုပ်စု ချောင်းဖြူကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဆွေဇင်လှိုင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များနှင့်အတူ စီမံကိန်းချေးငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ ရေးသွင်းထားခြင်းရှိ၊ မရှိနှင့် ညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဒုတိယဦးစီးမှူးက စီမံကိန်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းမှာကြားသည်။

ချောင်းဖြူကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း တတိယအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြသော အိမ်ထောင်စု ၁၂၀ ကို စီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး ကျေးလက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးပွားလာစေရန် ငွေကြေးသာမက အခြားလိုအပ်သော အကူအညီများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သန်းသန်းမိုး**

# ရာဇဝင်များမှာ ထင်ရှားတဲ့မြန်မာ့ဂုဏ်ရည်

မန္တလာပြေ

**အမျိုးဂုဏ်ရည်ပြ သီချင်းတစ်ပုဒ်**

"လေဘာတီဆိုသော တဘောင်သီချင်းကိုတော့၊ မဟာပထဝီမြေအတွင်းက၊ ခရုသင်းမှုတ်လိုက်တော့သည်၊ မြန်မာ့ဂုဏ်ရည် မျိုးမြန်မာဂုဏ်ရည်ပါရှင်။

မြတ်မုနိဘဂဝါသခင်၊ ဗုဒ္ဓမြတ်ရှင်သည်၊ အင်ဂျင်နီယာဝန်ချီစက်တို့ မပေါ်သေးမီ၊ ဆွဲလို့တင်ပုံတွေ အံ့လောက်ပါပေသည်၊ ရာဇဝင်များမှာ ထင်ရှားမြန်မာ့ဂုဏ်ရည်။

မင်းကွန်းခေါင်းလောင်းကြီးကို ရောက်အောင် ဘယ်လိုတည်၊ အော်. . . ခွေးတိုးစက်က ဘယ်မှာရနိုင်မည်၊ ကြိုးနဲ့လက်နဲ့ဆွဲကာ နွဲ့ကာမြဲရရှာလေသည်။

ရသေ့ရှင်ခန္တီ၊ မန္တလေးတောင်တော် မဟီ၊ အင်ဂျင်နီယာကို မခေါ်၊ ရသေ့ကိုယ်တိုင် ကြံစည်ပါသည်၊ ရာဇဝင်များမှာ ထင်ရှားမြန်မာ့ဂုဏ်ရည်။

မြန်မာစစ်သားတို့၊ ယိုးဒယားက အမြောက်ကို၊ နန်းတော်အနောက်သို့ ဘယ့်နှယ်လုပ်လို့ ရောက်ရရှာလေသည်၊ ဘုရားကြီးက ကြေးရုပ်ကြီးများကို၊ လွယ်လွယ်ကူကူ၊ ရခိုင်ပြည်ကြီးက အပြီးတိုင်ဆောင်ကာယူ။

ကျောက်တော်ကြီးဘုရားတော့၊ များအံ့လောက်ပေသည်၊ စမ်းကျတဲ့ရေယဉ်ရွှေကျင်စခန်းက ရတနာပုံမြန်းကြွတဲ့ပုဏ္ဏမီး၊ ဆရာတင် နန်းတော်ရှေ့ရေး၊ အပုံကျန်ပါသေးသည် ရွှေသွေးမြန်မာ့ဂုဏ်ရည်။"

အထက်ပါတေးသီချင်းသည် မျိုးချစ်တေးပြုစာဆိုပြည်သူချစ်သော အနုပညာသည်တစ်ဦးဖြစ်သည့် နန်းတော်ရှေ့ဆရာတင် ရေးစပ်သီကုံးပြီး နာမည်ကျော် အငြိမ့်မင်းသမီး လေဘာတီမမြရင်သီဆိုခဲ့သော **"မြန်မာ့ဂုဏ်ရည်"** အမည်ရှိ သီချင်းဖြစ်သည်။ ဤသီချင်းကို ယခုအခါ အဆိုတော် ပစ်တိုင်းထောင်နှင့် ရတနာဦးတို့၏ **တက်ခေတ်သူဌေးဝါဒ** တေးစီးရီးတွင်လည်းကောင်း၊ မြတ်ဝတ်ရည်၏ **ရွှေမင်းဂံ** တေးစီးရီးတွင်လည်းကောင်း ပါရှိပြီး မူရင်းကိုမူ ရှာဖွေရန်ခက်ခဲသည်။

**မြန်မာ့ဂုဏ်ရည်ဟူသည်မှာ**

**ဂုဏ်ရည်** (နာမ်) ဟူသော ဝေါဟာရကို မြန်မာအဘိဓာန်၌ **"ဂုဏ်အရည်အချင်း၊ အဆင့်အတန်း"** ဟု ဖွင့်ဆိုထားသည်။ သို့ဖြစ်၍ **မြန်မာ့ဂုဏ်ရည်** ဆိုသည်မှာ မြန်မာလူမျိုးတို့၏ ဂုဏ်အရည်အချင်း၊ ဂုဏ်အဆင့်အတန်း မည်မျှရှိသည်၊ မည်မျှမြင့်မားသည်ကို ဆိုလိုရာရောက်သည်ဟု ယူဆသည်။ တစ်နည်းအားဖြင့် မြန်မာလူမျိုးတို့၏ ဇွဲ၊ လုံ့လ၊ ဝီရိယ ဉာဏ်ရည်ဉာဏ်သွေးတို့ဖြင့် ခက်ခဲနက်နဲသော ကိစ္စရပ်များကို မိမိတို့ဘာသာ ဖြေရှင်းစွမ်းဆောင်နိုင်သော ဂုဏ်အရည်အချင်းပင်ဖြစ်သည်။

**မြန်မာ့ဂုဏ်ရည်သီချင်းမှ သမိုင်းမြင်ကွင်းများ**

**(က) မုနိဘဂဝါ ပင့်ဆောင်ရာဝယ်**

မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်သည် တန်ခိုးတော်အနန္တဖြင့် ပြည့်စုံတော်မူသဖြင့် မြန်မာနိုင်ငံအနှံ့အပြားမှ ဘုရားဖူးများသာမက ကမ္ဘာလှည့်ခရီးသွားများပင် နေ့စဉ်မပြတ် လာရောက်ဖူးမြော်ကြသည်။ မြန်မာနိုင်ငံတွင် ရှေးအကျဆုံး သွန်းလုပ်ခဲ့သော သမိုင်းဝင် ရုပ်ရှင်တော်တစ်ဆူဖြစ်သည်။ မြတ်စွာဘုရားကိုယ်တော်တိုင် ရင်ငွေ့လှူပေးခဲ့သော မဟာမုနိရုပ်ရှင်တော်ဖြစ်ပြီး ရခိုင်ပြည့်ရှင် စန္ဒသူရိယမင်း၏ ကောင်းမှုကုသိုလ်ဖြစ်သည်။ မူလက ရခိုင်ပြည်ဓညဝတီမြို့ မြောက်အရပ် သီရိဂုတ်တောင်သိမ်တော်တွင် ကိန်းဝပ်စံပယ်တော်မူခဲ့သည်။

အမရပူရမြို့တည်နန်းတည် ဘိုးတော်ဗဒုံမင်းတရားကြီး (မြန်မာသက္ကရာဇ် ၁၁၀၆-၁၁၈၁) သည် မဟာမုနိရုပ်ရှင်တော်ကို အမရပူရ နေပြည်တော်သို့ ပင့်ဆောင်ပူဇော်ကိုးကွယ်လိုသဖြင့် သားတော်ကြီး အိမ်ရှေ့ဥပရာဇာ စကုမင်းနှင့် ကာမမင်းတို့အား ပင့်ဆောင်ရန် အမိန့်တော်ချမှတ်သည်။ အိမ်ရှေ့မင်းဦးဆောင်၍ မြန်မာသက္ကရာဇ် ၁၁၄၆ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်တွင် အမရပူရမှ ရခိုင်သို့ ချီလေသည်။ ရခိုင်ပြည်ကို သိမ်းပိုက်ရရှိတော်မူပြီးနောက် မဟာမုနိရုပ်ရှင်တော်ကို အမရပူရ နေပြည်တော်သို့ ပင့်ဆောင်စီမံလေသည်။

မဟာမုနိရုပ်ရှင်တော်ကြီးသည် ပဉ္စလောဟာ ရတနာဖြင့် ထုလုပ်ထား၍ အရွယ်တော်အားဖြင့် လက်တော် ခြောက်တောင်တစ်မိုက်၊ နေရာပန်းတင်မှသည် ရောင်လျှံတော်အထိ ခုနစ်တောင်နှစ်မိုက်ရှိသည်။ ထိုကဲ့သို့ ထုထည်ကြီးမားသော ကြေးသွန်းရုပ်ရှင်တော်ကို မပွန်းမပဲ့ထိခိုက်မှုမရှိအောင် သယ်ယူရန် လွန်စွာခက်ခဲသည်။ ထိုခေတ်အခါက လေးလံသော ပစ္စည်းများကိုမ၍ သယ်ဆောင်နိုင်သော ယန္တရားဖြစ်သည့် ဝန်ချီစက်သည် မြန်မာပြည်တွင် မပေါ်သေးဘဲ လူနှင့် ဆင်၊ ကျွဲ၊ နွားတို့၏ စွမ်းအားဖြင့်သာ လုပ်ဆောင်ရသော အချိန်ကာလဖြစ်သည်။ မြန်မာ

> ❖ ဂုဏ်ရည် (နာမ်) ဟူသော ဝေါဟာရကို မြန်မာအဘိဓာန်၌ "ဂုဏ်အရည်အချင်း၊ အဆင့်အတန်း" ဟု ဖွင့်ဆိုထားသည်။ သို့ဖြစ်၍ မြန်မာ့ဂုဏ်ရည်ဆိုသည်မှာ မြန်မာလူမျိုးတို့၏ ဂုဏ်အရည်အချင်း၊ ဂုဏ်အဆင့်အတန်း မည်မျှရှိသည်၊ မည်မျှမြင့်မားသည်ကို ဆိုလိုရာရောက်သည်ဟု ယူဆသည်။ တစ်နည်းအားဖြင့် မြန်မာလူမျိုးတို့၏ ဇွဲ၊ လုံ့လ၊ ဝီရိယ ဉာဏ်ရည်ဉာဏ်သွေးတို့ဖြင့် ခက်ခဲနက်နဲသောကိစ္စရပ်များကို မိမိတို့ဘာသာဖြေရှင်းစွမ်းဆောင်နိုင်သော ဂုဏ်အရည်အချင်းပင်ဖြစ်သည်။ ❖

သက္ကရာဇ် ၁၁၄၆ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်မှစ၍ မဟာမုနိရုပ်ရှင်တော် ကိန်းအောင်းစံပယ်ရာ သိမ်တော်မြောက်ဘက် တာ ၅၀၀ ကွာဝေးသော ချောင်းဒီရေကြောင်းအရောက် လှည်းစွပ်ရထားဖြင့် တင်ဆောင်သယ်ယူရသည်။ ဒီရေကြောင်းသို့ရောက်လျှင် အိမ်ရှေ့မင်းစီးတော်မူသော ရွှေလှေတော်တည်ငြိမ်ကြီးပေါ်သို့ ပြောင်းရွှေ့တင်ပြီး အိမ်ရှေ့မင်းကိုယ်တိုင် ကြပ်မတ်၍ တောင်ကုတ်အရောက် ငါးစခန်းရပ်နား၍ ပင့်ဆောင်တော်မူသည်။ ထိုနှစ် တပို့တွဲလပြည့်ကျော် ၆ ရက် တောင်ကုတ်ရောက်သည်။ တောင်ကုတ်မှ ပတင်းကျွန်းသို့ရောက်လျှင် လူအင်အား ၅၀၀ ဖြင့် မဟာမုနိရုပ်ရှင်တော်ကို လှေမှသည် လှည်းစွပ်ရထားပေါ်တင်၍ ရခိုင်ရိုးမကိုဖြတ်ကျော်ပြီး ကြည်းကြောင်းပင့်ဆောင်တော်မူခဲ့သည်။ တောင်ကုတ်မှ ပန်းတောင်းမြို့ထိ အမည်သိသောတောင် ၁၃၈ လုံး နှင့် အမည်မသိသောတောင် အမြောက်အမြားကို ဖြတ်ကျော်သယ်ဆောင်ရ၏။ လမ်းခရီးတွင် စခန်းပေါင်း ၅၄ ခုတွင် ရပ်နားခဲ့၏။ ၁၁၄၇ ခုနှစ် တန်ခူးလပြည့်ကျော် ၆ ရက်တွင် ပန်းတောင်းမြို့သို့ ရောက်ရှိ ရပ်နားခဲ့သည်။ မဟာမုနိရုပ်ရှင်တော်ကို ထိုနှစ် ကဆုန်လဆန်း ၁ ရက်မှစ၍ ကရဝိက်ရွှေဖောင်တော် နှစ်စင်းတွဲ၍ ပန်းတောင်းမြို့မှ ဆက်လက်ပင့်ဆောင်ရာ ထိုနှစ် ကဆုန်လပြည့်နေ့တွင် အမရပူရရွှေမြို့တော်ရှိ တက်သေးအင်းဖောင်ဆိပ်သို့ ရောက်ရှိသည်။ ထိုမှ ရွှေမြို့တော်မြောက် တာ ၅၀၀ ကွာဝေးသော တက်သေးအရပ်၌ ပြာသာဒ်တော်ဆောက်လုပ်၍ ပူဇော်ထားရှိခဲ့သည်။ ယခုအခါ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်တွင် တည်ရှိပါသည်။

မြန်မာ့ဂုဏ်ရည်သီချင်းတွင်ပါရှိသော ကြေးရုပ်ကြီးများ (ဘုရင်၊ ရသေ့၊ ခြင်္သေ့၊ ဆင်ရုပ်)နှင့် အမြောက်ကြီးများသည် ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်ကျော်ထင်နော်ရထာမင်း ယိုးဒယားမှ သယ်ဆောင်လာခဲ့သော ပစ္စည်းများဖြစ်ပြီး ရခိုင်ဘုရင်က တစ်ဖန်ဟံသာဝတီ ပဲခူးမှတစ်ဆင့် ရခိုင်ပြည်သို့ သယ်ဆောင်ကာ မဟာမုနိရုပ်ရှင်တော်တွင် လှူဒါန်းခဲ့သည်။ ထိုပစ္စည်းများကို ရခိုင်ပြည်မှ အမရပူရသို့ ပင်လယ်ရေကြောင်း၊ မြစ်ကြောင်းအတိုင်း သယ်ဆောင်ခဲ့သည်ဟု ဖတ်ရှုလေ့လာရသည်။

**(ခ) မင်းကွန်းခေါင်းလောင်းကြီးကို ရောက်အောင် ဘယ်လိုတည်**

စစ်ကိုင်း-မင်းကွန်းဒေသရှိ ကမ္ဘာကျော် ကြီးငါးကြီးစာရင်းဝင် မင်းကွန်းခေါင်းလောင်းကြီးသည် မြန်မာပြည်၌ အကြီးမားဆုံးဖြစ်ပြီး ကမ္ဘာတွင် တတိယအကြီးမားဆုံးဖြစ်သည်။ အမရပူရမြို့တည်နန်းတည် ဘိုးတော်ဗဒုံမင်း၏ ကောင်းမှုတော်ပင်ဖြစ်သည်။ ဘိုးတော်ဗဒုံမင်းအမိန့်တော်အရ မြန်မာသက္ကရာဇ် ၁၁၇၀ ပြည့်နှစ် ကဆုန်လဆန်း ၅ ရက်တွင် ပန်းတည်းဝန် မဟာနန္ဒကျော်သူက ကြပ်မတ်၍ အမရပူရနန်းတော် ကျွန်းရွာအနီး စွန်းလွန်းရွာ၌ သွန်းလုပ်ခဲ့သည်။ ခေါင်းလောင်းတော်ကြီးသွန်းလုပ်ရာ၌ ကြေးပိဿာပေါင်း ၅၅၅၅၅ ပိဿာကုန်ကျသဖြင့် မှတ်သားရလွယ်ကူစေရန် **"မင်းဖြူမှန်မှန်ပြော"**ဟု စာဖြင့် သင်္ကေတပြု မှတ်သားနိုင်သည်။ တန်ချိန်အားဖြင့် ၉၀ ဒသမ ၅၂ တန်ရှိသည်။ အတိုင်းအတာအရွယ်အစားမှာ အဝအချင်း ၁၆ ပေ ကိုးလက်မ၊ လုံးပတ် (အောက်အစွန်း) ၅၀ ပေ သုံးလက်မ၊ အစောက် ပေ ၂၀ သုံးလက်မ၊ အထူ တစ်ပေ ခုနစ် လက်မ၊ အမြင့် ၂၇ ပေ ရှစ်လက်မဖြစ်သည်။

ဤမျှအရွယ်အစားကြီးမားပြီး အလွန်လေးလံသော ခေါင်းလောင်းတော်ကြီးကို စွန်းလွန်းရွာမှ ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ မင်းကွန်းသို့ရောက်အောင် မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် သယ်ယူခဲ့သည်။ ခေါင်းလောင်းကြီးအောက်ခြေ၌ မြောင်းတူး၍ အလံ ၂၀ ရှိသော ကရဝိက်ဖောင်တော်နှစ်စင်းကို ဆောက်လုပ်ကာ အခင်းခိုင်ခံ့အောင်လုပ်ပြီး ရွှေပိန်းချထားသည်။ ဖောင်တော်တည်နေရာအရပ်မှ မြစ်ဆိပ်ရောက်အောင် ဖောင်ချောင်းတူးသည်။ ဧရာဝတီမြစ်အနောက်ဘက်ကမ်း၌လည်း ပုထိုးတော်ကြီးမြောက်ဘက် ဧရာဝတီဆိပ်ကမ်းမှ ခေါင်းလောင်းတော်ကြီးထားရှိမည့်နေရာအထိ ဖောင်ချောင်းတူးထားသည်။ ထိုနှစ် ဝါဆိုဝါခေါင်မြစ်ရေတက်ချိန်၌ ဖောင်ချောင်းများတွင်လည်း ရေလျှံတက်လာသောအခါ ကရဝိက်ဖောင်တော်နှစ်စင်းက ခေါင်းလောင်းတော်ကြီးကို ရွက်ဆောင်လျက် ရေပေါ်တွင် တည်နေသည်။ ထိုအချိန်ရောက်မှ ဘိုးတော်ဗဒုံမင်းကိုယ်တိုင် ဦးဆောင်၍ မင်းခမ်းမင်းနားဖြင့် မင်းကွန်းသို့ ပို့ဆောင်ခဲ့သည်။

**(ဂ) မန်းတောင်မဟီ သာယာစည် ရသေ့ရှင်ခန္တီ**

"အသက်လေးရဲ့ ရှည်စေလို့၊ မြနန္ဒာရေညှိသန်းတယ် မန်းတောင်ရိပ်ခို"ဆိုတဲ့ အဆိုတော် မာမာအေးရဲ့ သီချင်းထဲကအတိုင်း မန်းရွှေမြို့တော်ကြီးကို မန်းတောင်ရိပ်ဟု မန္တလေးသူ၊ မန္တလေးသားတို့က မန္တလေးမြို့နှင့် မန္တလေးတောင်တော်ကို အတူတွဲ၍ ဂုဏ်ယူတင်စားပြောဆိုကြသကဲ့သို့ "မန္တလေးတောင်တော် မဟီရသေ့ရှင်ခန္တီ"ဟု မန္တလေးတောင်နှင့် ရသေ့ကြီးဦးခန္တီကိုလည်း တွဲ၍မြင်ကြသည်။ အဘယ်ကြောင့်ဆိုသော် ယနေ့မြင်တွေ့ရသော မန္တလေးတောင်တော်၏ အလှသည် ရသေ့ကြီးဦးခန္တီက စခဲ့သောကြောင့်ပင်ဖြစ်သည်။

ရှေးယခင်က မန္တလေးတောင်သည် ဆရာကြီးမင်းသုဝဏ်၏ ပျဉ်းမငုတ်တိုကဗျာတွင် ပါရှိသည့် "စစ်ကိုလည်းကြုံ၊ ခြအုံလည်းဖြစ်၊ ဓားထစ်လည်းခံ၊ နေလှံလည်းတိုက်" ဆိုသကဲ့သို့ နယ်ချဲ့တို့၏ ဗုံးဒဏ် အကြိမ်ကြိမ်ခံခဲ့ရခြင်း၊ လူတို့ သစ်ခုတ်ကြသဖြင့် သစ်တောပြုန်းတီးခြင်း၊ ကျွဲ၊ နွားတိရစ္ဆာန်တို့ စားသောက်ဖျက်ဆီးခြင်းနှင့် တောမီးလောင်ခြင်းတို့ကြောင့် တောင်ကတုံးနီးပါးဖြစ်ခဲ့ရသည်။ ထိုအနေအထားမှ မန္တလေးတောင်တော်ကြီးကို "စေတီဘုရား၊ တန်ဆောင်းများနှင့်၊ သားနားစည်ပင်၊ မန်းဥယျာဉ်ဟု၊ မည်တွင်ယနေ့၊ ရှင်ရသေ့ကို၊ မမေ့နိုင်ဌား မန်းမြို့သား"ဟု ဂုဏ်ပြုချီးကျူးထိုက်သော ပုဂ္ဂိုလ်မှာ ရသေ့ကြီးဦးခန္တီပင်ဖြစ်သည်။ ရသေ့ကြီးဦးခန္တီသည် ငယ်စဉ်သာမဏေဘဝမှ ရဟန်းဘဝ ၁၂ ဝါအထိရပြီးမှ သက်တော် ၃၂ နှစ် မြန်မာသက္ကရာဇ် ၁၂၆၀ ခုနှစ်၌ ရသေ့အသွင် ပြောင်းခဲ့၏။ သာသနာပြုလုပ်ငန်းဆောင်ရွက်သည့်အခါ ငွေကြေးကိုင်တွယ်ရာ၌ အာပတ်မသင့်စေရန်ဟုသိရ၏။ ရသေ့ကြီးသည် မန္တလေးတောင် သာသနာပြုလုပ်ငန်းများကို မြန်မာသက္ကရာဇ် ၁၂၆၉ ခုနှစ် တပေါင်းလဆန်း ၁ ရက်မှစ၍ ဆောင်ရွက်ခဲ့သည်။ ရသေ့ကြီးသည် သက်တော် ၈၂ နှစ် မြန်မာသက္ကရာဇ် ၁၃၁၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၁၄ ရက်နေ့ ကံကုန်သည်အထိ မန္တလေးတောင်တော်တွင် ၄၁ နှစ်ကြာ သာသနာပြုခဲ့သည်။ ရသေ့ကြီးသည် ပျက်စီးယိုယွင်းနေသော တန်ဆောင်း၊ ဇရပ်များကို ဦးစွာပြုပြင်ခြင်း၊ ဘုရားဖူးများ တောင်ပေါ်သို့ အလွယ်တကူတက်ရောက်နိုင်ရန် စောင်းတန်းလေးသွယ် တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သည်။ ဤသို့တည်ဆောက်ရာတွင် ရသေ့ကြီး၏ ထူးခြားချက်မှာ မည်သည့်အင်ဂျင်နီယာမျှမပါဘဲ အုတ်ခဲများအစား ကျောက်တုံးကျောက်ခဲများကို အသုံးပြုခြင်း၊ သစ်သားတိုင်၊ တန်းများအစား သံတိုင်၊ သံချောင်း၊ သွပ်များအသုံးပြုခြင်း၊ အလှူခံဇရပ်ပြန့်ကြီး၏ အမိုးကို မိုးရေမဝပ်စေရန် အမိုးခုံးပြုလုပ်ခြင်းတို့ကို ကိုယ်တိုင်ကြပ်မတ်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ စာရေးသူ မန္တလေးတောင်ပေါ်ရောက်၍ ရသေ့ကြီးဦးခန္တီဆောက်လုပ်ခဲ့သည့် ဘုရား၊ စေတီ၊ ဇရပ်၊ တန်ဆောင်း၊ စောင်းတန်းနှင့် ဦးခန္တီမဏ္ဍပ်ကြီးကို မြင်တွေ့ရတိုင်း ယနေ့ခေတ်စားနေသည့် သံထည်အဆောက်အအုံများနှင့် ဆင်တူနေသဖြင့် ရသေ့ကြီးသည် လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်လောက်ကပင် ဤအတတ်ကို တတ်မြောက်ခဲ့သူ၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတတ်သူ၊ ခေတ်မီမီကမ္ဘာကြည့်ကြည့်မြင်တတ်သူဟု ထင်မြင်မိသည်။ အမျိုးဂုဏ်ရည်ကိုပြသည့် စံပြရသေ့ သူတော်စင်တစ်ပါးပါတကား။

**(ဃ) ကျောက်တော်ကြီးဘုရား များအံ့လောက်ပေသည်**

မန္တလေးတောင်၏ တောင်ဘက်စောင်းတန်းအနီး၌ မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရား တည်ရှိတော်မူသည်။ မင်းတုန်းမင်းတရားကြီး၏ ကောင်းမှုတော်ဖြစ်သည်။ မင်းတုန်းမင်းတရားကြီးသည် မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ်၌ အမရပူရမှ မန္တလေးရတနာပုံနေပြည်တော်သို့ ပြောင်းရွှေ့စိုးစံတော်မူပြီး ငါးနှစ်အကြာ မြန်မာသက္ကရာဇ် ၁၂၂၆ ခုနှစ်တွင် ကျောက်တော်ကြီးဘုရားကို တည်ထားကိုးကွယ်ရန် မတ္တရာမြို့နယ် စကျင်တောင်၌ ကျောက်သလင်းဖြူကြီးကို တူးဖော်စေပြီး ထိုတောင်၌ပင် ဗုဒ္ဓရုပ်ပွားတော်ပုံကြမ်းကို ထုဆစ်စေသည်။ မြန်မာသက္ကရာဇ် ၁၂၂၆ ခုနှစ်

စာမျက်နှာ ၂၇ သို့ ➤

# ရန်ကုန်မြို့ အခြေစိုက် ကုမ္ပဏီ ၄၅ ခုက ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် အထည်အလိပ်(CMP)ပစ္စည်းများကို ပို့ကုန်အမည်သစ်အဖြစ် တင်သွင်းဆောင်ရွက်နေ



**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်မြို့အခြေစိုက် ကုမ္ပဏီ ၄၅ ခုက ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် အထည်အလိပ်(CMP) ပစ္စည်းများကိုပို့ကုန်အမည်သစ်အဖြစ် ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှစ၍ တင်သွင်းနေကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ဖေဖော်ဝါရီ ၂၃ ရက် သတင်းများအရ သိရသည်။

ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းအနေဖြင့် မြန်မာနိုင်ငံ၏ သွင်းကုန်အုပ်စုများဖြစ်သည့် ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် CMP ကုန်ပစ္စည်းများ သွင်းကုန်ပစ္စည်း အုပ်စု လေးခုကို တင်သွင်းလျက်ရှိရာ CMP ကုန်ပစ္စည်းများအုပ်စုမှ အထည်အလိပ် (CMP) ပစ္စည်းများကို ပို့ကုန်အမည်သစ်အဖြစ် တင်သွင်းခဲ့ကြောင်း သိရသည်။

အဆိုပါ သွင်းကုန်အမည်သစ် အထည်အလိပ်(CMP) ပစ္စည်းများ တင်သွင်းရန်အတွက် ရန်ကုန်မြို့ အခြေစိုက်ကုမ္ပဏီ ၄၅ ခုက ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတွင် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ စတင်ဆောင်ရွက်ခွင့်ပြုရန် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အသင်းဝင်လက်မှတ်၊ ကုမ္ပဏီဒါရိုက်တာစာရင်းပုံစံ အမည်ပျက်စာရင်းတွင် ပါဝင်ခြင်း မရှိကြောင်း ကုမ္ပဏီ၏ဝန်ခံချက်တို့ဖြင့် တင်ပြလျှောက်ထားခဲ့ကြောင်း၊ အဆိုပါ လျှောက်ထားမှုများအရ အထည်အလိပ် (CMP) ကုန်ကြမ်းပစ္စည်းများကို ကုန်သွယ်ရေးဦးစီးဌာနရုံးချုပ်က Myanmar Tradenet (2.0)စနစ်ဖြင့်ထုတ်ပေးသည့် သွင်းကုန်လိုင်စင်၊အကောက်ခွန်ဦးစီးဌာန၏ Release Order Notification တို့ဖြင့် တင်သွင်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ (၃၃၆)

# ညောင်လေးပင်မြို့နယ် ဇီးကုန်းကြီးရှမ်းစုကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်လေးပင် ဖေဖော်ဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဇီးကုန်းကြီးရှမ်းစုကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များအား (VRFP)စီမံကိန်းရန်ပုံငွေများ စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့နောက် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးသန့်ဇင်အောင်နှင့် ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) စတုတ္ထအကြိမ်အဖြစ် ညောင်လေးပင်မြို့နယ် ဇီးကုန်းကြီးရှမ်းစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၂၀၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦး၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၄ ဦး အတွက် ငွေကျပ် ၂၅၇ ဒသမ ၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# မကွေးမြို့နယ် ယင်းသာစည်(န)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မကွေး ဖေဖော်ဝါရီ ၂၄**

မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယင်းသာစည်(န)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ယင်းသာစည်(န)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များအား ကွန်ကရစ်လမ်း ရေရှည်အသုံးပြုနိုင်ရေး တန်ပိုးယာဉ်များ ဖြတ်သန်းသွားလာခြင်း မပြုရန် မှာကြားသည်။



မကွေးမြို့နယ် ယင်းသာစည်(န)ကျေးရွာ၌ အရှည်ပေ ၆၇၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေမှ ငွေကျပ် ၁၄ သန်းအသုံးပြု၍ ဖေဖော်ဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးပြီဖြစ်၍ ယင်းသာစည်(န) ကျေးရွာရှိ အိမ်ခြေ ၃၃၂ အိမ်၊ လူ ၁၄၅၆ ဦးကို အကျိုးပြုကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

# နမ္မတူမြို့နယ် ပန်ကွတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ္မတူ ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပန်ဆော့၊ ပန်ကွတ်၊ နားတီး၊ နမ့်ယီမူ ကျေးရွာလေးရွာ အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ပန်ကွတ်ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးရာတွင် နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းဆိုင်လှိုင်းက ကျေးလက်နေပြည်သူများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးစိုင်းဆိုင်လှိုင်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဆဋ္ဌမအကြိမ်အဖြစ် နမ္မတူမြို့နယ်မှ ပန်ဆော့၊ ပန်ကွတ်၊ နားတီး၊ နမ့်ယီမူ ကျေးရွာလေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၂၇၅၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းဆိုင်လှိုင်းနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်ရဲကျော်**

➤ စာမျက်နှာ ၂၆ မှအဆက်

တန်ဆောင်မုန်းလဆန်း ၂ ရက်တွင် အိမ်ရှေ့စံကနောင်မင်းသားကြီးမှူးလျက် အစုအမှုထမ်းပေါင်း တစ်သောင်းနှစ်ထောင်ကျော်တို့နှင့် စကျင်တောင်မှ မန္တလေးမြို့ အနောက်ပြင် အီကင်းဆိပ်ကမ်းမှ ယခုတည်ရှိရာနေရာသို့ ပင့်ဆောင်ခဲ့ကြသည်။ မြန်မာသက္ကရာဇ် ၁၂၂၇ ခုနှစ် ကဆုန်လပြည့်ကျော် ၇ ရက်တွင် အလုံးစုံထုဆစ်ပြီးသဖြင့် ကျောက်တော်ကြီးဘုရားရုပ်ပွားတော်မြတ်ကို မင်းတုန်းမင်းတရားကြီး ကိုယ်တော်တိုင် မျက်နှာတော်ဖွင့်လှစ်ပြီး ရုပ်ပွားတော်မြတ်ကို မဟာသကျမာရဇိန်ဘုရားဟု ဘွဲ့တော်ချီးမြှင့်လေသည်။ ကျောက်တော်ကြီးရုပ်ပွားတော်မြတ်၏ ဉာဏ်တော်မှာ ဓမ္မခဏ်မှ ရောင်လျှံတော်ဖျားထိ ၁၇ တောင် တစ်မိုက်လက်လေးသစ်၊ ထက်ဝယ်တော် ဝဲယာအပြန့်မှာ ၁၂ တောင်၊ အဝန်းမှာ ၂၈ တောင် နှစ်မိုက်လက်လေးသစ်၊ ရင်ပွင့်တော်မှ ပခုံးစွန်းဝဲယာအကျယ်မှာ ရှစ်တောင်ရှိပြီး အဝန်းမှာ အတောင် ၂၀ ရှိသည်။ ဤမျှ ထုထည်ကြီးမားသော ကျောက်တော်ကြီး ရုပ်ပွားတော်မြတ်ကို သယ်ဆောင်ထုဆစ် ကိုးကွယ်ခဲ့ကြသည်မှာလည်း မြန်မာလူမျိုးတို့၏ ဂုဏ်ရည်တစ်ခုပင်ဖြစ်သည်။

**နိဂုံး**

နန်းတော်ရှေ့ဆရာတင်၏ **အပုံကျန်ပါသေးသည် ရွှေသွေးမြန်မာ့ဂုဏ်ရည်** ဟူသော စေးစာသားအရ မြန်မာလူမျိုးတို့၏ ဂုဏ်အရည်အချင်းများ မည်မျှမြင့်မားခဲ့သည်ကို ပုဂံခေတ်မှစ၍ ကုန်းဘောင်ခေတ်တိုင်အောင် တည်ရှိခဲ့သော လက်ညှိုးထိုးမလွဲသည့် စေတီပုထိုးများ၊ ရှေးဟောင်းဗိသုကာလက်ရာများ၊ ပန်းချီ၊ ပန်းပုလက်ရာများနှင့်ကျောက်စာ စာပေအထောက်အထားများက သက်သေခံလျက်ရှိသည်။ ယခုပစ္စုပ္ပန်၌လည်း ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်၍ ခုနစ်ရက်သားသမီး ဘုရားဒါယကာ၊ ဘုရားဒါယိကာမတို့က ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် **မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး**ကို အောင်မြင်စွာ တည်ထားကိုးကွယ်နိုင်ခဲ့ခြင်းဖြင့် မြန်မာ့ဂုဏ်ရည် အထွတ်အထိပ်ကို ကမ္ဘာသို့ ပြသနိုင်ခဲ့ပြီဖြစ်သည်။

**ကိုးကား**


၁။ **အရှင်ဓမ္မဓောတိ၏ "ကမ္ဘာကျော်ကြီးငါးကြီး"။**

၂။ **ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၏ "မန္တလေး မဟာမုနိဘုရားကြီးသမိုင်း"။**

၃။ **ရွှေရိုး(မန္တလေး)၏ "မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီး ရှေးဟောင်းဘုရားများသမိုင်း"။**


၄။ **လူထုဒေါ်အမာ၏ "ပြည်သူချစ်သော အနုပညာသည်များ"။**

၅။ **မြန်မာစာအဖွဲ့ ဦးစီးဌာန၏ "မြန်မာအဘိဓာန်"။**

၆။ **မန္တလေးတောင်တော် ဓာပဒေသာ၊ အမှတ် ၁၊ ၂၀၂၀ ပြည့်နှစ်။**



ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# မိုက်ခရိုပလတ်စတစ်များ၏ သက်ရောက်မှုများ

မေဇင်ထွန်း

ပလတ်စတစ်များသည် အသုံးပြုရလွယ်ကူခြင်း၊ ဘက်စုံအသုံးပြုနိုင်ခြင်းတို့ကြောင့် ဆယ်စုနှစ်အနည်းငယ်အတွင်း ပလတ်စတစ်ထုတ်လုပ်မှုသည် ရာနှုန်းပြည့်မြင့်တက်လာခဲ့သည်။ ပလတ်စတစ်များ၏ အဓိကပြဿနာမှာ ပလတ်စတစ်အမြောက်အမြားကို အသုံးပြုပြီးနောက် ကောင်းစွာပြန်လည်အသုံးပြုခြင်းမပြုဘဲ စွန့်ပစ်ကြခြင်းဖြစ်သည်။ ထိုသို့စွန့်ပစ်လိုက်သော ပလတ်စတစ်အမှိုက်များသည် ပြိုကွဲပျက်စီးရန် အချိန်များစွာလိုအပ်သည့်အပြင် မိုက်ခရိုပလတ်စတစ်များအဖြစ်သို့ ပြိုပျက်သွားခြင်းကြောင့် သဘာဝပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုနှင့် ကျန်းမာရေးဆိုင်ရာပြဿနာများ ပိုမိုဆိုးရွားစွာဖြစ်ပေါ်လာစေခြင်းပင်ဖြစ်သည်။

အီတလီနိုင်ငံတွင် စွန့်ပစ်ပလတ်စတစ်များ၏ ၃၀ ရာခိုင်နှုန်းကိုသာ ပြန်လည်အသုံးပြုသဖြင့် စွန့်ပစ်ထားသော ပလတ်စတစ်အမှိုက်များသည် ပတ်ဝန်းကျင်တွင် ပြန့်ကျဲလျက်ရှိသည်။ ပလတ်စတစ်အမှိုက်များသည် ၁၉၅၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ပိုမိုများပြားလာရခြင်းမှာ ပလတ်စတစ်ထုတ်လုပ်မှုများ တိုးမြင့်လာခြင်းကြောင့်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်မှစတင်၍ "ပလတ်စတစ်အတွက် ဥရောပမဟာဗျူဟာ" ဖြင့် ပလတ်စတစ်ထုတ်လုပ်မှုကို တားမြစ်ခဲ့သည်။ ထို့ပြင် မိုက်ခရိုပလတ်စတစ်များသည် မိတ်ကပ်ထုတ်ကုန်များတွင် ပါဝင်နေသည်ကိုတွေ့ရသောကြောင့် တားမြစ်ချက်များ ပြုလုပ်ရန်အတွက် အမေရိကန်၊ ကနေဒါနှင့် ယူကေတို့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။


The Ocean Cleanup ကုမ္ပဏီသည် သုညဒသမ ၅ စင်တီမီတာမှ ၅ စင်တီမီတာ အရွယ်အစားရှိသော ပလတ်စတစ်ကို မီဆိုပလတ်စတစ်၊ ၅ စင်တီမီတာမှ စင်တီမီတာ ၅၀ အရွယ်အစားကို မက်ခရိုပလတ်စတစ်နှင့် စင်တီမီတာ ၅၀ အရွယ်အစားအထက်ကို မဂ္ဂါပလတ်စတစ်၊ ၅ မီလီမီတာအောက်သေးငယ်သည့်အရွယ်အစားကို မိုက်ခရိုပလတ်စတစ်ဟူ၍ ခွဲခြားထားသည်။ ပလတ်စတစ်ညစ်ညမ်းမှုတွင် အရွယ်အစားအမျိုးမျိုးသော ပလတ်စတစ်များ ပါဝင်ပါသည်။ ပလတ်စတစ်များမှ မီဆိုပလတ်စတစ်နှင့် မိုက်ခရိုပလတ်စတစ်များကဲ့သို့ သေးငယ်သောအပိုင်းများအဖြစ်သို့ ပြိုကွဲသွားတတ်သည်။ ဤဆောင်းပါးတွင် မိုက်ခရိုပလတ်စတစ်အကြောင်းကို အဓိကဖော်ပြသွားမည်ဖြစ်သည်။ မိုက်ခရိုပလတ်စတစ်များ ပြိုကွဲသွားရာတွင် ဖြစ်လာသော ပလတ်စတစ်အမှုန်အမွှားများကို မူလမိုက်ခရိုပလတ်စတစ်နှင့် ဆင့်ပွားမိုက်ခရိုပလတ်စတစ်ဟူ၍ ခွဲခြားထားသည်။

မူလမိုက်ခရိုပလတ်စတစ်များ (Primary Microplastic) သည် လူသုံးကုန်ပစ္စည်းထုတ်ကုန်များကဲ့သို့သော ဆပ်ပြာနှင့် သွားတိုက်ဆေးများတွင် ပါဝင်သည်။ ထို့ပြင် ဓာတုဆိုးဆေးအဝတ်အစားနှင့် တာယာများကဲ့သို့သော ပစ္စည်းများတွင်လည်း မိုက်ခရိုပလတ်စတစ်များပါဝင်သည်။ ထိုဓာတုအဝတ်များသည် လျှော်နေစဉ်အတွင်း မိုက်ခရိုပလတ်စတစ်များကို ထုတ်လွှတ်သည်။ ၅ ကီလိုဂရမ်ရှိ ဆိုးဆေးများတွင် မိုက်ခရိုပလတ်စတစ်အမှုန်ပေါင်း ၆၀၀၀ ခန့်ပါသည်။ ဤရလဒ်သည် အထည်ပေါ်မူတည်ပြီးလည်း ကွဲပြားနိုင်သည်။ ကတ္တရာလမ်းပေါ်တွင် တာယာသုံးယာဉ်များ သွားလာသည့်အခါ ပွတ်တိုက်မှုမှ မိုက်ခရိုပလတ်စတစ်များပါဝင်သော အမှုန်အမွှားများ ထွက်လာတတ်သည်။

ဆင့်ပွားမိုက်ခရိုပလတ်စတစ် (Secondary Microplastic)အများစုသည် ပတ်ဝန်းကျင်တွင် ပြန့်ကျဲနေသည့် ပုလင်းများနှင့် ပလတ်စတစ်အိတ်များကဲ့သို့သော ပိုကြီးသည့် ပလတ်စတစ်အပိုင်းအစများမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ၎င်းတို့သည် ကောင်းစွာမစွန့်ပစ်ခြင်းမှ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး အလင်းရောင်နှင့် အောက်ဆီဂျင်သည် ပလတ်စတစ်ကို မိုက်ခရိုပလတ်စတစ်များအဖြစ်သို့ ပြိုကွဲသွားစေသည်။

သမုဒ္ဒရာများ၊ ပင်လယ်များနှင့် ရေကန်များတွင် နေထိုင်သည့် တိရစ္ဆာန်များသည် မိုက်ခရိုပလတ်စတစ်များကို ရေညှိအထင်ဖြင့် မှားယွင်းစားသုံးခြင်းကြောင့် ရေနေသတ္တဝါများအတွက် အန္တရာယ်ရှိလာသည်။ ထို့ပြင် ကျွန်ုပ်တို့သည် ထိုရေနေသတ္တဝါများကို အစာစက်ဝိုင်းသဘောအရ စားသုံးခြင်းအားဖြင့် မိုက်ခရိုပလတ်စတစ်များသည် လူသားတို့ခန္ဓာကိုယ်ထဲသို့ ရောက်ရှိလာသည်။

နေရာတိုင်းတွင်ပျံ့နှံ့နေသော မိုက်ခရိုပလတ်စတစ်များပါဝင်မှုကို စစ်ဆေးရန် အီတလီနိုင်ငံရှိ Subalpine ရေကန်၊ Gardaရေကန်၊ Maggiore ရေကန်၊ Como ရေကန်၊ Iseo ရေကန်တို့တွင် လေ့လာမှုများ ပြုလုပ်ခဲ့ရာ ရေကန်အားလုံး၌ မိုက်ခရိုပလတ်စတစ်များပါဝင်ကြောင်း တွေ့ရှိခဲ့သည်။ ထို့ပြင် ရေခဲမြစ်များပေါ်တွင်လည်း ပလတ်စတစ်



အပိုင်းအစ သေးသေးလေးများ ပျံ့နှံ့နေကြောင်း သိပ္ပံပညာရှင်များ တွေ့ရှိခဲ့သည်။

**မိုက်ခရိုပလတ်စတစ်များ၏ ကျန်းမာရေးအပေါ် သက်ရောက်မှုများ**

ကျွန်ုပ်တို့၏ မိုက်ခရိုပလတ်စတစ်နှင့် ထိတွေ့မှုသည် ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပေါ်လေ့ရှိသည်။ ထိုသို့ဖြစ်ပေါ်လေ့ရှိသော ထိတွေ့မှုများမှာ -

**အစာအာဟာရ။** လူသားတို့ စားသုံးနေသည့် အာဟာရများထဲတွင်ပါသော အဏ္ဏဝါမျိုးစိတ်များ၏ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းသည် မိုက်ခရိုပလတ်စတစ်များ စားသုံးမိခြင်းကြောင့် ညစ်ညမ်းနေသည်ကို တွေ့ရပါသည်။

**ရှုသွင်းသောလေ။** လူသားတို့နှင့် တိရစ္ဆာန်များ ရှူသွင်းနေသော လေထုထဲမှ လေများသည်လည်း မိုက်ခရိုပလတ်စတစ်အမှုန်အမွှားများကြောင့် ညစ်ညမ်းလျက်ရှိသည်။

**အရေပြားစုပ်ယူမှု။** လူသားတို့ အလှအပအတွက် အသုံးပြုသည့် ခန္ဓာကိုယ်ထိန်းသိမ်းမှုနှင့် မိတ်ကပ်ပစ္စည်းများတွင် မမြင်နိုင်သော မိုက်ခရိုပလတ်စတစ်များ ပါဝင်ပါသည်။ ၎င်းတို့ကို အသုံးပြုလိုက်သည့်အခါ အရေပြားတွင် မိုက်ခရိုပလတ်စတစ်များကို စုပ်ယူခြင်းများဖြစ်လာသည်။ မိုက်ခရိုပလတ်စတစ်၏ လူသားတို့အပေါ်သက်ရောက်သည့်ဆိုးကျိုးများမှာ ပင်ကိုအဆိပ်သင့်မှု၊ ဓာတုပေါင်းစပ်မှုနှင့် စုပ်ယူမှုတို့ဖြစ်သည်။

ဥရောပ၊ ရုရှားနှင့် ဂျပန်နိုင်ငံတို့၌ လူသားများ၏ မစင်များကို သုတေသနပြုလုပ်ခဲ့ရာတွင် လူသားတို့၏ မစင်၌ မိုက်ခရိုပလတ်စတစ်များကို တွေ့ရှိခဲ့သည့်အတွက် လူသားများသည် အမှန်တကယ်ပင် မိုက်ခရိုပလတ်စတစ်များကို စားသုံးမိကြောင်း အတည်ပြုခဲ့ကြသည်။ ထိုသုတေသနမှပင် လူသားများ၏ ကိုယ်ခန္ဓာမှ သေးငယ်သောပလတ်စတစ်အမှုန်အမွှားတချို့ကို မျိုချမိသောအခါ အကုန်လုံးကို မစွန့်ထုတ်ပစ်ဘဲ တချို့ကိုစုပ်ယူပစ်လိုက်သဖြင့် ခန္ဓာကိုယ်ထဲတွင် မိုက်ခရိုပလတ်စတစ်များ ကျန်ရှိနေကြောင်းနှင့် စားသုံးလိုက်မိသော မိုက်ခရိုပလတ်စတစ်များအားလုံးကို စွန့်ထုတ်ပစ်လိုက်နိုင်သလားဆိုသည်ကို နားလည်ရန်အတွက် တိရစ္ဆာန်များဖြင့် ကျယ်ပြန့်သောလေ့လာမှုများကို ထပ်မံပြုလုပ်ခဲ့ကြရာ အသေးငယ်ဆုံးသော မိုက်ခရိုပလတ်စတစ်များသည် အစာအိမ်အူလမ်းကြောင်းအဆီးကိုကျော်ဖြတ်ကာ သွေးကြောထဲသို့ရောက်ရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြသည်။ ထိုမှ ၎င်းပလတ်စတစ်အမှုန်အမွှားများသည် ခန္ဓာကိုယ် အခြားအစိတ်အပိုင်းများဆီသို့ ရောက်သွားနိုင်ကြောင်း ကြွက်များဖြင့်စမ်းသပ်ခဲ့ရာ ကြွက်များ၏အစာအိမ်၊ အူလမ်းကြောင်း၊ ကျောက်ကပ်နှင့် နှလုံးတို့တွင် မိုက်ခရိုပလတ်စတစ်များကို ရှာဖွေတွေ့ရှိခဲ့ရသည့်အပြင် အင်မတန်သေးငယ်လွန်းသော ပလတ်စတစ်အမှုန်အမွှားများကို ကြွက်များ၏သန္ဓေသားများနှင့် ငါး၏ဦးနှောက်တွင်ပင် ရှာဖွေတွေ့ရှိခဲ့သည်။

အထက်ပါ လေ့လာမှုအမျိုးအစားကို အခြေခံ၍ သုတေသီများသည် မိုက်ခရိုပလတ်စတစ်များကို လူသားများ ထိတွေ့မိပါက ဖြစ်လာနိုင်သော သက်ရောက်မှုများကို ဖော်ပြခဲ့ရာ ဓာတ်တိုးဖိစီးမှု၊ DNA ပျက်စီးမှုနှင့် ကြွက်သားရောင်ရမ်းမှုတို့ကို ဖြစ်ပေါ်စေနိုင်ကြောင်း သုတေသီများက တွေ့ရှိခဲ့ကြသည်။ အထူးသဖြင့် ကြွက်သားရောင်ရမ်းမှုသည် နာတာရှည်ဖြစ်လာသောအခါ ၎င်းသည် အလွန်ဆိုးရွားသည့် ကျန်းမာရေးပြဿနာများဆီသို့ ရောက်ရှိစေနိုင်သည်ကို တွေ့ရှိခဲ့ကြသည်။ သို့သော် အန္တရာယ်ရှိနိုင်သည့် ပလတ်စတစ်အမှုန်များသည် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည်သာမက သက်ရှိများအတွက်လည်း ရောဂါဖြစ်စေသဖြင့် ရောဂါပိုးများအသွင်ပင် သတ်မှတ်နိုင်ပါသည်။

လူသားတို့တွင်ဖြစ်ပွားသော ရောဂါပိုးများသည် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများနှင့် ဆက်စပ်မှုရှိကြောင်းလည်း တွေ့ရသည်။ ၂၀၁၆ ခုနှစ်က ထုတ်ဝေခဲ့သည့် သုတေသနပြုချက်အရ လူသားများတွင် ဖြစ်ပွားခဲ့သော ကာလဝမ်းရောဂါသည် မိုက်ခရိုပလတ်စတစ်များနှင့် ဆက်စပ်နေကြောင်း တွေ့ရှိခဲ့သည်။ ထို့ပြင် ပလတ်စတစ်၏ ဇီဝကမ္မဖြစ်စဉ်သည် တော်ရုံဖြင့်မပျက်စီးဘဲ ရေနေပတ်ဝန်းကျင်နှင့် ကုန်းမြေပေါ်တွင် လေတိုက်ခြင်းအားဖြင့်သော်လည်းကောင်း၊ ရေစီးအားဖြင့်သော်လည်းကောင်း အကွာအဝေးအတော်သို့ သွားလာနိုင်သည်။ ထို့ကြောင့် ပလတ်စတစ်အမှိုက်က ရောဂါပိုးမွှားများ ပျံ့နှံ့မှုကို အထောက်အကူဖြစ်စေသည်။ မိလ္လာစနစ်ညံ့ဖျင်းပြီး ပလတ်စတစ်ညစ်ညမ်းမှု မြင့်မားသောနေရာများတွင် ပလတ်စတစ်သည် ရောဂါများ ပြန့်ပွားစေရန် အထောက်အကူဖြစ်စေသည်။

**တစ်နေ့လျှင် စားသုံးမိသော မိုက်ခရိုပလတ်စတစ်ပမာဏများ**

လက်ရှိ ခွဲခြမ်းစိတ်ဖြာနည်းများဖြင့် လေ့လာကြည့်ရာတွင် လူသားတို့၏ အူလမ်းကြောင်း၌ရှိသည့် အစားအစာနမူနာများတွင် အသေးငယ်ဆုံးသော မိုက်ခရိုပလတ်စတစ်များကို သိပ္ပံပညာရှင်များ တွေ့ရှိပြီးနောက် လူသားတို့၏ မိုက်ခရိုပလတ်စတစ်များနှင့် ထိတွေ့မှုအတိုင်းအတာကို နားလည်မှုသည် အကန့်အသတ်ရှိနေဆဲဖြစ်သည်။ ကျွန်ုပ်တို့၏သွေးကြောများနှင့် ခန္ဓာကိုယ်၏ အခြားအစိတ်အပိုင်းများတွင် မိုက်ခရိုပလတ်စတစ်များ ပါဝင်လာနိုင်ခြေကို လေ့လာနေဆဲဖြစ်သဖြင့် သိပ္ပံပညာရှင်များသည် မိုက်ခရိုပလတ်စတစ်၏ အန္တရာယ်ကို တိတိကျကျ မဆုံးဖြတ်နိုင်သေးချေ။

လက်ရှိ လေ့လာတွေ့ရှိထားသည့် အချက်အလက်များအပေါ် အခြေခံ၍ သိပ္ပံပညာရှင်များသည် ၂၀၁၉ ခုနှစ်တွင် ပျမ်းမျှ အမေရိကန်နိုင်ငံသားတစ်ဦး၏ နှစ်စဉ် မိုက်ခရိုပလတ်စတစ်စားသုံးမှုသည် အသက်နှင့် လိင်ပေါ်မူတည်၍ အမှုန်အမွှားများ ၇၄၀၀၀ မှ ၁၂၁၀၀၀ ကြားရှိမည်ဟု တွက်ချက်ဆန်းစစ်နိုင်ခဲ့သော်လည်း ထိုတွက်ချက်မှုသည် စားသုံးသည့် အစားအစာအားလုံးကို အခြေခံ၍ ဆန်းစစ်ထားခြင်းမဟုတ်ဘဲ အစားအစာများ၏ ၁၅ ရာခိုင်နှုန်းကိုသာ လေ့လာမှုပြုလုပ်ထားခြင်းဖြစ်သည်။

ထိုလေ့လာမှုအရ ပလတ်စတစ်အမှုန်အမွှားစားသုံးမှု၏ အမြင့်ဆုံးအရင်းအမြစ်များထဲမှတစ်ခုမှာ ရေသန့်ဘူးများဖြစ်သည်ကို တွေ့ရှိသတ်မှတ်နိုင်ခဲ့သည်။ ရေသန့်ဘူးတစ်ဘူးတွင် ပျမ်းမျှအားဖြင့် တစ်လီတာလျှင် မိုက်ခရိုပလတ်စတစ် ၁၀၀ ခန့်ပါဝင်ပါသည်။ ထို့ပြင် ပလတ်စတစ်လက်ဖက်ရည်အိတ်များမှ မိုက်ခရိုပလတ်စတစ်နှင့် နာနိုပလတ်စတစ်များကို ထုတ်ပေးကြောင်းလည်း တွေ့ရှိခဲ့သည်။ ထိုလေ့လာမှုများမှ လူသားတို့၏ မိုက်ခရိုပလတ်စတစ်ထိတွေ့မှု၊ စားသုံးမိသောပလတ်စတစ်ပမာဏနှင့် ကျွန်ုပ်တို့၏ခန္ဓာကိုယ်တွင် မိုက်ခရိုပလတ်စတစ်မည်မျှကျန်ရှိနေသေးသည်ကို အပြည့်အဝနားလည်ရန် နောက်ထပ်အသေးစိတ်ကျသော သုတေသနများပြုရန်လိုအပ်မည်ဖြစ်သည်။

ပလတ်စတစ်သုံးစွဲမှု လျှော့ချရန်နှင့် နောက်ဆက်တွဲ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေများသည် လူသားတို့ကို တိုက်ရိုက်ထိခိုက်စေနိုင်သည်။ ထို့အတွက် မိုက်ခရိုပလတ်စတစ်လျှော့ချရန်-

- ပလတ်စတစ်ပစ္စည်းများ ဝယ်ယူခြင်းနှင့် အသုံးပြုခြင်းကို ရှောင်ကြဉ်ခြင်း၊
- မှန်ကန်စွာ ပြန်လည်အသုံးပြုခြင်း၊
- တစ်ခါသုံး ပလတ်စတစ် အသုံးပြုမှုကို ဖယ်ရှားခြင်း၊
- အဝတ်လျှော်ရာတွင် မိုက်ခရိုပလတ်စတစ်အမှုန်များ ထုတ်လွှတ်မှုကို လျှော့ချရန် အပူချိန်နိမ့်သောနေရာ၌ လျှော်ခြင်း၊
- ပတ်ဝန်းကျင်တွင် ပြန့်ကျဲနေသော ပလတ်စတစ်ပစ္စည်းများကို စနစ်တကျ စုဆောင်းစွန့်ပစ်ခြင်း၊
- ဓာတုဗေဒသုံးပစ္စည်းများထက် သဘာဝက ထုတ်လုပ်သောပစ္စည်းများကို ရွေးချယ်အသုံးပြုခြင်းတို့ကို ပြုလုပ်ခြင်းဖြင့် မိုက်ခရိုပလတ်စတစ်များကို လျှော့ချသွားနိုင်မည်ဖြစ်ကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

- **Microplastics: Causes, Effects and Solutions**

# တနင်္ဂနွေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက ကစားသမားစုဖွဲ့မှုကောင်းနေတဲ့ စပါး၊ အတ္တလန်တာ၊ ဆီဗီလာအသင်းတို့ကို ရွေးချယ်ရမှာပါ



အခုတစ်ပတ် တနင်္ဂနွေနေ့ညမှာကစားမဲ့ အမှတ်ပေးပွဲစဉ်တွေမှာ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေ ရှိနေသလို ဒါဘီပြိုင်ဘက်တွေလဲ ရှိနေတာကြောင့် ပြိုင်ဆိုင်မှုအားကောင်းတဲ့ ပွဲစဉ်တွေကို အားပေးရအုံးမှာပါ။ ဒီတစ်ပတ်မှာတော့ အသင်းကြီးအများစုဟာ ဥရောပပြိုင်ပွဲတွေရှိနေတာကြောင့် ဒဏ်ရာရကစားသမားနဲ့ ပွဲပန်းမှုကိုတော့ သတိထားရမှာပါ။ ပြီးခဲ့တဲ့တစ်ပတ် တနင်္ဂနွေနေ့မှာတော့ ဥရောပထိပ်သီးအသင်းကြီးတွေ အားလုံးရလဒ်ကောင်းတွေ ပိုင်ဆိုင်ခဲ့ပြီး စီးရီးအေက အတ္တလန်တာတစ်သင်းသာ မထင်မှတ်ဘဲ ရှုံးပွဲကြုံခဲ့ရတာကို တွေ့ရမှာပါ။ လာမဲ့တနင်္ဂနွေနေ့ညမှာလဲ အသင်းကြီးတွေ ရလဒ်ကောင်းဖို့များပေမဲ့ ထိပ်တိုက်တွေ့ဆုံမှုတွေရှိနေတာကြောင့် ကစားသမားစုဖွဲ့မှုအားကောင်းတဲ့အသင်းတွေကိုပဲ ရွေးချယ်ရမှာဖြစ်ပါတယ်။

### စပါးနဲ့လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညမှာ ကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ စပါးအသင်းနဲ့ ချဲလ်ဆီးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံစဉ်က ချဲလ်ဆီးအသင်း အိမ်ကွင်းမှာ စပါးက နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်အောင် ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ စပါးအသင်းဟာ ဒုတိယရာသီဝက်ကာလမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိခဲ့ပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းနှစ်ပွဲမှာတော့ မန်စီးတီးနဲ့ ဝက်စ်ဟမ်းအသင်းတို့ကို အနိုင်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နည်းပြကွန်တီ ဒဏ်ရာခွဲစိတ်မှုကြောင့် အနားယူနေရပေမဲ့ လက်ထောက်နည်းပြစတယ်လီနီ တာဝန်ယူကိုင်တွယ်နေပြီး ရလဒ်ကောင်းခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ အခုရာသီ အမှတ်ပေးပွဲ ၂၄ ပွဲကစားအပြီးမှာ ၁၃ ပွဲနိုင်၊ သုံးပွဲသရေ၊ ရှစ်ပွဲရှုံးနဲ့ ရမှတ် ၄၂ မှတ်နဲ့ အဆင့်(၄) ရောက်ရှိနေပေမဲ့ အဆင့်(၅)က နယူးကာဆယ်နဲ့ ရမှတ်တစ်မှတ်၊ အဆင့်(၆)က ဖူလ်ဟမ်နဲ့ ရမှတ်လေးမှတ်သာ ကွာဟနေတာကြောင့် အခုပွဲစဉ်ကို ရှုံးနိမ့်ခဲ့ရင် အဆင့်ကျဆင်းသွားမှာဖြစ်သလို ဥရောပဝင်ခွင့်အတွက်လဲ ရှုံးကန်ရမှာသေချာပါတယ်။ အခုပွဲစဉ်မှာ စပါးအသင်းက ဂိုးသမားလိုရစ်၊ ဘန်တန်ကာ၊ ဘစ်ဆူးမား၊ ဆက်စက်ဂနွန်တို့ကလွဲရင် ကျန်ကစားသမားအားလုံးပါဝင်နိုင်မှာဖြစ်ပါတယ်။

ချဲလ်ဆီးအသင်းဟာ အခုရာသီမှာ ကစားသမားသစ်အမြောက်အမြားခေါ်ယူခဲ့ပြီး ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀၀ ထိ သုံးစွဲခဲ့ပေမဲ့လဲ ရလဒ်ပိုင်းတိုးတက်လာခြင်းမရှိသေးပါဘူး။ သူတို့အသင်းပိုင်ရှင်တော့ဘိုလီအနေနဲ့ နည်းပြတူချယ်ကို ထုတ်ပယ်ပြီး ဂရာဟမ်ပေါ်တာကို ခန့်အပ်ခဲ့ပေမဲ့ အသင်းကြီးတွေကို တာဝန်ယူကိုင်တွယ်ခဲ့ဖူးခြင်းမရှိတာကြောင့် ကမ္ဘာ့အဆင့်ကစားသမားတွေကို အသုံးချဖို့အတွက် လိုအပ်ချက်ရှိနေတာကို တွေ့ရမှာပါ။ ဒါ့ပြင် ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး ကစားခဲ့တဲ့ ပရီးမီးယားလိဂ်ပွဲစဉ်မှာ ပဲလေ့စ်၊ ဘုန်းမောက်အသင်းတို့ကိုသာ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ပြိုင်ပွဲစုံ ငါးပွဲဆက်မှာလဲ လီဗာပူး၊ ဖူလ်ဟမ်၊ ဝက်စ်ဟမ်းတို့ကို သရေသာကစားနိုင်ခဲ့ပြီး ဒေါ့မွန်၊ ဆောက်သမ်တန်တို့ကို ရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ တိုက်စစ်ပိုင်းမှာ ဂျာအိုဖီးလစ်၊ မက်ဒရိုင်းခ်၊ ကိုင်ဟာဗက်တို့ရှိနေပေမဲ့ ပြီးခဲ့တဲ့ ငါးပွဲမှာ သွင်းဂိုးတစ်ဂိုးသာရရှိခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းခံစစ်ပိုင်းအနေနဲ့ အခုပွဲစဉ်မှာ စပါးအသင်းရဲ့ ဟယ်ရီကိန်း၊ ဆွန်ဟောင်မင်၊ ကူလူဆက်စကီးတို့အတွဲကို ထိန်းချုပ်နိုင်ခဲ့ခြင်းမရှိရင်တော့ ဂိုးပြတ်ရှုံးပွဲကြုံရမှာပါ။ ဒါကြောင့် အိမ်ကွင်းကစားပုံတည်ငြိမ်ပြီး တိုက်စစ်ပိုင်းကောင်းမွန်နေတဲ့ စပါးအသင်းနဲ့ပဲ လက်တွဲရမှာပါ။

**စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပရက်စတန် | ၀ | - | ၃ | စပါး |
| စပါး | ၁ | - | ၀ | မန်စီးတီး |
| လက်စတာ | ၄ | - | ၁ | စပါး |
| အေစီမီလန် | ၁ | - | ၀ | စပါး |
| စပါး | ၂ | - | ၀ | ဝက်စ်ဟမ်း |

**ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၀ | - | ၀ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၀ | - | ၀ | ဖူလ်ဟမ် |
| ဝက်စ်ဟမ်း | ၁ | - | ၁ | ချဲလ်ဆီး |
| ဒေါ့မွန် | ၁ | - | ၀ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၀ | - | ၁ | ဆောက်သမ်တန် |

### အတ္တလန်တာကိုအားပေးရမှာပါ

တနင်္ဂနွေနေ့ ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ အေစီမီလန်နဲ့ အတ္တလန်တာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အေစီမီလန်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ သုံးပွဲနိုင်၊ နှစ်ပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့ပြီး တိုက်စစ်ပိုင်းက ငါးဂိုးသာသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ နည်းပြပိုင်အိုလီဟာ ဒုတိယရာသီဝက်ကာလမှာ ရလဒ်ပိုင်းကျဆင်းခဲ့တာကြောင့် ယခင်အသုံးပြုနေတဲ့ ၄-၂-၃-၁ ကစားကွက်အစား ၃-၄-၂-၁ ကစားကွက်ကို ပြောင်းလဲအသုံးပြုခဲ့တာဖြစ်ပြီး ကစားကွက်ပြောင်းလိုက်ချိန်မှာ တိုရီနိုကို၊ စပါး၊ မွန်ဇာတို့ကို အနိုင်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ သူတို့အသင်းရဲ့ ခံစစ်ကစားပုံ တိုးတက်လာပေမဲ့ တိုက်စစ်မှူးတွေအနေနဲ့ ဂိုးရဖို့ခက်ခဲသွားတာကို သတိပြုရမှာပါ။ လက်ရှိအမှတ်ပေးပွဲ ၂၃ ပွဲအပြီးမှာတော့ ၁၃ ပွဲနိုင်၊ ငါးပွဲသရေ၊ ငါးပွဲနိုင်နဲ့ ရမှတ် ၄၄ မှတ်နဲ့ အဆင့်(၄)မှာရပ်တည်နေပေမဲ့ အဆင့်(၅)၊ (၆)က လာဇီယို၊ အတ္တလန်တာတို့နဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းတာကို တွေ့ရမှာပါ။ အခုပြိုင်ပွဲမှာ လီအိုက သွင်းဂိုးရှစ်ဂိုးထိ သွင်းယူထားပေမဲ့ နောက်ဆုံးခြောက်ပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိပါဘူး။ ဒါ့ပြင် အေစီမီလန်ဟာ အတ္တလန်တာကို ဧည့်ခံကစားရတဲ့ နောက်ဆုံးငါးပွဲဆက်မှာလဲ တစ်ပွဲသာအနိုင်ရခဲ့တာကြောင့် အခုပွဲစဉ်မှာလဲ ရုန်းကန်ရဖို့များပါတယ်။

အတ္တလန်တာအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ လက်ချီကို မထင်မှတ်ဘဲ ရှုံးနိမ့်ခဲ့တာကြောင့် အခုပွဲစဉ်မှာ ရမှတ်မဆုံးရှုံးဖို့ အာရုံစိုက်ကစားလာမှာသေချာပါတယ်။ သူတို့အသင်းဟာ အခုရာသီအမှတ်ပေးပွဲ ၂၃ ပွဲအပြီးမှာ ရမှတ် ၄၁ မှတ်နဲ့ အဆင့်(၆)ရောက်ရှိနေပြီး အဝေးကွင်း ၁၂ ပွဲကစားအပြီးမှာတော့ ခုနစ်ပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ရရှိခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် အမှတ်ပေးပြိုင်ပွဲအဝေးကွင်းအကောင်းဆုံးအသင်းတွေထဲမှာ နာပိုလီအသင်းပြီးရင် ဒုတိယမြောက်အသင်းအဖြစ်ရပ်တည်နေတာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းပွဲစဉ်မှာလဲ လာဇီယိုကို နှစ်ဂိုးပြတ်နဲ့အနိုင်ယူခဲ့ပြီး တိုက်စစ်မှူး ဟိုဂျ်လန်းနဲ့ ခံစစ်ကစားသမား ဇာပါကော်စတာတို့က အနိုင်ဂိုးတွေသွင်းယူခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ဇာပါတာ ဒဏ်ရာရနေတာကြောင့် ဇန်နဝါရီအပြောင်းအရွှေ့မှာ တိုက်စစ်မှူး ဟိုဂျ်လန်းကို ဩစတြီးယားကလပ် စတမ်းဂရေ့စ်အသင်းက ဝယ်ယူခဲ့ပြီးနောက်ပိုင်း တိုက်စစ်ပိုင်း ကောင်းမွန်လာတာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ အတ္တလန်တာဟာ ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာနိုင်ပေမဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲရှိနေတဲ့ အေစီမီလန်အနေနဲ့ လူချန်ကစားနိုင်တာကြောင့် အဝေးကွင်းကစားအားကောင်းနေတဲ့ အတ္တလန်တာကိုပဲ အားပေးရမှာပါ။

**အေစီမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေစီမီလန် | ၂ | - | ၅ | ဆက်ဆူအိုလို |
| အင်တာမီလန် | ၁ | - | ၀ | အေစီမီလန် |
| အေစီမီလန် | ၁ | - | ၀ | တိုရီနို |
| အေစီမီလန် | ၁ | - | ၀ | စပါး |
| မွန်ဇာ | ၀ | - | ၁ | အေစီမီလန် |

**အတ္တလန်တာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အတ္တလန်တာ | ၂ | - | ၀ | ဆမ့်ဒိုးရီးယား |
| အင်တာမီလန် | ၁ | - | ၀ | အတ္တလန်တာ |
| ဆက်ဆူအိုလို | ၁ | - | ၀ | အတ္တလန်တာ |
| လာဇီယို | ၀ | - | ၂ | အတ္တလန်တာ |
| အတ္တလန်တာ | ၁ | - | ၂ | လက်ချီ |

### ဆီဗီလာရလဒ်ကောင်းမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဆီဗီလာနဲ့ အိုဆာဆူနာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ နည်းပြဆမ်ပါအိုလီ တာဝန်ယူပြီးနောက်ပိုင်း အိမ်ကွင်းကစားပုံကောင်းလာတဲ့ ဆီဗီလာဟာ နောက်ဆုံးအိမ်ကွင်းငါးပွဲဆက် ရှုံးပွဲမရှိခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာလဲ နယ်သာလန်ထိပ်သီးကလပ် ပီအက်ဗ်ွီကို ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ဖိအားပေးနိုင်ခဲ့ပြီး သုံးဂိုးပြတ်အနိုင်ရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းနည်းပြကတော့ ၅-၄-၁ ကစားကွက်ကိုသာအသုံးပြုလေ့ရှိပြီး ပြိုင်ပွဲတိုင်းကို ခံစစ်အသားပေးချဉ်းကပ်တတ်တယ်ဆိုပေမဲ့ တိုက်စစ်မှူး အန်ညက်ဆီရီရဲ့ ခြေစွမ်းပြသနိုင်မှုတွေကြောင့် အဖိုးတန်နိုင်ပွဲတွေ ရရှိနေတာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာ ဒဏ်ရာရကစားသမားငါးယောက်ထိရှိပေမဲ့ အဓိကကစားသမားတွေအားလုံး ပါဝင်နိုင်မှာဖြစ်လို့ ဆီဗီလာအသင်း ကစားအားကျဆင်းသွားမှာ မဟုတ်ပါဘူး။

နည်းပြအာရာဆာတီရဲ့ အိုဆာဆူနာအသင်းဟာ အမှတ်ပေးပြိုင်ပွဲ ၂၂ ပွဲအပြီးမှာ ရှစ်ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ရှစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၃၀ ထိရရှိထားပြီး အဆင့်(၁၀)မှာရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ဆီဗီလာနဲ့တွေ့ဆုံခဲ့တဲ့ စပိန်ကိုပါဒယ်ရေးဖလားပွဲစဉ်မှာတော့ အချိန်ပိုသွင်းဂိုး နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့ပေမဲ့ ဆီဗီလာအသင်းအိမ်ကွင်းမှာ ခုနစ်ကြိမ်ကစားခဲ့ရာမှာတော့ ခုနစ်ပွဲစလုံးရှုံးနိမ့်ခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းအနေနဲ့ အဝေးကွင်းပွဲစဉ်တွေမှာ ပြိုင်ဘက်ရဲ့ ကစားပုံကိုလိုက်ပြီး ကစားကွက်ပိုင်း အပြောင်းအလဲလုပ်ခဲ့ပေမဲ့ ခံစစ်အသားပေးကစားနေတာကြောင့် ရလဒ်ပိုင်းကျဆင်းခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာလဲ အိမ်ကွင်းကစားပုံ အကောင်းဆုံးဖြစ်နေတဲ့ ဆီဗီလာကို ခံစစ်အသားပေးကစားမယ်ဆိုရင်တော့ ဆီဗီလာရဲ့ထိန်းချုပ်မှုအောက်မှာ ရမှတ်တစ်မှတ်ရဖို့တောင် ရုန်းကန်ရနိုင်ပါတယ်။ လက်ရှိနည်းပြနှစ်ယောက်ရဲ့ ကစားသမားအသုံးပြုပုံနဲ့ နည်းစနစ်ပိုင်းမှာလဲ ဆီဗီလာကအသာရနေသလို ကစားသမားစုဖွဲ့မှုမှာလဲ ဆီဗီလာကသာလွန်နေတာကြောင့် အိမ်ရှင်ဆီဗီလာပဲရလဒ်ကောင်းမှာပါ။

**ဆီဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆီဗီလာ | ၃ | - | ၀ | အယ်ချီ |
| ဘာစီလိုနာ | ၃ | - | ၀ | ဆီဗီလာ |
| ဆီဗီလာ | ၂ | - | ၀ | မာယော့ကာ |
| ဆီဗီလာ | ၃ | - | ၀ | ပီအက်ဗ်ွီ |
| ဗယ်လ်ကာနို | ၁ | - | ၁ | ဆီဗီလာ |

**အိုဆာဆူနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အိုဆာဆူနာ | ၂ | - | ၁ | ဆီဗီလာ |
| အိုဆာဆူနာ | ၀ | - | ၁ | အေတီကို |
| အက်စ်ပန်ညို | ၁ | - | ၁ | အိုဆာဆူနာ |
| ဗယ်လာဒိုးလစ် | ၀ | - | ၀ | အိုဆာဆူနာ |
| အိုဆာဆူနာ | ၀ | - | ၂ | ရီးရဲလ်မက်ဒရစ် |

## ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၂၈-၁-၂၀၂၃ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၂၆-၂-၂၀၂၃ ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်း၊ ၀၃၆-၃၀၃၃၁ နှင့် ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်**

ရေတ်သီး၊ ရေတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

## ပလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဇန်နဝါရီလထိ အသေးစားစက်မှုလက်မှုလုပ်ငန်း ၁၈၇၄ ခုကို မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဇန်နဝါရီလထိ အသေးစားစက်မှုလက်မှုလုပ်ငန်း ၁၈၇၄ ခုကို မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ကြောင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနသည် အသေးစားစက်မှုလက်မှုလုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျမှတ်ပုံတင်စေ၍ ထုတ်ကုန်များကို အရည်အသွေးကောင်းမွန်မှန်ကန်မှုရှိစေရေး ကူညီပေးရန်၊ အသေးစား စက်မှုလက်မှုလုပ်ငန်းများ ထူထောင်နိုင်ရန်၊ လိုအပ်သော အသက်မွေးဝမ်းကျောင်း အတတ်ပညာများ သင်ကြားပို့ချရေးကို ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းအသီးသီးနှင့်ပေါင်းစပ်၍ ကူညီပံ့ပိုးဆောင်ရွက်ပေးရန် စသည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတစ်ဝန်းတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သက်ဆိုင်ရာဥပဒေများ ပေါ်ထွန်းလာစေပြီး အသေးစား စက်မှုလက်မှုလုပ်ငန်း မြှင့်တင်ရေးကို အားပေးကူညီပေးရန်၊ အသေးစား စက်မှုလက်မှုလုပ်ငန်းများကို မှတ်ပုံတင် ခွင့်ပြုပေးနိုင်ရေးကို ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်ပေးရန်၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ထုတ်ကုန်များ အရည်အသွေးပြည့်မီရေးနှင့် ဒေသဥပဒ်ကင်းစင်ရေးအတွက် သုတေသနဓာတ်ခွဲခန်းများ တည်ထောင်စမ်းသပ်ပေးရန် စသည့်အသေးစားစက်မှုလက်မှု လုပ်ငန်းဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလကုန်ထိ အသေးစား စက်မှုလုပ်ငန်းပေါင်း ၁၈၇၄ ခုကို မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အသေးစား စက်မှုလက်မှု လုပ်ငန်းများကို မှတ်ပုံတင်ဆောင်ရွက်ပေးရာတွင် ဧပြီလတွင်လုပ်ငန်း ၉၆ ခု၊ မေလတွင် လုပ်ငန်း ၇၃ ခု၊ ဇွန်လတွင် လုပ်ငန်း ၂၂၈ ခု၊ ဇူလိုင်လတွင် လုပ်ငန်း ၁၃၈ ခု၊ ဩဂုတ်လတွင် လုပ်ငန်း ၂၅၉ ခု၊ စက်တင်ဘာလတွင် လုပ်ငန်း ၁၈၁ ခု၊ အောက်တိုဘာလတွင် လုပ်ငန်း ၂၃၇ ခု၊ နိုဝင်ဘာလတွင် လုပ်ငန်း ၂၃၂ ခု၊ ဒီဇင်ဘာလတွင် လုပ်ငန်း ၂၅၉ ခု၊ ၂၀၂၃ နှစ် ဇန်နဝါရီလတွင် လုပ်ငန်း ၁၇၁ ခု စုစုပေါင်းအသေးစားပုဂ္ဂလိကစက်မှုလုပ်ငန်း ၁၈၇၄ ခုကို မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ သိရသည်။ SKL

## ကြာအင်းဆိပ်ကြီးမြို့နယ် ပေဒါရီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြာအင်းဆိပ်ကြီး ဖေဖော်ဝါရီ ၂၄**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေဒါရီကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေစတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်း၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ပေဒါရီကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၀ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပေဒါရီကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့က ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၀ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့သည်။

ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျေးရွာ ၃၁ ရွာတွင် အဆိုပါစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အေးသူ**








## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဆည်တော်ကျေးရွာအုပ်စုနေ ကျွန်တော် ဦးလှမြင့် (၉/ပသက(နိုင်)၀၂၆၀၉၄)မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ပုသိမ်ကြီးမြို့နယ်၊ ဆည်တော်ကျေးရွာအုပ်စု၊ ဆည်တော်လေးကျေးရွာ ကွင်းအမှတ် (၅၆၀)ဆည်တော်၊ ဦးပိုင်အမှတ် (၁၅/၁)၊ ဧရိယာ (၁၉. ၂၅)ဧက သည် ဒေါ်မြင့်မြင့်ဦး အမည်ပေါက်ပိုင်ဆိုင်သော လယ်ယာမြေဖြစ်ပါသည်။ ယခုအခါ ဒေါ်မြင့်မြင့်ဦး သည် ကွယ်လွန်ခဲ့ပြီးဖြစ်ပါသဖြင့် ကျွန်တော် ဦးလှမြင့် (၉/ပသက(နိုင်)၀၂၆၀၉၄)မှ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရရှိပါ၍ အထက်ပါမြေကွက်အား အမည်ပေါက်ပြောင်းလဲမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှမြင့်(၉/ပသက(နိုင်)၀၂၆၀၉၄)**
**ဆည်တော်လေးကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်**
၀၉-၈၇၃၄၇၁၅၇၃

## ကြော်ငြာစာ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ကောက်ခံလျက်ရှိသော အခွန်အခများကို ရတနာပုံဘဏ်လီမိတက်၏ MSP (Mandalay Smart Pay) ဖြင့် ပေးဆောင်နိုင်ပါသည်။

၂။ MSP (Mandalay Smart Pay) App ထည့်သွင်းနိုင်ရေးအတွက် ကိုယ်စားလှယ်များနှင့် အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၃။ အခွန်ငွေပြည့်ပြည့်ဝဝကောက်ခံရရှိရေးအတွက် ဝိုင်းဝန်းပူးပေါင်းကူညီပါဝင်ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့နေ မမြင့်မြင့်ဦး (ဘ) ဦးထွန်းဝင်း (၉/မကန(နိုင်)၀၅၇၂၁၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၂၅၆၁၁၅၂၄၃

### ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့နေ ထွန်းကျော် (ဘ) ဦးကျော်အေး (၉/ပဥလ(နိုင်)၀၅၀၃၃၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၂၅၆၁၁၅၂၄၃

### ပျောက်ဆုံးကြောင်း

ကျောက်ဆည်မြို့နယ်နေ သိန်းထွေးအောင် (ဘ) ဦးလှဝင်း (၉/ပသန(နိုင်)၁၇၇၅၆၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၂၅၆၁၁၅၂၄၃

## ပြင်ဦးလွင် မြေကွက်ကျယ် အမြန်ရောင်းမည်

* ပြင်ဦးလွင်၊ အောင်ချမ်းသာရွာလယ်ဗဟိုချက်မ၊ ၅လမ်းနှင့် ၆လမ်းကြား။ ရွာလယ်မှော်ရုံတောင်ဖက်၊ မန္တလေး-လားရှိုးလမ်းမကြီးမှ ဆယ်စက္ကန့်မျှသာဝင်ရ၊ မျက်နှာစာ နှစ်ဖက်ပွင့်၊ သံပန်းသံတံခါးဖြင့် အဆင့်မြင့် အုတ်တံတိုင်းကာရံပြီး၊ ရေမီးအစုံ၊ ရွှာမြေစစ်စစ်။
* ပေ(၁၀၀×၁၀၀) ပတ်လည်၊ အမြန်ရောင်းမည်။ ဦးရာလူရမည်။
* ဖုန်းနံပါတ် ၀၉-၅၀၀၀၆၇၃၊ ၀၉-၅၀၁၅၆၄၇၊ ၀၉-၅၁၅၀၅၇၆ သို့ ဆက်သွယ်လိုက်ပါ။

### ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ Myanmar Shwe Thapyay Co.,Ltd ၏ ED နံပါတ် ၂၀၁၀၈၂, ၂၀၁၀၈၁, ၂၀၉၂၄၇, ၂၀၉၆၂၀, ၂၀၉၇၅၀, ၂၁၀၀၆၁, ၂၁၀၅၀၉, ၂၁၀၈၉၃, ၂၁၉၄၆၉, ၂၂၀၁၁၉ တို့၏ မူရင်းများမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**အောင်သန်းဦး(၉/အမစ(နိုင်)၀၁၆၃၇၂)**
**ဖုန်း ၀၉၉၆၆၄၀၉၀၉၁**

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## "အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ နိုင်ငံတစ်ခုသည် စီးပွားရေးမောင်းနှင်အား၊ နိုင်ငံရေးအားနှင့် ကာကွယ်ရေးစွမ်းအားကောင်းရန်လို...

❖ စီးပွားရေးမောင်းနှင်အား ကောင်းမွန်ပါက နိုင်ငံရေးနှင့် ကာကွယ်ရေးစွမ်းအားများသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး အင်အားကောင်းသည့် နိုင်ငံတစ်ခုဖြစ်လာမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ကျင်းပပြုလုပ်သည့် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များကို ဒေသတွင်းစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုများမှ ကောက်နုတ်ချက်)**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ် ကောလိပ်ပေါင်းစုံဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များ ဆက်လက်ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံဘောလုံးပြိုင်ပွဲ အုပ်စု(ခ)၏ နောက်ဆုံးပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းရှိ သတ်မှတ်ထားသည့် လေ့ကျင့်ရေးကွင်းများ၌ ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။

အုပ်စု(ခ)၏ နောက်ဆုံးပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြရာ မော်လမြိုင်ဇုန်အသင်းက မန္တလေးဇုန်အသင်းကို နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိပြီး တောင်ကြီးဇုန်အသင်းနှင့် မကွေးဇုန်အသင်းတို့သည်

စာမျက်နှာ ၁၇ ကော်လံ ၁ ☆

# အနော်ရထာတံတား(ချောက်) ရေလမ်းပြောင်းလဲမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

အနော်ရထာတံတား(ချောက်) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့် (၄)ကြားမှ သတ်မှတ်ပေးထားသည်။ ယခုအခါ တံတားမြစ်ကြမ်းပြင်မြစ်ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ပြီးဖြစ်ပါသဖြင့် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၅)နှင့် (၆)ကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့် (၅)ကြားမှလည်းကောင်း ၂၀၂၃ ခုနှစ် မတ် ၁ ရက်တွင် ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့်ရေလမ်းကြောင်း၏ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားပါမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်ဖြစ်သည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့်ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနိူးဆော်ချက်သတင်းထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာယူ-၂၀ အမျိုးသမီးအသင်း အာရှယူ-၂၀ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲပထမအဆင့် အဖွင့်ပွဲစဉ်တွင် ကမ္ဘောဒီးယားအသင်းနှင့် ကစားရမည်

စာမျက်နှာ - ၉




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563